# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၄)
အမှတ် (၈၈)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ ၂၇ ရက်၊ စနေနေ့။


## မေတ္တာသည် အတ္တမဟုတ်

မေတ္တာသည် စိတ်ရှည်တတ်၏။
မေတ္တာသည် ကျေးဇူးပြုတတ်၏။
မေတ္တာသည် ဂုဏ်ပြိုင်တတ်ခြင်းမရှိ။
မေတ္တာသည် ဝါကြွားတတ်ခြင်းမရှိ။
မေတ္တာသည် မာန်မာနထားခြင်းမရှိ။
မေတ္တာသည် မလျော်သော အကျင့်ကို မကျင့်။
မေတ္တာသည် ကိုယ်ကျိုးမရှာတတ်။

# သယံဇာတများနှင့် လူ့စွမ်းအားအရင်းအမြစ်များအသုံးချ၍ အဆင်းရဲဆုံးစာရင်းမှလွတ်မြောက်ရန် ကြိုးပမ်း

**စစ်တွေ ဒီဇင်ဘာ ၂၆**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် သံတွဲမြို့မှ အထူးလေယာဉ်ဖြင့် ယနေ့နံနက်ပိုင်းတွင် ထွက်ခွာခဲ့ရာ စစ်တွေမြို့သို့ရောက်ရှိပြီး ထိုမှတစ်ဆင့် ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ ကျောက်တော်မြို့သို့ ရောက်ရှိသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် ရွှေသင်္ကန်းများ ကပ်လှူပူဇော်ပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်ကြီး၏ အရှေ့ဘက်အာရုံခံတန်ဆောင်းအတွင်း၌ ကျောက်တော်မြို့မှ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ တစ်မြို့နယ်ချင်း ဖွံ့ဖြိုးတိုးတက်မှ ဒေသဖွံ့ဖြိုးတိုးတက်မည် ဖြစ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်မှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည် ဖြစ်ပါကြောင်း၊ သဘာဝအခြေခံကောင်းများရှိသည့်အတွက် ဒေသဝမ်းစာဖူလုံရုံဖြင့် ကျေနပ်မနေဘဲ ပိုလျှံအောင်စိုက်ပျိုးမွေးမြူပြီး ပြည်ပသို့တင်ပို့နိုင်ရန် ကြိုးပမ်းသွားရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသနေပြည်သူများ လူမှုစီးပွား

*စာမျက်နှာ ၈ ကော်လံ ၁* ◆



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကျောက်တော်မြို့သို့ရောက်ရှိရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

“ရခိုင်ပြည်နယ်သည် သဘာဝသယံဇာတများကြွယ်ဝပြီး ရှည်လျားသည့်ကမ်းရိုးတန်းကိုလည်း ပိုင်ဆိုင်ထားသည့်အတွက် ဒေသဖွံ့ဖြိုးတိုးတက်ရန် ပင်လယ်ပြင်ကြီးကို အသုံးချရမည်”

# ၂၀၁၃ ခုနှစ် အကယ်ဒမီဆုပေးပွဲကြီး ယနေ့ ကျင်းပမည်

သတင်း
မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ-မင်းထက်



အကယ်ဒမီ လူမင်း

**ရန်ကုန် ဒီဇင်ဘာ ၂၆**

မြန်မာ့ရုပ်ရှင်လောက၏ သက်တမ်းတစ်လျှောက်တွင် ယခင် ယခင်နှစ်များနှင့်မတူ တစ်မူထူးခြားမည့် ၂၀၁၃ ခုနှစ်၏ မြန်မာ့ရုပ်ရှင် အကယ်ဒမီဆုပေးပွဲကြီးကို ရန်ကုန်မြို့စမ်းချောင်းမြို့နယ် Myanmar Event Park ၌ ယနေ့ညနေ ၄နာရီတွင် စည်ကားသိုက်မြိုက်စွာကျင်းပတော့မည်ဖြစ်သည်။

ဒီဇင်ဘာ ၂၇ ရက် (ယနေ့) ကျင်းပမည့် ၂၀၁၃ခုနှစ် မြန်မာ့ ရုပ်ရှင်အကယ်ဒမီဆုပေးပွဲကြီးသည် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ပထမဆုံး ဦးစီးဦးဆောင်ပြုသည့် ပွဲကြီးလည်းဖြစ်သည်။ ထူးခြားမှုတစ်ရပ်မှာ မြန်မာ့ရုပ်ရှင်အနုပညာချစ်ပြည်သူများကို တိုက်ရိုက် လာရောက်ကြည့်ရှုခွင့်ပေးမည်မဟုတ်ဘဲ မြန်မာ့ရုပ်ရှင်လောကသားတစ်ခုလုံးနှင့် မိသားစုဝင်များကိုသာ ကြည့်ရှုခွင့်ပေးထားပြီး မြန်မာ့ရုပ်ရှင်ချစ်ပြည်သူများအနေဖြင့် ပြည်တွင်းရုပ်သံလိုင်းများဖြစ်သည့် မြန်မာ့အသံ၊ မြဝတီ၊ Sky Net၊ Channel 7၊ MRTV-4 တို့ မှ တိုက်ရိုက်ထုတ်လွှင့် ပြသမှုများကိုသာ ကြည့်ရှုကြရမည်ဖြစ်သည်။

*စာမျက်နှာ ၁၁ ကော်လံ ၁* ■



ဆုဝတီ

## ယနေ့ မာတိကာ


အီရန်တပ်မတော်၏ စစ်ရေးလေ့ကျင့်မှု ဒုတိယအဆင့်သို့ရောက်ရှိ
စာမျက်နှာ » ၄

မောင်တောမြို့နယ် ကျီးကန်းပြင်ကျေးရွာအနီး မီးလောင်မှုဖြစ်ပွား
စာမျက်နှာ » ၅

ဆက်တိုက်နွဲကြမယ့် ချန်ပီယံရှစ်ပွဲစဉ် (၂၄)
စာမျက်နှာ » ၁၃





## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ထူးချွန်ပြောင်မြောက်သူများအတွက် စွမ်းဆောင်ရည်ဆု

နိုင်ငံတော်အတွင်း လူမှုရေးဘက်တွင်ဖြစ်စေ၊ စီးပွားရေးဘက်တွင်ဖြစ်စေ၊ အခြားသောပညာရပ်ဘက်တွင်ဖြစ်စေ ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်နေသူများကို နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်သွားရန် ဆုစိစစ်ရွေးချယ်ရေးကော်မတီက စီစဉ်လျက်ရှိပါသည်။ ဤသို့ ဆုချီးမြှင့်ခြင်းသည် တတိယအကြိမ်မြောက်ဖြစ်ပြီး ၂၀၁၅ ခုနှစ် မေလအတွင်း ကျင်းပပြုလုပ်သွားရန် စီစဉ်လျက်ရှိပါသည်။

ယခုနှစ် တတိယ အကြိမ်မြောက် ကျင်းပပြုလုပ်မည့် အခမ်းအနားတွင် ထူးခြားမှုများရှိနေပါသည်။ ယင်းတို့မှာကား မြို့ပြ၊ ကျေးရွာအဆင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးနှင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ဆုများကို ယခင်နှစ်များက ဆုခုနစ်မျိုးလျာထားသတ်မှတ်ချီးမြှင့်ခဲ့ရာ ယခုနှစ်တွင်မူ ဆုအမျိုးအစားအလိုက် နှစ်ဆုကို ပိုမိုတိုးမြှင့်ပေးအပ်ချီးမြှင့်သွားမည် ဖြစ်ကြောင်းသိရပါသည်။ ၄င်းဆုများမှာ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့၏ အကောင်းဆုံးစွမ်းဆောင်ဆုနှင့်မြို့နယ်စည်ပင်သာယာရေး ကော်မတီ အကောင်းဆုံးစွမ်းဆောင်ဆုတို့ပင်ဖြစ်ပါသည်။

လူမှုရေးဆိုင်ရာအတွက် ပေးအပ်ချီးမြှင့်မည့် ဆုအမျိုးအစားလေးမျိုးရှိရာ နိုင်ငံတော်နှင့် ပြည်သူများဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်းဆုံးဆောင်ရွက်မှုများကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ် သော်လည်း စီးပွားရေးဆိုင်ရာ ဆုချီးမြှင့်မှုတွင် ယခင်နှစ်အတိုင်းသာ ဆုနှစ်မျိုးချီးမြှင့်သွားမည်ဖြစ်ပါသည်။ ပညာရပ်ဆိုင်ရာ တီထွင်မှုဆုတွင် စာတမ်း သက်သက်မဟုတ်ဘဲ လက်တွေ့ကျကျနှင့် လုပ်ငန်းခွင်တွင် ကျယ်ကျယ်ပြန့်ပြန့်ဖြင့် ပြည်သူလူထုအတွက် အကျိုးပြုမည့် ပညာရပ်ဆိုင်ရာ တီထွင်မှုများကို ချီးမြှင့်မည်ဖြစ်ပါသည်။ ယမန်နှစ်များက ပထမ ဆုရခဲ့ဖူးသူများကို နောက်တစ်နှစ်တွင် ထပ်မံချီးမြှင့်မည်မဟုတ်သော်လည်း ယမန်နှစ်စံချိန်ကိုချိုးပြီး ပိုမိုစွမ်းဆောင်နိုင်မည်ဆိုပါက အထူးဂုဏ်ထူးဆောင်ဆုများဖြင့် ထည့်သွင်းချီးမြှင့်သွားရန်လည်း စီစဉ်လျက်ရှိပါသည်။

သို့ပါ၍ နိုင်ငံတော်သမ္မတက ထူးချွန်ပြောင်မြောက်စွာ စွမ်းဆောင်နိုင်သူများကို နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ခြင်းသည် နိုင်ငံတစ်ဝန်းထူးချွန်သူများ ပေါ်ပေါက်လာစေပြီး နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးအတွက် လူမှုရေးနှင့်စီးပွားရေးတွင် ကျေးလက်နှင့် မြို့ပြများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် မောင်းနှင်စွမ်းအားကို မြှင့်တင်ပေးလိုက်ခြင်းပင်ဖြစ်ပါသည်။ တစ်ဖက်တွင်လည်း ဆုများရွေးချယ်ရာ၌ နိုင်ငံတော်နှင့် နိုင်ငံသား များအတွက် အမှန်တကယ် စွမ်းဆောင်နိုင်သူများသာ ဖြစ်စေရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတစ်ဝန်းအမျိုးသားရေးစိတ်ဓာတ်နှင့်ယှဉ်သော ထူးချွန်ပြောင်မြောက်စွာ စွမ်းဆောင်နိုင်သူများ အများအပြားပေါ်ထွန်းလာပါက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလာနိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့် လူတိုင်းလူတိုင်းမိမိတို့ လုပ်ငန်းနယ်ပယ်အသီးသီးတွင် ထူးချွန်သူဖြစ်အောင် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်ပါကြောင်း။ ။

## ပြည်တွင်းသတင်း



(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ဦးတည်ချက်

- [illegible]
- [illegible]
- [illegible]
- [illegible]

# လွှတ်တော်ဆောင်ရွက်ချက်များ မံစီမြို့၌ ရှင်းလင်း

**မံစီ ဒီဇင်ဘာ ၂၆**

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီဥက္ကဋ္ဌ၊ မြစ်ကြီးနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော် ဦးဆောင်၍ ပြည်သူလူထုအား လွှတ်တော်ဆောင်ရွက်ချက်များ ရှင်းလင်းပွဲကို ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီ ၁၀ မိနစ်က ကချင်ပြည်နယ် မံစီမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ကချင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျို၊ ပြည်နယ်ဝန်ကြီး ဒေါက်တာ ခင်မောင်ထွန်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်များ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိ မြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝ မြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီဥက္ကဋ္ဌ၊ မြစ်ကြီးနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်က(၁၁)ကြိမ်တိုင် ကျင်းပခဲ့သော ပြည်ထောင်စုလွှတ်တော်၏ ဆောင်ရွက်ချက်များနှင့် ပြည်တွင်းငြိမ်းချမ်းရေး ရရှိရေးဆွေးနွေး ဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး မံစီမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းက ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုများနှင့် လိုအပ်ချက်များကို တင်ပြဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသူများ၏ ငြိမ်းချမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မေးမြန်းတင်ပြခဲ့ကြရာ မြစ်ကြီးနားမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းဇော်က ရှင်းလင်းဖြေကြား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**



လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့တို့ ပူးပေါင်းပြီး ခရိုင်လျှပ်စစ်အင်ဂျင်နီယာက ဦးဆောင်၍ အရှေ့ပိုင်းခရိုင်လက်အောက်ရှိ မြို့နယ် ၁၀ မြို့နယ်မှ လိုင်းဝန်ထမ်းအင်အား ၁၀၀ဖြင့် သာကေတ၊ ဒဂုံတောင် ၃၃ ကေဗွီ ဓာတ်အား လိုင်းသွယ်တန်းထားသော နှစ်ဆင့်ကြွေသီးအရေအတွက် ၂၁၀ အား သုံးဆင့်ကြွေသီးအသစ်များဖြင့် လဲလှယ်ခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၂၁ ရက်က ဆောင်ရွက်စဉ်။

ကိုမျိုး(ရွှေပေါက်ကံ)












ပြည်တွင်းသတင်း

# ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကြီးဖြစ်ပေါ်လာရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

ရွှေဘို ဒီဇင်ဘာ ၂၆

**စစ်ကိုင်းတိုင်းဒေသကြီး ကလေး ခရိုင်၊ ကသာခရိုင်၊ ခန္တီးခရိုင်၊ စစ်ကိုင်း ခရိုင်၊ မော်လိုက်ခရိုင်၊ မုံရွာခရိုင်၊ ယင်းမာပင်ခရိုင်နှင့် ရွှေဘိုခရိုင်တို့အတွင်းရှိ မြို့နယ်များမှ တောင်သူလယ်သမားကြီးများ စုစုပေါင်း ၅၀၀၀ ကျော် တက်ရောက်ကြသည့် တောင်သူလယ်သမားရေးရာ လူထုတွေ့ဆုံပွဲ အခမ်း အနားကို ယနေ့နံနက် ၈ နာရီ ခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ မြင်းပြိုင်ကွင်း၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့ လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း တက်ရောက်အမှာစကားပြောကြားသည်။** (ယာပုံ)





အခမ်းအနားတွင် သဘာပတိ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့် အောင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စု လွှတ်တော်နာယက ပြည်သူ့လွှတ် တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းကိုယ်စား ပြည်သူ့လွှတ်တော်အားကစား၊ ယဉ် ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုး တိုးတက်မှုကော်မတီဥက္ကဋ္ဌ သူရ ဦးအေးမြင့်က နှုတ်ခွန်းဆက် အမှာ စကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက အမှာ စကားပြောကြားသည်။

ဆက်လက်၍ တောင်သူလယ် သမား ကိုယ်စားလှယ်များက အဆို များကို ဖတ်ကြားတင်သွင်း ထောက် ခံဆွေးနွေးကြသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသ ကြီးအတွင်းရှိ ခရိုင် ရှစ်ခရိုင်မှ တောင်သူလယ်သမား ကိုယ်စားလှယ် များက မေးခွန်းများ မေးမြန်းတင်ပြ ကြရာ တိုင်းဒေသကြီး အစိုးရအဖွဲ့ ကိုယ်စား စိုက်ပျိုးရေးနှင့်မွေးမြူရေး ဝန်ကြီး ဦးစောမြင့်ဦးက ပြန်လည် ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ပြည်ထောင်စု လွှတ်တော်နာယက ပြည်သူ့လွှတ် တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက သုံးသပ် ဖြည့်စွက်ပြောကြားရာတွင် ယနေ့ ရွှေဘိုမြို့၌ ကျင်းပသည့် တောင်သူ လယ်သမားရေးရာ လူထုတွေ့ဆုံပွဲ တွင်ဆွေးနွေးသည့် အဆိုနှင့်မေးခွန်း များသည် အပြုသဘောဆောင်ပြီး ပွင့်လင်းမြင်သာစွာတင်ပြခဲ့ပြီး လွှတ် တော်၊ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးအစိုးရတို့ကို ယုံကြည် စွာတင်ပြခဲ့ခြင်းဖြစ်၍ ဂုဏ်ယူပါ ကြောင်း၊ ယခုတင်ပြချက်များအပေါ် မူတည်၍ နိုင်ငံတော်နှင့်နိုင်ငံသားများ အကျိုးစီးပွားဖြစ်ထွန်းစေရန် လွှတ် တော်နှင့် အစိုးရအဖွဲ့၌ တာဝန်ရှိသည် ဟု ခံယူပြီး တာဝန်ကျေပွန်စွာ ဆောင် ရွက်သွားရမည်ဖြစ်ပါကြောင်း။

အဆိုများကို ပြန်လည် သုံးသပ်ပါက မိမိတို့နိုင်ငံကို ပါတီစုံ ဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေး စနစ်ကျင့်သုံးပြီး အေးချမ်းသာယာ သော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ထူထောင်နေသည့် အချိန် ကာလနှင့် အလွန်ပင်အံဝင်ခွင်ကျဖြစ် ပါကြောင်း။

ယနေ့ လွှတ်တော်များရှိ၍ ဒီမို ကရေစီရှိပြီး ဒီမိုကရေစီကို မှန်မှန် ကန်ကန် ကျင့်သုံးနိုင်ရန်လိုကြောင်း၊ ယနေ့ တွေ့ဆုံပွဲတွင် ဒီမိုကရေစီအခွင့် အရေးများကို မှန်မှန်ကန်ကန်အသုံး ချနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုများနှင့် ထောက်ခံဆွေးနွေးချက်များ၊ မေးမြန်း ဖြေကြားချက်များကို လွှတ်တော်ကိုယ် စားလှယ်များ၊ သက်ဆိုင်ရာ အစိုးရ အဖွဲ့တို့အနေဖြင့် တွေ့ဆုံပွဲပြီးလျှင် ပြီးရော သဘောမထားဘဲ ဆက်လက် ဆောင်ရွက်သွားမည်ဟု ကတိပြုရန် လိုကြောင်း၊ ယနေ့တင်ပြဆွေးနွေး ချက်များကိုစုစည်းပြီး ပြည်ထောင်စု အစိုးရ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က ဖြစ် နိုင်သမျှ၊ တတ်နိုင်သမျှ တိတိကျကျ မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ယနေ့ တွေ့ဆုံမှုသည် စစ်ကိုင်းတိုင်းဒေသ ကြီး အတွက်သာမကဘဲ တစ်နိုင်ငံ လုံးရှိ တောင်သူလယ်သမားများ၊ အလုပ်သမားများနှင့် နိုင်ငံသား အားလုံးအတွက် အကျိုးဖြစ်ထွန်းစေ မည်ဖြစ်ပါကြောင်း၊ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်ကြီးဖြစ်ပေါ် လာရေးအတွက် အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်း ပါကြောင်းဖြင့် ပြောကြားသည်။

အခမ်းအနားအပြီးတွင် ပြည် ထောင်စုလွှတ်တော် နာယကသည် တက်ရောက်လာကြသော တောင်သူ လယ်သမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ကွင်းအတွင်း ခင်းကျင်း ပြသထားသည့် စိုက်ပျိုးရေး၊ မွေးမြူ ရေး၊ ပညာပေးပြခန်းများ၊ စိုက်ပျိုး ရေးနှင့် မွေးမြူရေးထွက်ကုန်ပစ္စည်း ပြခန်းများကို ကြည့်ရှုလေ့လာခဲ့သည်။

အဆိုပါ အခမ်းအနားသို့ တိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးသင်းလှိုင်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကော်မတီ ဥက္ကဋ္ဌများ၊ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များ၊ ဒေသခံတောင်သူလယ်သမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက် ခဲ့ကြသည်။

**(သတင်းစဉ်)**

❊ *ကျောဖုံးမှ*

မြစ်ချောင်းအင်းအိုင်များတွင် ကဏန်း ရှာဖွေဖမ်းဆီးသည့် ရေလုပ်သားများ လည်း ရှိနေသည်။ မြန်မာနိုင်ငံတွင် ကဏန်းကို ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီးတို့အပြင် မြစ်ချောင်း အင်း အိုင်ပေါများသော တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်မွေးမြူခြင်း၊ ဖမ်းယူ ခြင်းပြုလုပ်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ကဏန်းများ သည် မြစ်ချောင်းအင်းအိုင်နှင့် ပင်လယ်ကမ်းစပ်နေရာဒေသများ၌ နေထိုင် ကျက်စားလေ့ရှိကြသည်။ အများအားဖြင့်တွေ့ရှိရသည့် ကဏန်း များမှာ ကဏန်းနီ၊ သဲကဏန်းနှင့် အရွယ်အစားသေးငယ်သည့် ကဏန်း များ ဖြစ်သည်။ အခွံတွင် ကျောက် စိမ်းရောင်ရင့်ရင့်နှင့် ဝမ်းဗိုက်တွင် အဖြူရောင်ရှိသော ကဏန်းမျိုးများ လည်း အများအပြားတွေ့ရသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသော ကဏန်းများကို ဂျပန်၊ စင်ကာပူ၊ တရုတ်၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများ သို့ အများဆုံးတင်ပို့နေရပြီး မြန်မာ့ ကဏန်းများကို စားသုံးသူများက နှစ် သက်ကြကြောင်း သိရသည်။ ဝယ်လို အားကောင်းမွန်သော ရေထွက်ကုန် ပစ္စည်းဖြစ်ရာ အဆိပ်အတောက်ဖြစ် မှုလည်းကင်းစင်သဖြင့် ပြည်ပနိုင်ငံ များတွင် စားသုံးသူများပြားနေခြင်း ဖြစ်သည်။

မြန်မာနိုင်ငံမှကဏန်းများ ပြည်ပ တင်ပို့မှုမှ တစ်နှစ်လျှင် အမေရိကန် ဒေါ်လာ သန်း ၄၀ ခန့်ရရှိနေရာ စနစ်တကျ မွေးမြူဖမ်းဆီးခြင်းများ ပြုလုပ်နိုင်ပါက အရည်အသွေး ကောင်းမွန်သော ကဏန်းများကို ပြည်ပ တင်ပို့နိုင်မည်ဖြစ်သည်။ ပြည်ပဈေးကွက်ရှိသော ကဏန်းများ ကို စနစ်တကျမွေးမြူသင့်သည့် အနေအထားရှိသည်။

မြန်မာနိုင်ငံ၌ ကဏန်းအများ ဆုံးထွက်ရှိရာ ဒေသများမှာ မွန်ပြည် နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်း ဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသ ကြီးတို့ဖြစ်သည်။ ယင်းနေရာများတွင် ကဏန်းမွေးမြူခြင်း၊ သဘာဝကဏန်း များကို ဖမ်းယူခြင်းလုပ်ငန်းများ လုပ် ကိုင်လျက်ရှိကြသည်။

**(မြန်မာ့အလင်း)**

## ၂၀၁၄-၂၀၁၅ ခုနှစ် ဧပြီလမှ နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

၂၀၁၄-၂၀၁၅ ခုနှစ် နိုဝင်ဘာလအတွင်းမြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၈၃ ဒသမ ၆၇ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၅၁၃ ဒသမ ၉၂ သန်းနှင့်စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၉၇ ဒသမ ၅၉ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၄၉ ဒသမ ၅၇ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၀၃ ဒသမ ၆၆ သန်းနှင့် စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၅၃ ဒသမ ၂၃ သန်း ဖြစ်သဖြင့် ၂၀၁၄-၂၀၁၅ ခုနှစ် နိုဝင်ဘာလအတွက် စုစုပေါင်း ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၂၅၅ ဒသမ ၆၄ သန်းဖြစ်ပေါ်ခဲ့သည်။

၂၀၁၄-၂၀၁၅ ခုနှစ် ဧပြီလမှ နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၉၇၇ ဒသမ ၇၉ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၈၈၆ ဒသမ ၅၉ သန်းနှင့်စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၈၆၄ ဒသမ ၃၈ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၃၅၆ ဒသမ ၀၅ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၈၆ ဒသမ ၀၁ သန်းနှင့် စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၈၄၂ ဒသမ ၀၆ သန်းဖြစ်သဖြင့် ၂၀၁၄-၂၀၁၅ ခုနှစ် ဧပြီလမှ နိုဝင် ဘာလအတွင်း စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၂၉၇၇ ဒသမ ၆၈ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့ထံမှ သိရှိရသည်။

**(မြန်မာ့အလင်း)**

# ဝန်ထမ်းနှင့်ပြည်သူများအတွက် အိမ်ရာများရောင်းချပေးမည်

**တောင်ကြီး ဒီဇင်ဘာ ၂၆**

ရှမ်းပြည်နယ်အစိုးရအဖွဲ့သည် အေးသာယာမြို့ ဝေါက်ကွင်းအရှေ့ဘက် ရှိမြေ ၄၂ ဒသမ ၁၈၈ ဧကပေါ်၌ ပြည်သူ့အိမ်ရာစီမံကိန်းအဖြစ် လေးခန်းတွဲ ငါးထပ်အဆောက်အအုံ ၁၂၃ လုံး၊ အခန်းအရေအတွက် ၂၄၆၀ ကို မင်းကျန်စစ်ကုမ္ပဏီက တည်ဆောက်လျက်ရှိကြောင်း၊ ရှမ်းပြည်နယ်အတွင်း တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်း၊ အငြိမ်းစားများအား အရစ်ကျ ငွေ ချေစနစ်၊ အခန်းပိုင်စနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး တိုက်ခန်း ဝယ်ယူခွင့် လျှောက်လွှာများကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ၃၁ ရက်အထိ ပြည်နယ်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးရုံးတွင် ဝယ်ယူနိုင်ကြောင်းနှင့် စီမံကိန်း၏ လမ်း၊ ရေ၊ မီး ကုန်ကျစရိတ်များအား ရှမ်းပြည်နယ်အစိုးရအဖွဲ့က ငွေကျပ်သန်း ၂၆၀၀၀၀ အကုန်အကျခံပြီး အဆောက်အအုံ တည်ဆောက်မှု ကုန်ကျစရိတ်ကို ကုမ္ပဏီဘက်က ၁၀၀ ရာခိုင်နှုန်း ထည့်ဝင်တည်ဆောက် စေခြင်းဖြစ်ကြောင်း ယနေ့ နံနက် ၉ နာရီ က တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ပြုလုပ်သည့် အေးသာယာပြည်သူ့ဝန်ထမ်းအိမ်ရာ (MoA) လက်မှတ်ရေး ထိုးပွဲတွင် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစိုင်းဇော်ခမ်းက ပြောကြားခဲ့သည်။ အဆိုပါ အိမ်ရာတည်ဆောက်ပြီးပါက အိမ်ထောင်စုပေါင်း ၂၄၀၀ ကျော်အား နေရာချထားပေးနိုင်မည်ဖြစ်ပြီး အိမ်ရာအတွင်း ပေ ၄၀၊ ပေ ၃၀ ကွန်ကရစ်လမ်း၊ လျှပ်စစ်မီးတိုင်များ၊ ရေဆိုးထုတ်စနစ်၊ မြို့တော်ခန်းမ၊ ဓမ္မာရုံ၊ ဈေး၊ ဘဏ် စသည်ဖြင့် ဘာသာရေး၊ လူမှုရေးအဆောက်အအုံများလည်း ထည့်သွင်းတည်ဆောက်ပေးမည်ဖြစ်ကြောင်းနှင့် စုစုပေါင်းစီမံကိန်း တန်ဖိုးငွေ ကျပ်သန်းပေါင်း ၆၅၀၀၀ ဖြစ်ကြောင်း သိရသည်။

**နိုင်ထွန်း(TGI)**



မိုးပွင့်အဆင့်(၇)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားပေးအပ်ပွဲကို ဒီဇင်ဘာ ဒုတိယပတ်က တာချီလိတ်ခရိုင် ဖန်မင်ကျေးရွာအုပ်စု၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တာချီလိတ်ခရိုင် ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စွာလွင်၊ လက်ထောက်ညွှန်ကြားရေး မှူး ဦးထွန်းသိန်း၊ မြို့နယ်ဦးစီးဌာနမှူး ဦးသိန်းလွင်တို့က ကျေးလက်ပြည်သူ များအား နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်စဉ်။ မောင်ယဉ်ကျေး

**နိုင်ငံကြီးသားပီသစွာ အခွန်ဆောင်တာ ပြည့်အကျိုးပါ**



နိုင်ငံတကာသတင်း

# အိန္ဒိယသမုဒ္ဒရာ ဆူနာမီ ၁၀ နှစ်ပြည့် အခမ်းအနားများကျင်းပ



**အာချေး ဒီဇင်ဘာ ၂၆**

အိန္ဒိယသမုဒ္ဒရာအတွင်း ဖြစ်ပေါ်လာခဲ့သည့် ဆူနာမီကြောင့် သေဆုံးသူများ၏ ၁၀ နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားကို အင်ဒိုနီးရှားနှင့် အခြားသောနိုင်ငံများ၌ ကျင်းပခဲ့သည်။

အဆိုးရွားဆုံး ဒဏ်ခံခဲ့ရသည့် အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်၌ ဒုတိယသမ္မတ ဂျူဆွတ်ကာလာ ဦးဆောင်၍ အမှတ်တရအခမ်းအနားများကို ကျင်းပခဲ့သည်။ ထိုင်းနှင့် သီရိလင်္ကာနိုင်ငံတို့၌လည်း အဆိုပါ အမှတ်တရ အခမ်းအနားများ ကျင်းပမည် ဖြစ်သည်။ ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်က အိန္ဒိယသမုဒ္ဒရာအတွင်း ရေအောက်ငလျင်မှတစ်ဆင့် ဖြစ်ပေါ်သည့် ဆူနာမီကြောင့် လူပေါင်း ၂၀၀၀၀၀ ကျော် သေဆုံးခဲ့သည်။ အာချေးပြည်နယ် ပြန်လည်ထူထောင်ရေးအတွက် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် စေတနာ့ဝန်ထမ်းများအား အထူး ကျေးဇူးတင်ကြောင်း အာချေးပြည်နယ် မြို့တော်ဘန်ဒါအာချေး၌ မစ္စတာ ကာလာက ပြောကြားသည်။ ၎င်းက အလှူရှင်နိုင်ငံများမှ သံအမတ်ကြီးများအား အမှတ်တရဆုများ ပေးအပ်ခဲ့သည်။

အဆိုပါ မြို့၏ ၁၉ ရာစုခေတ် ဗလီကြီးတစ်ခုအတွင်း၌ အခမ်းအနားကို ကျင်းပခဲ့ရာ ထောင်ပေါင်းများစွာသော ပြည်သူများ တက်ရောက်ခဲ့သည်။ **(ဘီဘီစီ)**

# အေယူတပ်ဖွဲ့ဝင်သုံးဦး အယ်လ်ရှာဘတ်တိုက်ခိုက်မှုအတွင်း သေဆုံး



**မိုဂါဒစ်ရှူး ဒီဇင်ဘာ ၂၆**

ဆိုမာလီမြို့တော် မိုဂါဒစ်ရှူး၌ ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင် သုံးဦးနှင့် အရပ်သား ကန်ထရိုက်တာတစ်ဦး ၎င်းတို့၏ ဌာနချုပ်အတိုက်ခံရပြီး သေဆုံးသွားခဲ့ကြောင်း ဆိုမာလီရှိ အာဖရိကသမဂ္ဂ (အေယူ) တပ်ဖွဲ့ဝင်များက ပြောသည်။

အယ်လ်ရှာဘတ် သေနတ်သမားများက အဆိုပါအခြေစိုက်စခန်းကို ဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်း အေယူကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ယင်းတိုက်ခိုက်မှုအတွင်း တိုက်ခိုက်ရေးသမား ငါးဦးသေဆုံးပြီး အချို့ဖမ်းဆီးခဲ့မိကြောင်း ၎င်းကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။

အာဖရိကတပ်ဖွဲ့ဝင် ၂၀၀၀၀ ကျော်က အစိုးရ၏အယ်လ်ရှာဘတ်တိုက်ခိုက်ရေးတွင် ပါဝင်တိုက်ခိုက်ရန် ရောက်ရှိနေသည်။

အမီဆွန်ဟု လူသိများသည့် ငြိမ်းချမ်းရေး တပ်ဖွဲ့ဝင်များသည် တိုက်ပွဲအပြီး မြို့တော် မိုဂါဒစ်ရှူးကို ပြန်လည်ထိန်းချုပ်နိုင်ပြီဟု ဆိုသည်။

အယ်လ်ရှာဘတ် တိုက်ခိုက်ရေးသမားများက ဆိုမာလီရှိ နိုင်ငံခြားတပ်များဌာနချုပ်ကို တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အယ်လ်ရှာဘတ် ပြောရေးဆိုခွင့်ရှိသူ အဘူမူဆတ်က ပြောသည်။ **(ဘီဘီစီ)**

# လစ်ဗျားနိုင်ငံတစ်ဝန်း တိုက်ခိုက်မှုများကြောင့် လူပေါင်းများစွာသေဆုံး

**ထရီပိုလီ ဒီဇင်ဘာ ၂၆**

ရေနံဆိပ်ကမ်းများတိုက်ခိုက်ခံရမှုအပါအဝင် စစ်သွေးကြွများ၏ တိုက်ခိုက်မှုများကြောင့် လစ်ဗျားနိုင်ငံတစ်ဝန်း၌ လူပေါင်းများစွာ သေဆုံးခဲ့ရသည်။

ကြာသပတေးနေ့က တိုက်ခိုက်ရေးသမားများ လစ်ဗျားနိုင်ငံ၏ အဓိကရေနံဆိပ်ကမ်းများကို သိမ်းပိုက်ရန်ကြိုးစားမှု၌ တပ်ဖွဲ့ဝင် ၂၂ ဦးထက်မနည်း သေဆုံးခဲ့ရသည်။

၎င်းတို့သည် အမြန်ရေယာဉ်ငယ်များပေါ်မှ ဒုံးကျည်များဖြင့်ပစ်ခတ်ကာ အဲလ်ဆီဒရာဆိပ်ကမ်းကို စီးနင်းတိုက်ခိုက်ခဲ့သည်။ ယင်းတိုက်ခိုက်မှုမဖြစ်ပွားမီ လစ်ဗျားတပ်ဖွဲ့ဝင်များသည် စစ်သွေးကြွများ၏ အမြန်ရေယာဉ်သုံးစင်းကို ဖျက်ဆီးခဲ့သည်။ ရတ်စ်လာနွတ်ဖ်နှင့် အဲလ်ဆီဒရာ ရေနံဆိပ်ကမ်းများကို အမြန်ရေယာဉ်ငယ်များမှ ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့ရာ အဲလ်ဆီဒရာတောင်ဘက်ရှိ ဆီလှောင်ကန်တစ်ခု ထိမှန်မီးလောင်သွားခဲ့ကြောင်း အဆိုပါဒေသလုံခြုံရေး ပြောရေးဆိုခွင့်ရှိသူက ဆိုသည်။

ဆာ့တ်ကမ်းရိုးတန်းမြို့၌ လစ်ဗျားတပ်ဖွဲ့ဝင် ၁၈ ဦးနှင့် စစ်သွေးကြွတစ်ဦး အဲလ်ဆီဒရာ၌ တပ်ဖွဲ့ဝင်လေးဦးသေဆုံးခဲ့ကြောင်း စစ်ဘက်နှင့် ဆေးဘက်ဆိုင်ရာသတင်းများအရ သိရသည်။

အစိုးရလိုလားသူတပ်ဖွဲ့ဝင်များသည် ဘင်ဂါဇီမြို့ အရှေ့ပိုင်းနယ်မြေကို ဆုံးရှုံးခဲ့ရသည်။ အဆိုပါမြို့၌ စစ်သွေးကြွများက လူခြောက်ဦးကိုခေါင်းဖြတ်ကာ အခြား၁၄ ဦးကို သတ်ပစ်ခဲ့သည်။ အစိုးရတပ်ဖွဲ့ဝင်များနှင့်အင်အားကြီး စစ်သွေးကြွများအကြား တိုက်ခိုက်မှုများကြောင့် မကြာသေးသော ရက်သတ္တပတ်များအတွင်း လူပေါင်းများစွာသေဆုံးခဲ့ပြီး ထောင်ပေါင်းများစွာ အိုးအိမ်စွန့်ခွာခဲ့ရသည်။ **(ပရက်စ်တီဗွီ)**

# ပါလက်စတိုင်း ၁၀၀၀ ကျော် ဆီးရီးယား၌ သေဆုံး

**ဒမတ်စကတ် ဒီဇင်ဘာ ၂၆**

ဆီးရီးယား ပဋိပက္ခများအတွင်း ပါလက်စတိုင်းပြည်သူ ၁၂၀၀-၁၃၀၀ ခန့် သေဆုံးခဲ့ကြောင်း ဒမတ်စကတ်ရှိ ပါလက်စတိုင်း သံရုံးက ထုတ်ပြန်ကြေညာသည်။

ဆီးရီးယားနိုင်ငံသည် ၂၀၁၁ ခုနှစ် မတ်လကတည်းက အဆိုပါ အကျပ်အတည်းနှင့် ရင်ဆိုင်ရလျက်ရှိသည်။ အိုင်အက်စ်စစ်သွေးကြွများ၏ လက်ချက်ဖြင့် ဆီးရီးယားနိုင်ငံအတွင်း သေဆုံးသူပေါင်း ၂၀၀၀၀၀ ကျော်ရှိသွားပြီဖြစ်ကြောင်း သတင်းများက ဆိုသည်။

ဆီးရီးယားနိုင်ငံအတွင်း၌ ပဋိပက္ခမတိုင်မီက ပါလက်စတိုင်းဒုက္ခသည် ၆၀၀၀၀၀ ရှိရာ ထက်ဝက်ကျော်မှာ နိုင်ငံအတွင်း အကြမ်းဖက်မှုများကြောင့် ၎င်းတို့၏ နေအိမ်များကို စွန့်ခွာခဲ့ကြခြင်းဖြစ်သည်။ **(ပရက်စ်တီဗွီ)**

# ဂျပန်ပင်လယ်ပြင်တွင် သင်္ဘောတစ်စင်းနစ်မြုပ်ခဲ့ရာ လူသုံးဦး သေဆုံး

**တိုကျို ဒီဇင်ဘာ ၂၆**

ဂျပန်ပင်လယ်ပြင်ဟုခေါ်သော အရှေ့ပင်လယ်ပြင်တွင် ဒီဇင်ဘာ ၂၆ ရက်အစောပိုင်းက ကမ္ဘောဒီးယား ကုန်တင်သင်္ဘောတစ်စင်း နစ်မြုပ်ခဲ့မှုကြောင့် လူသုံးဦးသေဆုံးခဲ့သည်ဟု ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဟော့ကိုင်းဒိုးမှ တောင်ကိုရီးယားနိုင်ငံသို့ ထွက်ခွာလာသော တန်ချိန် ၁၉၁၅ ရှိ MING GUANG သင်္ဘောသည် ဒေသစံတော်ချိန် နံနက် ၆ နာရီတွင် ရေနက်ပိုင်းနေရာ၌ နစ်မြုပ်သွားခဲ့ခြင်းဖြစ်သည်။

ဂျပန်ပင်လယ်ကမ်းရိုးတန်းလုံခြုံရေးအဖွဲ့က ရဟတ်ယာဉ်နှင့်ကင်းလှည့်သင်္ဘောတို့ကို စေလွှတ်ခဲ့ပြီး နစ်မြုပ်သွားသောသင်္ဘောပေါ်တွင် လိုက်ပါသည့် အမှုထမ်း ၁၀ ဦးကို ကယ်ဆယ်ခဲ့ရာ သုံးဦးမှာ ဆေးရုံသို့ပို့ဆောင်ပြီးနောက် သေဆုံးသွားခဲ့သည်။

သေဆုံးသူများတွင် တရုတ်နိုင်ငံသားနှစ်ဦးနှင့် ကမ္ဘောဒီးယားနိုင်ငံသား တစ်ဦးတို့ ပါဝင်သည်ဟု သိရသည်။ **(ဆင်ဟွာ)**



# အီရန်တပ်မတော်၏ စစ်ရေးလေ့ကျင့်မှုဒုတိယအဆင့်သို့ရောက်ရှိ

**တီဟီရန် ဒီဇင်ဘာ ၂၆**

အီရန်တပ်မတော်၏ စစ်ရေးလေ့ကျင့်မှု ဒုတိယအဆင့်ကို အီရန်နိုင်ငံတောင်ပိုင်း၌ စတင်ခဲ့သည်။

အီရန်မြေပြင်တပ်ဖွဲ့ဝင်များသည် တင့်ကားများအသုံးပြုကာ ရန်သူပစ်မှတ်အတုများဖြင့် လက်တွေ့လေ့ကျင့်မှုကို သောကြာနေ့က စနစ်တကျလေ့ကျင့်ခဲ့သည်။

ထို့အပြင် ရေတပ်ဖွဲ့သည်လည်း ရန်သူအတုများဖြင့် စစ်ရေးလေ့ကျင့်မည်ဖြစ်သည်။ ကြည်းတပ်သည် F-4 တိုက်လေယာဉ်များနှင့် တွဲဖက်ကာ ရန်သူ၏ဆက်သွယ်ရေးလမ်းကြောင်းများကို နှောင့်ယှက်မည်ဖြစ်သည်။

ခြောက်ရက်ကြာ ပထမအဆင့် စစ်ရေးလေ့ကျင့်မှုကို မြေပြင်တပ်ဖွဲ့များ၊ တိုက်လေယာဉ်များ၊ လေကြောင်းကာကွယ်ရေးစနစ်များဖြင့် နိုင်ငံ၏အရှေ့တောင်ပိုင်း၌ လေ့ကျင့်ခဲ့သည်။

စစ်ရေးလေ့ကျင့်မှုများကို ဟော်မုဇ်ရေလက်ကြားအရှေ့ဘက် စတုရန်းကီလိုမီတာ ၂ ဒသမ ၂ သန်းရှိ ဧရိယာအတွင်း ပြုလုပ်ခဲ့သည်။ ကြည်း၊ ရေ၊ လေတပ်ဖွဲ့ဝင်များသည် ခါတန် အဲလ်အန်ဘီယာလေကြောင်းကာကွယ်ရေး အခြေစိုက်စခန်း၏ အထောက်အပံ့ဖြင့် ပူးတွဲစစ်ရေးလေ့ကျင့်ခဲ့ခြင်းဖြစ်သည်။

စစ်ရေးလေ့ကျင့်နေစဉ်အတွင်း အကြီးစားစစ်လက်နက် ပစ္စည်းမျိုးစုံဖြင့် မြေပြင်၊ ရေပြင်နှစ်ခုစလုံး၌ ဖြန့်ကြက်လေ့ကျင့်ခဲ့သည်။ **(ပရက်စ်တီဗွီ)**

ပြည်တွင်းသတင်း

# ဟိုပုံးမြို့နယ်အတွင်းရှိ ဘိန်းစိုက်ပျိုးသည့်ကျေးရွာများသို့ ပညာပေးဟောပြော

**ဟိုပုံး ဒီဇင်ဘာ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်အတွင်းရှိ ဖက်ရမ်းကျေးရွာအုပ်စု ကောင်းသပြေကျေးရွာ လုံပေးကျေးရွာအုပ်စု လုံပေးကျေးရွာ၊ ထမ်းဘုရား၊ ကောင်တိယံ၊ တုတ်စောက်၊ ထီမောင်းလွတ်ကျေးရွာများနှင့် စငေါ်ကျေးရွာအုပ်စုများတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်ဝင်းနှင့် ရဲတပ်ဖွဲ့ဝင်များသည် ဘိန်းစိုက်ပျိုးမှုပပျောက်ရေးအတွက် ဘိန်းခင်းများဖျက်ဆီးလျက်ရှိရာ ၁၇-၁၀-၂၀၁၄ ရက်မှစ၍ ယနေ့ထိ ဘိန်းခင်း ၄၂၆၇ ဧက ဖျက်ဆီးနိုင်ကြောင်း သိရသည်။

အဆိုပါဘိန်းစိုက်ပျိုးသည့် စငေါ်ကျေးရွာအုပ်စု ကျောက္ကချားကျေးရွာသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီက ကျောက္ကချားကျေးရွာ နမ်းဟုတ်ဘုန်းကြီးကျောင်းဓမ္မာရုံ၌ လည်းကောင်း၊ ဒီဇင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက ကျောက်တန်းကျေးရွာ ဘုန်းကြီးကျောင်း၌ လည်းကောင်း ကျင်းပရာ စုစုပေါင်း ၁၈၀ တက်ရောက်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးကင်းစင်ပပျောက်ရေးအတွက် မဟာဗျူဟာနည်းဗျူဟာနှင့် နှစ်တို/နှစ်ရှည် စီမံကိန်းချမှတ်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဘိန်းခင်းများ ဖျက်ဆီးရုံသာမက ဘိန်းစိုက်ပျိုးမှုများ ပပျောက်ရေးအတွက် အစားထိုး သီးနှံများစိုက်ပျိုးနိုင်ရေး၊ ပြည်ပပို့ကုန်ဈေးကွက်ရရှိအောင် ဆောင်ရွက်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး အသိပညာပေးရေးမှစ၍ ဘိန်းစိုက်ဒေသရှိ ပြည်သူများကို အဘက်ဘက်မှ ပြည့်စုံအောင်တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ရန် ကြိုးပမ်းနေသကဲ့သို့ တစ်ဖက်မှလည်း တားဆီးနှိမ်နင်းရေး လုပ်ငန်းများကိုလည်း အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နန်းဦးခမ်း(ဟိုပုံး)**

# မွန်အမျိုးသားနေ့ ရန်ပုံငွေအတွက် ဂီတဖျော်ဖြေပွဲကျင်းပ

**ရေး ဒီဇင်ဘာ ၂၆**

မွန်ပြည်နယ် ရေးမြို့ ပြည်သူ့ရင်ပြင်ရွှေဆံတော် ဘုရားကွင်း၌ ဒီဇင်ဘာ ၂၅ ရက် ခရစ္စမတ်နေ့ ည ၉ နာရီက(၆၈)ကြိမ်မြောက် မွန်အမျိုးသားနေ့ဗဟိုအတွက် ကျင်းပနိုင်ရေး ရန်ပုံငွေဂီတဖျော်ဖြေပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဂီတဖျော်ဖြေရန်ပုံငွေပွဲကို MMB MUSIC BAND တေးဂီတအဖွဲ့မှပံ့ပိုးတီးခတ်ပေးပြီး နာမည်ကြီး မွန်အဆိုတော်များက မွန်တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်လျက်ရှိရာ ပရိသတ် ၂၀၀၀ ဝန်းကျင်ခန့် လာရောက် အားပေးကြောင်း သိရသည်။

အဆိုပါ မွန်တေးသံရှင်များသည် ရေးမြို့၌ (၆၈)ကြိမ်မြောက် မွန်အမျိုးသားနေ့ဗဟိုကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မေတ္တာအားဖြင့် ပါဝင်ကူညီသီဆို ဖျော်ဖြေပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါနာမည်ကြီး မွန်တေးသံရှင်များသည် မွန်ပြည်နယ်အတွင်းသာမက အိမ်နီးချင်းနိုင်ငံများဖြစ်သော ထိုင်း၊ မလေးရှား၊ စင်ကာပူနိုင်ငံများသို့ သွားရောက်ဖျော်ဖြေလျက်ရှိရာ ပရိသတ်များ၏အားပေးမှုများကိုလည်းရရှိခဲ့ကြောင်း သိရသည်။

**နေမျိုးထွန်း**

# ဒလမြို့နယ်၌ မီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ဒလမြို့နယ် တံတားချောင်းကျေးရွာအုပ်စု ခနိတောကျေးရွာ မြောက်ကွင်း ဒလ-ခနောင်တို သုံးပေကျယ်ဘီးသွား ကွန်ကရစ်ခင်းလမ်းမကြီးအရှေ့ဘက်နံဘေးရှိ လူနေတဲအိမ်တစ်လုံး မီးကြွင်းမီးကျန်မှစ၍ ဒီဇင်ဘာ ၂၅ ရက် နံနက် ၁၁ နာရီက မီးလောင်ကျွမ်းခဲ့သည်။



ဖြစ်စဉ်မှာ အဆိုပါ ခနိတောမြောက်ကွင်းနေ ဦးသန်းနိုင်နေအိမ်မှ နံနက်ပိုင်းထမင်းဟင်းချက်ပြီး မီးဖိုရှိ မီးကြွင်းမီးကျန်မှအစပြု၍ မီးလောင်ခဲ့သဖြင့် အနီးအနားရှိ ရွာသူ ရွာသားများက လမ်းဘေးရှိ ရေမြောင်းမှ ရေများဖြင့်ဝိုင်းဝန်း ငြိမ်းသတ်ခဲ့၍ မီးငြိမ်းသွားခဲ့သည်။

မီးလောင်ရာသို့ မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးကျော်မင်းနိုင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မီးသတ်ယာဉ်တစ်စီး၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့များနှင့် ကယ်ဆယ်စောင့်ရှောက်ရေးယာဉ်တစ်စီး၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသိန်းလှိုင်နှင့်အဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးရဲမြင့်နှင့် ပျော်ဘွယ်ကြီးနယ်မြေရဲစခန်းမှ တာဝန်ရှိသူများ ရောက်ရှိကာ ရှင်းလင်းကူညီစစ်ဆေးဆောင်ရွက်ခဲ့ကြသည်။

မီးလောင်မှုကြောင့် နေအိမ်တစ်လုံးဆုံးရှုံးပြီး အနီးရှိအိမ်တွင် ဝဲဘက်ဝါးထရံ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရကြောင်း သိရသည်။

**သတင်း-သန်းဌေး(ဒလ)**
**ဓာတ်ပုံ-စန်းဝဋ္ဌာ**

# လှည့်ကင်းဆောင်ရွက်စဉ် မသင်္ကာ၍စစ်ဆေးရာမှ ဆိုင်ကယ်ခိုးမှုများပေါ်ပေါက်

**တာချီလိတ် ဒီဇင်ဘာ ၂၆**



တာချီလိတ်မြို့နယ်အတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ လှည့်ကင်းဆောင်ရွက်နေစဉ် ကျော်စောသတင်းထွက်ပေါ်နေသူကို မသင်္ကာဖွယ်ရာ တွေ့ရှိရ၍ ဖမ်းဆီးစစ်ဆေးရာမှ မော်တော်ဆိုင်ကယ်လေးစီး ခိုးယူမှုကို ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒုရဲအုပ်ဝေလင်းထွန်းနှင့် နယ်ထိန်းတပ်ကြပ် ကျော်လင်းတို့ပါဝင်သည့် အဖွဲ့သည် ဒီဇင်ဘာ ၂၅ ရက် ည ၁၀ နာရီခွဲခန့်က တာချီလိတ်မြို့နယ် မယ်ခေါင်ရပ်ကွက်အတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် ၂၀၁၂ မော်ဒယ်လ် Wave 110 အမျိုးအစား မော်တော်ဆိုင်ကယ်ကို မောင်းနှင်လာသူ မင်းဗူးသည် ကျော်စောသတင်းထွက်ပေါ်နေသူဖြစ်ပြီး မသင်္ကာသည့်အတွက် တာချီလိတ်မြို့မရဲစခန်းသို့ ခေါ်ယူစစ်ဆေးရာ အမှုဖွင့်လှစ်ထားသည့် ပျောက်ဆုံးမော်တော်ဆိုင်ကယ်ဖြစ်နေကြောင်း သိရ၍ ရဲတပ်ဖွဲ့မှ ဆက်လက်စစ်ဆေးခဲ့ရာ မင်းဗူးက ၄င်းအားအငယ်လေးဆိုသူနှင့် ကတုံး(ခ) ဇော်မင်းစိုးတို့က ဆိုင်ကယ်သုံးစီးကို ရောင်းခိုင်း၍ ရန်အောင်မြေနေ ဝဏ္ဏ(ခ)ပီကျင်းထံတွင် ရောင်းချခဲ့ကြောင်း ထွက်ဆိုလာသည့်အတွက် အမှုစစ်ဒုရဲအုပ် ကျော်ဇေယျာဝင်းနှင့်အဖွဲ့က ရန်အောင်မြေရပ်ကွက်ရှိ ဝဏ္ဏ(ခ)ပီကျင်း၏ နေအိမ်သို့ သွားရောက်ရှာဖွေစစ်ဆေးရာ ၂၀၁၂ မော်ဒယ်လ် Wave 110 အပြာနက်တစ်စီး၊ ၂၀၁၂ မော်ဒယ်လ် Wave 125 ဖြူနက်တစ်စီးနှင့် ၂၀၁၂ မော်ဒယ်လ် Wave 110 ဖြူပြာ တစ်စီး စုစုပေါင်းမော်တော်ဆိုင်ကယ် သုံးစီးကိုတွေ့ရှိရ၍ ထပ်မံသိမ်းဆည်းခဲ့သည်။

"အခုသိမ်းဆည်းရမိတဲ့ဆိုင်ကယ်တွေရဲ့ပိုင်ရှင်များအနေနဲ့ မိမိတို့ရဲ့ ပျောက်ဆုံးနေတဲ့ ဆိုင်ကယ်ဟုတ်မဟုတ်ဆိုတာကို ဆိုင်ကယ်လိုင်စင်စာအုပ်ပြပြီး စခန်းမှာ လာရောက်ထုတ်ယူနိုင်ပါတယ်" ဟု တာချီလိတ်မြို့မစခန်းမှူး ဒုရဲမှူးကျော်သန်းက ပြောသည်။

တာချီလိတ်မြို့နယ်အတွင်း မှုခင်းတစ်စုံတစ်ရာနှင့် ပတ်သက်၍ဖြစ်စေ၊ မသင်္ကာစရာကိစ္စရပ်များနှင့်ပတ်သက်၍ဖြစ်စေ တာချီလိတ်မြို့မရဲစခန်းသို့ ဆက်သွယ်နိုင်ပြီး ရဲစခန်းဖုန်း-၀၈၄-၅၀၁၉၉၊ စခန်းမှူး ဒုရဲမှူး ကျော်သန်း ဖုန်း-၀၈၄-၅၁၀၀၂၊ ၀၉-၅၃၆၆၂၀၈ တို့သို့ အချိန်မရွေး ဆက်သွယ်နိုင်ကြောင်း သိရ သည်။

**(ဝ၆၀)**

# မောင်တောမြို့နယ် ကျီးကန်းပြင်ကျေးရွာအနီး မီးလောင်မှုဖြစ်ပွား

**မောင်တော ဒီဇင်ဘာ ၂၆**

ဒီဇင်ဘာ ၂၄ ရက် ည ၁၀ နာရီခွဲက မောင်တောမြို့နယ် ကျီးကန်းပြင်ကျေးရွာအုပ်စု အနောက်ရွာနေ ဘော်ရှော၏နေအိမ် မီးကြွင်းမီးကျန်မှတစ်ဆင့် မီးစတင်လောင်ကျွမ်းခဲ့ပြီး ပတ်ဝန်းကျင်ရှိ နေအိမ်လေးလုံးပါ ကူးစက်လောင်ကျွမ်းခဲ့ရာ မြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်မော်တော်ယာဉ်တစ်စီးဖြင့် သွားရောက် ငြိမ်းသတ်မှုကြောင့် ည ၁၀ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသတ်ခဲ့သည်။

**ဆောင်ရွက်လျက်ရှိ**

မီးလောင်ကျွမ်းမှုကြောင့် ခနိမိုး၊ ဝါးကာ၊ မြေခင်းအမျိုးအစား နေအိမ်ငါးလုံးဆုံးရှုံးခဲ့ပြီး လူသေဆုံးမှုမရှိဘဲ ထိခိုက်ဒဏ်ရာရမှုမရှိကြောင်းနှင့် ၄င်းမီးဘေးဒုက္ခသည်များကို ကျေးရွာအုပ်ချုပ်ရေးအဖွဲ့က နီးစပ်ရာဆွေမျိုးများနေအိမ်၌ ခေတ္တနေရာချထားပေးလျက်ရှိကာ မီးစတင်လောင်ကျွမ်းခဲ့သည့် နေအိမ်ပိုင်ရှင် ဘော်ရှောကို မောင်တောမြို့ မြို့မရဲစခန်းက ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ဆိုင်ကယ်ခိုးမှုများ မှုခင်းနှိမ်နင်းရေးဌာနစုက ဖော်ထုတ်ဖမ်းဆီး

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ရန်ကုန်မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် ရွှေပြည်သာမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ဒီဇင်ဘာ ၅ ရက် ညနေ ၄ နာရီခွဲတွင် ရွှေပြည်သာမြို့နယ် (၉)ရပ်ကွက် မဟာမြိုင်လမ်းမပေါ်တွင် ခိုးမှုကျော်စောသတင်းရှိသူ မင်းပိုင်ဝင်းကို WAVE-110 JLM အမျိုးအစား ခဲ/အဖြူကျားရောင် ဆိုင်ကယ်တစ်စီးနှင့် မသင်္ကာဖွယ်တွေ့ရှိသဖြင့် ခေါ်ယူမေးမြန်းရာ ၄င်းပိုင်ဆိုင်ကြောင်း အထောက်အထား ပြောဆိုပြသနိုင်ခြင်းမရှိခဲ့ပေ။

ယင်းပစ္စည်းများကို ရှာဖွေပုံစံဖြင့် သိမ်းဆည်း၍ ရွှေပြည်သာမြို့မရဲစခန်းသို့ အမှုဖွင့်တိုင်တန်းခဲ့ပြီး ဖမ်းဆီးရမိခဲ့သူအား အခြားဆိုင်ကယ်ခိုးမှုများဖြင့် တိုက်ဆိုင်စစ်ဆေးခဲ့ရာ ၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်းတွင် မင်္ဂလာဒုံမြို့နယ် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ရှေ့ရှိ စံတော်ဝင်လက်ဖက်ရည်ဆိုင်ရှေ့တွင် ရပ်ထားသော ဆိုင်ကယ်ခုနစ်စီးကို အကြိမ်ကြိမ်ခိုးယူရောင်းချထားကြောင်း ပေါ်ပေါက်၍ သက်သေခံဆိုင်ကယ်များ ပြန်လည်သိမ်းဆည်းရမိသဖြင့် သက်ဆိုင်ရာရဲစခန်းများတွင် အမှုဖွင့်အရေးယူဆောင်ရွက်ထားရှိကြောင်း သိရသည်။

**မိုးကို**




**မူးယစ်အန္တရာယ်**
**ဝိုင်းဝန်းကာကွယ်**

ဥပဒေရေးရာ

*ပြည်သူများအနေဖြင့် ဥပဒေရေးရာများကို ပိုမိုသိရှိနားလည်စေရန်အတွက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူဝန်ဆောင်မှုစံနှုန်းနှင့်ကိုက်ညီသည့် ဥပဒေဆိုင်ရာ ဆောင်းပါးများကို အခါအားလျော်စွာ ဖော်ပြသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင် ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ ဥပဒေရေးရာ စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။*

# တရားရုံးများက အာမခံပေးခြင်း

ဦးဟန်ညွန့် (ဥပဒေ)

**အာမခံ**

"ကျွန်မရဲ့ခင်ပွန်း အချုပ်ခံရတာ တစ်နှစ်ကျော်နေပါပြီ။ တရားရုံးမှာ အာမခံလျှောက်ပေးပါ ရှေ့နေကြီးရယ်"ဟု ငိုကြီးချက်မဖြင့် လက်အုပ်ချီကာ တောင်းပန်၊ အကူအညီတောင်းနေသော အမှုသည် အမျိုးသမီးကြီးတစ်ဦးကို ကျွန်တော်တွေ့ဖူးသည်။ အလားတူ အာမခံလျှောက်ထားသော အမှုသည်အမျိုးမျိုး၊ အမှုအမျိုးမျိုးကိုလည်း တရားရုံးများတွင် တွေ့ကြုံရစမြဲဖြစ်သည်။ အခြားသော ရှေ့နေကြီးများလည်း ဤသို့ တွေ့ကြုံရမည်မှာ သေချာသည်။

**ဥပဒေပြဋ္ဌာန်းချက်များ**

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ (G.P.e) တွင် အခန်း ၃၉ ၌ အာမခံအကြောင်း (OF BAIL)ကို အောက်ပါအတိုင်း ဖော်ပြထားသည်-

ပုဒ်မ-၄၉၆ - မည်သို့သော အမှုများတွင် အာမခံယူရခြင်း
ပုဒ်မ-၄၉၇ - အာမခံမပေးနိုင်သော ပြစ်မှုတွင် မည်သည့်အခါ အာမခံယူနိုင်ခြင်း
ပုဒ်မ-၄၉၈ - အာမခံပေးရန် သို့မဟုတ် အာမခံကို လျှော့ရန် ညွှန်ကြားနိုင်သည့် အာဏာ
ပုဒ်မ-၄၉၉ - စွပ်စွဲခံရသူ (တရားခံ)နှင့် အာမခံသူများ၏ ခံဝန်ချုပ်
ပုဒ်မ-၅၀၀ - အချုပ်မှ လွှတ်ခြင်း
ပုဒ်မ-၅၀၁ - ပထမယူထားသည့် အာမခံ မလုံလောက်သောအခါ လုံလောက်သော အာမခံပေးရန် အမိန့်ချမှတ်နိုင်သည့် အာဏာ
ပုဒ်မ-၅၀၂ - အာမခံသူများအား ဖျက်သိမ်းခွင့်ပြုခြင်း

**အာမခံပေးခွင့် ရ-မရ**

အာမခံလျှောက်ထားသူတိုင်း ပထမဆုံး သိသင့်သောအချက်မှာ မိမိလျှောက်ထားသော အမှုသည် အာမခံပေးခွင့် ရ၊ မရ ဖြစ်သည်။ အာမခံပေးခွင့်ရသော ပြစ်မှုဖြစ်လျှင် အလိုလို အာမခံရမည်။ ဥပဒေက ပေးပြီးသော အခွင့်အရေးဟု ဆိုနိုင်သည်။ အာမခံပေးခွင့်မရသော အမှုဖြစ်လျှင် တရားသူကြီး၏ ဆင်ခြင်တုံတရားဖြင့် စဉ်းစားချင့်ချိန်သည်။ ပြစ်မှုကျင့်ထုံး ပုဒ်မ ၄၉၇(၁)နှင့်အညီ ဆောင်ရွက်ဆုံးဖြတ်ရသည်။

**ရှေ့နေများက ရှင်းပြပါ**

ဥပဒေနားမလည်သော အမှုသည်များအား ဥပဒေအကြောင်း၊ ကျင့်ထုံးအကြောင်း၊ ဇယား(၂)အကြောင်း သိသင့်သိထိုက်၊ နားလည်ထိုက်သည့် ပြဋ္ဌာန်းချက်များအကြောင်းကို ရှေ့နေက ရှင်းပြရပေမည်။ ဥပဒေပညာရှင်၏ ကျင့်ဝတ်နှင့်အညီ ပညာပေးဆွေးနွေးရပေမည်။ တရားရုံး၏ ကျင့်စဉ်၊ လုပ်ထုံးများကိုလည်း သဘောပေါက်အောင် ပြောပြရပေမည်။

**နားလည်မှုလွဲမှားနိုင်**

အာမခံမရ၍၊ အချုပ်အနှောင်ခံရသည်မှာ ကြာမြင့်နေ၍၊ ရုံးချိန်းခဏခဏလာရ၍၊ အချုပ်ခန်းထဲမှာ မကျန်းမမာဖြစ်နေ၍၊ အခြားမလိုလားအပ်သော ပြဿနာတစ်ခုခုရှိနေ၍ စသည့်အကြောင်းများကြောင့် နားလည်မှု လွဲမှားနိုင်သည်။ တရားရုံးကို အထင်လွဲနိုင်သည်။ ဥပဒေအရာရှိနှင့် ရဲတပ်ဖွဲ့ကိုလည်း မကျေမနပ်ဖြစ်တတ်သည်။ အရှိကို အရှိအတိုင်း၊ အမှန်ကို အမှန်အတိုင်း ဖြစ်ဖို့၊ သိဖို့နားလည်ဖို့ လိုအပ်သည်။ အဓိကအကျဆုံးသူမှာ အမှုသည် ငှားထားသည့် "ရှေ့နေ" ဖြစ်ပေသည်။ ရှေ့နေရှေ့ရပ်၏ မှန်ကန်သောဦးဆောင်မှုအောက်တွင် ဥပဒေမသိသော အမှုသည်သည် အမြဲရှိပေသည်။

**တရားသူကြီး၏ အခန်းကဏ္ဍ**

တရားသူကြီး၏ အခန်းကဏ္ဍမှာကား ဆိုဖွယ်ရာမရှိ။ များစွာ အရေးကြီးသည်။ အမှုသည် တရားခံသည် မတရားဖမ်းဆီးချုပ်နှောင်ခံနေရပါသလား။ ဘာကြောင့် အာမခံ မရပါသလဲ။ ဘာကြောင့် ချုပ်မိန့်ဆက်ပေးနေရပါသလဲ။ ပြစ်မှုနှင့် ရုံးရှေ့စစ်ဆေးမှု ပီပြင်ရမည်။ အများပြည်သူ ရှေ့မှောက်တွင် (OPEN COURT) စစ်နေခြင်းဖြစ်သည်။ တရားမျှတမှုကို ရှာဖွေ၊ ဖော်ထုတ်စစ်ဆေးနေခြင်းဖြစ်ကြောင်း အများပြည်သူ မြင်စေရာသည်။ တစ်နည်းအားဖြင့် အာမခံမပေးခြင်းမှာ ဘာ့ကြောင့်၊ အာမခံပေးခြင်းမှာ ဘာ့ကြောင့် ထင်ရှားစေမည်။ ဥပဒေနှင့်အညီ ပြောသည်။ ပြသည်။ စစ်ဆေးသည်။ ပြည်သူယုံကြည်သည်။ နားလည်သည်။

**ဥပဒေအရာရှိ၏ အခန်းကဏ္ဍ**

အာမခံလျှောက်သည့်ကိစ္စတွင် ဥပဒေအရာရှိ၏ အခန်းကဏ္ဍလည်း ဆက်စပ်ပါဝင်သည်။ နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သော ဥပဒေအရာရှိ (အစိုးရရှေ့နေ)သည် အာမခံပေးသင့်၊ မပေးသင့် သဘောထားမှတ်ချက်ပေးရစမြဲဖြစ်သည်။ တရားစွဲအဖွဲ့အစည်းများ (ဥပမာ ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့)၏ သဘောထားမှတ်ချက်ကို တောင်းခံရသည့်အခါလည်း ရှိတတ်သည်။ အမှုအမျိုးအစားကိုလိုက်၍ ဘက်စုံ၊ ရှုထောင့်စုံတင်ပြကြရသည့် သဘောဖြစ်ပါသည်။ တရားရုံး၏ လုပ်ထုံး၊ ဥပဒေရုံး၏ လက်စွဲ၊ ရဲလက်စွဲ စသည့် ဆက်စပ်သော တာဝန်များကို သိရှိပါမှ ဥပဒေဗဟုသုတ ကြွယ်ဝမည်။ ကိုယ်တစ်ယောက်တည်းသိနေ၊ တတ်နေ၍မဖြစ်။ ကိုယ့်ပတ်ဝန်းကျင်၊ ကိုယ့်အမှုသည် စွပ်စွဲခံရသူများပါ သိဖို့၊ တတ်ဖို့၊ နားလည်ဖို့ တရားဥပဒေလမ်းကြောင်းအတိုင်း လျှောက်လှမ်းဖို့ အရေးကြီးသည်။ လိုအပ်သလို ပညာပေးဖို့ အရေးကြီးသည်။

**တိုင်စာတိုင်မည် တကဲကဲ**

တရားရုံးကို အထင်မှားသည်။ တရားသူကြီးကိုမယုံကြည်။ ဥပဒေအရာရှိကို အားမကိုး။ သဘောရိုးကို နားမလည်။ ကျင့်ထုံးကိုမသိ။ အမှုပွဲစား၏ လှည့်ကွက်ကိုယုံကြည်မိသည်။ ရှေ့နေကလည်း ရှင်းမပြ။ ထိုအခါ အမှားကို အမှန်၊ အမှန်ကိုအမှား၊ သဘောထားပြောင်းသွားသည်။ တိုင်စာရေး၍ တိုင်သည့်အခါ မှန်တာလည်းရှိ၊ မှားတာကများသည်။ အယုံအကြည်ကင်းမဲ့ကုန်ပြီ။ ထိုသို့ မဖြစ်ဖို့၊ တိုင်စာတိုင်မည်တကဲကဲသူများကို နားလည်အောင် ရှင်းပြဖို့တော့ လိုသည်။ **အမှန်တကယ် ထိခိုက်နစ်နာ၍ တရားရုံးက ညစ်၍၊ သွေဖည်၍ ဝန်ထမ်းတာဝန်ခံတစ်ဦးဦးက အဂတိလိုက်စား၍ မဟုတ်မမှန်လုပ်သူများကို တိတိကျကျဖော်ထုတ်၊ တိုင်ကြားခြင်းမျိုးကို မဆိုလိုပါ။ မတားပါ။** အချိန်ကုန်၊ လူပင်ပန်းဖြစ်မှာ စိုးပါသည်။ အချုပ်ထဲမှာ မတရားဖမ်းဆီး ချုပ်နှောင်ခံရသူများ၏ ဘဝကို နားလည်၊ စာနာပါသည်။ ဥပဒေနှင့်အညီ အခွင့်အရေး ရရှိစေလိုသည်။ နည်းမှန်လမ်းမှန် ဖြစ်စေချင်သည်။ မတရားမှု အလိုမရှိပါ။

**အာမခံလျှောက်ထားသည့်အခါ**

(၁) တရားခံသည် ထွက်မပြေးပါ။
(၂) တရားရုံးချိန်း မပျက်မကွက်လာမည်။
(၃) ခိုင်လုံသည့် အာမခံပေးသွင်းမည်။
(၄) သက်သေများကို မဖျက်ဆီးပါ။ ခြိမ်းခြောက်မှုမလွှမ်းမိုးပါ။ အမှုမပျက်စေရပါ။
(၅) အာမခံရသဖြင့် အမှုကို ပြည့်ပြည့်ဝဝ ထုချေခွင့်ရသည့်အတွက်ပါ။
(၆) မကျန်းမာ၍ တိကျ၊ တရားဝင်သော ဆေးစာပူးတွဲ တင်ပြပါသည်။

**ခြွင်းချက်**

(၁) တရားခံ၏ အသက်- ၁၆ နှစ်အောက်ဖြစ်ကြောင်း
(၂) အမျိုးသမီးဖြစ်ကြောင်း
(၃) ဖျားနာ၊ ချည့်နဲ့နေသူဖြစ်ကြောင်း စသည်ဖြင့်လည်း တင်ပြခွင့်ရှိသည်။

**တရားရုံးများ ညွှန်ကြားလွှာ**

တရားရုံးများ ညွှန်ကြားလွှာများစွာရှိသည့်အနက် အာမခံကိစ္စအတွက် ဖော်ပြသော အောက်ပါမူများကို သိသင့်ပါသည်-

(၁) တရားဥပဒေအရ အာမခံပေးရမည့်အမှုကို အာမခံပေးပါ။
(၂) အာမခံမပေးရဟု တားမြစ်သောအမှုမှအပ ကျန်ပြစ်မှုများကို ဥပဒေနှင့်အညီ ဆုံးဖြတ်ပါ။
(၃) အာမခံလျှောက်ထားမှုဆိုင်ရာမူများ၊ စီရင်ထုံးများ၊ လမ်းညွှန်ချက်များကို တိကျစွာ လိုက်နာပါ။
(၄) ဥပဒေအရာရှိ၊ တရားစွဲ အဖွဲ့အစည်းများ၏ တင်ပြချက်ကို လေးနက်စွာ စဉ်းစားပါ။

**စီရင်ထုံးများ**

စီရင်ထုံးများ၏ လမ်းညွှန်ချက်အချို့မှာ-

(၁) အာမခံပေးခြင်းကို မူသဘောသဖွယ်ကျင့်သုံးပါ။
(၂) အာမခံပေးရန် ငြင်းပယ်ခြင်းကို ခြွင်းချက်အဖြစ်သာ ကျင့်သုံးပါ။
(၃) တရားခံကို အပြစ်ရှိသည်ဟု သက်သေမပြနိုင်သရွေ့ အပြစ်ကင်းသည်ဟု မှတ်ယူသင့်သည်။
(၄) အမှုစစ်ဆေးနေစဉ်အတွင်း ကြာမြင့်စွာ ချုပ်နှောင်ထားအပ်သည် မဟုတ်။ ကြိုတင်ပြစ်ဒဏ်ပေးခြင်းမျိုး မဖြစ်အပ်။
(၅) စာရင်းဇယား ကြည့်ရှုစစ်ဆေးခွင့်၊ ရှင်းလင်းခွင့်ပြုပါက အမှုပီပြင်နိုင်သဖြင့် အာမခံပေးခွင့်မရသော အမှုဖြစ်သည့်တိုင် ခံဝန်လုံလောက်က အာမခံပေးသည်ဟူ၍ ဖြစ်သည်။

**အာမခံပြန်ရုပ်ခြင်း**

အာမခံပေးထားပြီး အာမခံကာလအတွင်း ခံဝန်များ ဖောက်ဖျက်ခြင်း၊ ကတိကဝတ်မတည်ခြင်းတို့ကြောင့် အာမခံပြန်ရုပ်ခြင်း လုပ်ရတတ်သည်။ ဥပဒေဖောက်ဖျက်ခြင်းပင်ဖြစ်သည်။ အချို့တရားခံများ ထွက်ပြေးကြသည်။ အာမခံသူ နှစ်ဦးမှာ ခံဝန်ချုပ်နှင့်အညီ ပေးလျော်ရသည်။ အမှုကြာသည်။ ဥပဒေနှင့်အညီ အာမခံပေးခြင်း၏ အနှစ်သာရကို ထိခိုက်သည်။ မူလ ရုံးအမိန့် ၊ အဆင့်မြင့်ရုံးအမိန့်စသည်ဖြင့် ဆောင်ရွက်ရသည်။ အယူခံ၊ ပြင်ဆင်မှုများ ဖွင့်လှစ်ရသည်။ အာမခံပေးပြီးသား အမိန့်ကို ပြန်လည်ဖျက်သိမ်းရသည်မျိုးလည်း ရှိတတ်သည်။ တရားဥပဒေဘောင်အတွင်း နေထိုင်ခြင်း၊ ဘေးကင်းရန်ကွာ လွန်ချမ်းသာ ဖြစ်သင့်သည်။

**အခြေခံဥပဒေပုဒ်မ ၃၇၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ပုဒ်မ ၃၇၅ တွင် " ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသူ တစ်ဦးဦးသည် ဥပဒေနှင့်အညီ ခုခံချေပခွင့် ရှိစေရမည်" ဟု ဖော်ပြထားသည်။ ဥပဒေနှင့်အညီ ခုခံချေပခွင့် ရရှိရေးအတွက် တရားရုံးများတွင် လက်တွေ့ရင်ဆိုင်ဖြေရှင်းကြရသည်။ တည်ဆဲဥပဒေများကိုလည်း တရားရုံးများက လိုက်နာရပေသည်။

**အခြေခံဥပဒေပုဒ်မ ၃၇၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ပုဒ်မ ၃၇၆ တွင် " နိုင်ငံတော်လုံခြုံရေး၊ တရား ဥပဒေစိုးမိုးရေး ၊ အများပြည်သူ အေးချမ်းသာယာရေးနှင့် အများပြည်သူအကျိုးငှာ ဥပဒေနှင့်အညီ ကြိုတင်ကာကွယ်ထားရှိရန် လိုအပ်သောကိစ္စ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ခွင့်ပြုသည့်ကိစ္စမှတစ်ပါး စီရင်ခွင့်ရှိသော တရားသူကြီး၏ ချုပ်မိန့်မရရှိဘဲ မည်သူကိုမျှ ၂၄ နာရီထက် ပို၍ ချုပ်နှောင်ခြင်းမပြုရ" ဟု ဖော်ပြထားသည်။ နိုင်ငံသားများ၏ မူလအခွင့်အရေးဖြစ်ပေသည်။

**ထိလွယ်ရှလွယ် သိမ်မွေ့ဖွယ်**

စွပ်စွဲခံရသူတစ်ဦးအား ဖမ်းဆီးချုပ်နှောင်ခြင်း၊ တရားရုံးက ချုပ်မိန့်ပေးရခြင်း၊ အဘယ်ကြောင့် ချုပ်နှောင်ရသည်၊ ချုပ်မိန့် ပေးရသည်ကို လေးနက်စွာ စိစစ်ဆုံးဖြတ်ရခြင်း၊ ဥပဒေနှင့် ညီညွတ်ရခြင်းတို့ကြောင့် ထိလွယ်ရှလွယ် သိမ်မွေ့ဖွယ်ဖြစ်သော တာဝန်တစ်ရပ်ဖြစ်ပေသည်။ ဤတာဝန်ကို အဓိကဆောင်ရွက်ရသော တရားသူကြီးများအား ပြည်သူများက ယုံကြည်ကိုးစားကြပေသည်။ ယခုအခါ ပြည်ထောင်စု တရားလွှတ်တော်ချုပ်က မြန်မာ့တရားစီရင်ရေးစနစ် တိုးတက်စေရန် ဆောင်ရွက်မည့် သုံးနှစ်တာ စီမံကိန်းတစ်ရပ် ထုတ်ပြန်ပြီးလည်း ဖြစ်ပါသည်။

**အသက်တစ်ရာ မနေရ၊ အမှုတစ်ရာ ကြုံရ**

လူ့သဘာဝနှင့်အညီ အသက်တစ်ရာမနေရသော်လည်း အမှုတစ်ရာ ကြုံတတ်စမြဲဖြစ်ပါသည်။ ကြုံတွေ့သမျှ အမှုတိုင်းကို တရားဥပဒေ၏ အကာအကွယ် ရထိုက်ပေသည်။ မသိနားမလည်သော၊ ဥပဒေဗဟုသုတ နည်းပါးသော အမှုရင်ဆိုင်ရသူ ပြည်သူများအား အနိုင်ကျင့်ခြင်း၊ အဂတိလိုက်စားခြင်း၊ ငွေများတရားနိုင်ခြင်း၊ တစ်ပူပေါ်နှစ်ပူဆင့်ခြင်းများ မပြုအပ်။ တရားဥပဒေစိုးမိုးရေး၏ အနှစ်သာရများ ရရှိခံစားစေအပ်သည်။

**တင်ပြချက်**

"တရားရုံးများက အာမခံပေးခြင်း" ဟူသော ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပြဋ္ဌာန်းချက်များကို ခံစားခွင့်ရှိသူတိုင်း အညီအမျှ၊ ဥပဒေနှင့်အညီ ခံစားခွင့်ရရှိနိုင်ကြပါစေကြောင်း------။

တရားရုံး၏ လုပ်ထုံး၊ ဥပဒေရုံး၏ လက်စွဲ၊ ရဲလက်စွဲ စသည့် ဆက်စပ်သော တာဝန်များကို သိရှိပါမှ ဥပဒေဗဟုသုတ ကြွယ်ဝမည်။ ကိုယ်တစ်ယောက်တည်း သိနေ၊ တတ်နေ၍ မဖြစ်။ ကိုယ့်ပတ်ဝန်းကျင်၊ ကိုယ့်အမှုသည် စွပ်စွဲခံရသူများပါ သိဖို့၊ တတ်ဖို့၊ နားလည်ဖို့ တရားဥပဒေလမ်းကြောင်းအတိုင်း လျှောက်လှမ်းဖို့ အရေးကြီးသည်။

ပြည်တွင်းသတင်း

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ အရပ်ဘက်လူမှုအဖွဲ့ အစည်း ၁၀ ဖွဲ့တို့မှ တာဝန်ရှိသူများ လာရောက်လေ့လာ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

လူထုရပိုင်ခွင့် ညှိနှိုင်းဖော်ဆောင်ရေးအဖွဲ့ (မြန်မာပြည်) (Civil Authorize Negotiate Organization)နှင့် အထက်မြန်မာပြည်အခြေစိုက် အရပ်ဘက်လူမှုအဖွဲ့အစည်း ၁၀ ဖွဲ့တို့မှ တာဝန်ရှိသူ ၁၆ ဦးတို့သည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံးသို့ လာရောက်လေ့လာခဲ့ကြရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် အဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး သင်တန်းခန်းမ၌ တွေ့ဆုံခဲ့သည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို အောက်တိုဘာလကုန် သို့မဟုတ် နိုဝင်ဘာလ ပထမပတ်တွင် ကျင်းပရန် စီစဉ်ထားကြောင်း၊ လွတ်လပ်မျှတသော ရွေးကောက်ပွဲကို ပွင့်လင်းမြင်သာစွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ မဲဆန္ဒရှင်စာရင်း ပြုစုခြင်းနှင့် မဲဆန္ဒရှင်ပညာပေးခြင်းတို့ကို စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲကျင်းပရာတွင် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များ ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာမည့် လူမှုရေးအဖွဲ့အစည်းများအနေဖြင့် သိက္ခာ၊ သမာဓိရှိပြီး ပါတီအရောင်အသွေး ကင်းရှင်းရန် လိုအပ်ကြောင်း၊ မဲဆန္ဒရှင် ပညာပေးခြင်းကို ဆောင်ရွက်ရာတွင် အရပ်ဘက် လူမှုအဖွဲ့အစည်းများအနေဖြင့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ငန်းလမ်းညွှန်နှင့် လက်စွဲစာစောင်များ လေ့လာပြီး ညွှန်ကြားထားသည်များနှင့် အညီ ပူးပေါင်းပါဝင် ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။



ထို့နောက် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများက မိတ်ဆက်စကားပြောကြားပြီး ၎င်းတို့အဖွဲ့လိုက် လုပ်ဆောင်ချက်များနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဒေါက်တာဒေါ်မြင့်ကြည်က ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များ၊ ကော်မရှင်၏ ဆောင်ရွက်ချက်များ၊ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းကြည်က အခြေခံမဲဆန္ဒရှင် စာရင်းပြုစုခြင်း လုပ်ငန်းစဉ်များနှင့် လက်ရှိဆောင်ရွက်နေမှုများကို လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းကိုက ကော်မရှင်နှင့် စပ်လျဉ်းသည့် ဥပဒေ၊ နည်းဥပဒေများနှင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေတို့ကို လည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ မဲဆန္ဒရှင်စာရင်းကောက်ယူခြင်း၊ မဲဆန္ဒရှင်များပညာပေးခြင်း၊ မဲဆွယ်စည်းရုံးခြင်း၊ ရွေးကောက်ပွဲစနစ်တို့နှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းခဲ့ရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ အဖွဲ့ဝင် ဦးဝင်းကြည်နှင့် ဦးဝင်းကိုတို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မီးသတ်ယာဉ်နှင့် လူနာတင်ယာဉ် ပေးအပ်လှူဒါန်းပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ ပြည်သူ့အားကစားကွင်း၌ ဒီဇင်ဘာ ၂၅ ရက်က ကျင်းပသည့် မီးသတ်ယာဉ်နှင့်လူနာတင်ယာဉ် ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အထောက်အကူပြုကော်မတီများနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားရာတွင် ကျေးလက်နေပြည်သူများ အဓိကလိုအပ်ချက်ဖြစ်သည့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်လျက်ရှိသော ကဏ္ဍများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်သူတို့၏ ပူးပေါင်းပါဝင်ကူညီမှုများဖြင့် မိမိတို့မြို့နယ်၊ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယခုလိုလှူဒါန်းသည့် မီးသတ်ယာဉ်နှင့် လူနာတင်ယာဉ်ကိုလည်း လုပ်ငန်းလိုအပ်လျက်ရှိသည့် ကိစ္စရပ်များတွင် စနစ်တကျ ထိန်းသိမ်းသုံးစွဲသွားကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်က မီးသတ်ယာဉ်နှင့် လူနာတင်ယာဉ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက မြို့နယ်ဘောလုံးအသင်းများအတွက် ဘောလုံးများကို မြို့နယ်အားကစားဦးစီးမှူးသို့လည်းကောင်း၊ မီးသတ်ယာဉ်ကို မြို့နယ်မီးသတ်ဦးစီးဌာန တာဝန်ရှိသူသို့လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်က လူနာတင်ယာဉ်ကို မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးသို့လည်းကောင်း လွှဲပြောင်းပေးအပ်သည်။

လူနာတင်ယာဉ်နှင့် မီးသတ်ယာဉ်ပေးအပ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ဒေသခံတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကျောက်ပန်းတောင်းမြို့နယ်၊ အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ကလပ်သင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲသို့ တက်ရောက်အားပေးကြည့်ရှုသည်။

ဒီဇင်ဘာ ၂၅ ရက်ကလည်း စကားဝါမြေဖောင်ဒေးရှင်း၏ ပဉ္စမအကြိမ်မြောက် ကျေးရွာ ၂၀ တို့မှ ရှင်သာမဏေလောင်း ၁၅၂ ပါးတို့အား သာသနာ့ဘောင်သို့ချီးမြှင့်သည့် ရှင်ပြုအလှူတော်မင်္ဂလာ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့်အဖွဲ့သည် ပွေးကျစ်တောင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ လှူဖွယ်ပစ္စည်းများ လှူဒါန်းသည်။ ဆက်လက်၍ ပွေးကျစ်တောင်ကျေးရွာအုပ်စုနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ပါဝင်ယှဉ်ပြိုင်သည့် ဒိုးပတ်ပြိုင်ပွဲနှင့် ချောတိုင်တက်ပြိုင်ပွဲများသို့ အားပေးကြည့်ရှုပြီး ဒိုးပတ်ပြိုင်ပွဲနှင့် ချောတိုင်တက်ပြိုင်ပွဲမှ ဆုရရှိသောအဖွဲ့များအား ဆုဖလား၊ ဆုတော်ငွေများနှင့် Skynet ရုပ်သံလွှင့်စက်တစ်စုံစီ ချီးမြှင့်ပေးအပ်သည်။

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့်အဖွဲ့သည် ဒေသခံကျေးရွာသူကျေးရွာသားများနှင့်အတူ ဒီဇင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် ပဉ္စမအကြိမ်မြောက် ရှင်သာမဏေ ၁၅၂ ပါး ရှင်ပြုခြင်းအခမ်းအနားသို့ တက်ရောက်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် ကျေးရွာလူထုနှင့်တွေ့ဆုံပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

# ပျော်ဘွယ်မြို့နယ်မှ ကောနေသည့် ကျောက်ဆည်ကန် ပြန်လည်တူးဖော်ပြုပြင်ရေး တောင်သူများက ဆန္ဒဖော်ထုတ်

**ပျော်ဘွယ် ဒီဇင်ဘာ ၂၆**

ပျော်ဘွယ်မြို့နယ် အရှေ့တောင်ဘက် ၁၀ မိုင်ခန့်အကွာ၌ ကျောက်ဆည် ကန်ရှိသည်။ ကျောက်ဆည်ကန်မှ စိုက်ပျိုးရေကို ကျောက်ဆည်အုပ်စု၊ ရွှေညောင်ဖူးအုပ်စု၊ ကုန်းသာအုပ်စု၊ ဆူးချဉ်ကုန်းအုပ်စုနှင့် ဘုရားကြီးအုပ်စုတို့ရှိ ကျေးရွာများမှ တောင်သူလယ်သမားများအတွက် စိုက်ပျိုးရေဧက ၄၃၀၀ သောက်သုံးနေရသော ကန်ကြီးဖြစ်သည်။ သို့သော် ကန်ကြီးမှာ သဲနုန်းပို့သဖြင့် ကန်ကောကာ ရေဝပ်ဧရိယာ နည်းလာသည်။ ထို့ကြောင့် ၂၀၁၄ခုနှစ်ဧပြီလက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ပျော်ဘွယ်မြို့၌ ပြည်သူများနှင့်တွေ့ဆုံရာတွင် ဒေသခံပြည်သူများက ကျောက်ဆည်ကန်ကြီးအား ပြန်လည်တူးဖော် ဆည်ဖို့ပေးရန် တင်ပြခဲ့ကြသည်။ ဒေသခံပြည်သူများ၏တင်ပြချက်အရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကွင်းဆင်းတိုင်းတာ၍ ကျောက်ဆည်ကန်ကြီးကို ပြန်လည်တူးဖော်ဆည်ဖို့ရန် စီမံဆောင်ရွက်ခဲ့ကြသည်။

ဤကဲ့သို့ ကျောက်ဆည်ကန်ကြီးကိုပြန်လည်တူးဖော်ရန် စီစဉ်နေစဉ် ပျော်ဘွယ်မြို့နယ် ကျောက်ဆည်ကန် ရေဝပ်ဧရိယာ၌ စိုက်ပျိုးလုပ်ကိုင်နေကြသည့် သန်းတောကျေးရွာမှ တောင်သူ ၁၅၅ ဦးတို့က ကျောက်ဆည်ကန်ကို ဆယ်ဖို့ပြုပြင်ခြင်းမပြုရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၉ ရက်က ကန့်ကွက်စာ တင်ခဲ့သည်။ ထို့ကြောင့် ကျောက်ဆည်ကန် ပြုပြင်ဆည်ဖို့ရေး စီမံကိန်းရပ်ဆိုင်းထားခဲ့ရသည်။

ပျော်ဘွယ်မြို့နယ် ကျောက်ဆည်ကျေးရွာအုပ်စု၊ ရွှေညောင်ဖူးကျေးရွာအုပ်စု၊ ကုန်းသာကျေးရွာအုပ်စု၊ ဆူးချဉ်ကုန်းကျေးရွာအုပ်စုနှင့် ဘုရားကြီးကျေးရွာအုပ်စုတို့ ပါဝင်သည့် ကျေးရွာအုပ်စုငါးအုပ်စုမှ တောင်သူလယ်သမား ၅၀၀၀ ကျော်တို့သည် ဒီဇင်ဘာ ၂၃ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရုံးသို့ တရားဝင်စာတင်ကာ ကျောက်ဆည်ကန်ကို ဥပဒေနှင့်အညီ ပြန်လည်တူးဖော်ပေးရန်နှင့် ကျောက်ဆည်ကန် တူးဖော်ရေးကို ကန့်ကွက်မှုအပေါ် ပြစ်တင်ရှုတ်ချသည့် ဆန္ဒဖော်ထုတ်ပွဲကို ကျောက်ဆည်ကျေးရွာ ဓမ္မာရုံမှ ကျောက်ဆည်ကန်ပေါင်ပေါ်အထိ ကြွေးကြော်သံများ၊ ပိုစတာများကိုင်ဆောင်ကာ စုပေါင်းဆန္ဒဖော်ထုတ်ခဲ့ကြသည်။ **(ဓါတ်ပုံ)**

**တင်လှိုင်(မိတ္ထီလာ)**




## မှူးဇော်၏ "ပြုပြင်ပြောင်းလဲရေး တတိယလှိုင်း၊ ဘာလဲ၊ ဘယ်လဲ"

**နေပြည်တော် ဒီဇင်ဘာ ၂၆**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ဦးဆောင်သည့် အစိုးရသစ် တက်လာသည့်သက်တမ်းမှာ ယခုဆိုလျှင် လေးနှစ်နီးပါး ချင်းနင်းဝင်ရောက်လာခဲ့ပြီဖြစ်သည်။ နိုင်ငံတကာမှ မျှော်လင့်မထားသော ပြုပြင်ပြောင်းလဲမှုများ ဆက်တိုက်ဆိုသလိုဖြစ်ပေါ်လာခဲ့ပြီး မြန်မာ့နွေဦးဟူ၍ပင် တင်စား ခေါ်တွင်ရသည်အထိ အောင်မြင်ခဲ့ပေသည်။ လက်ရှိကာလတွင် လူဖြင့်အုပ်ချုပ်သောစနစ်မှသည် မူဖြင့် အုပ်ချုပ်သောစနစ်၊ ထိုမှ တစ်ဆင့် အင်စတီကျူးရှင်းများဖြင့် ထိန်းကျောင်းသောစနစ်သို့ ဦးတည်နေပြီဟုဆိုက မှားမည်မဟုတ်ပေ။



အစိုးရ အုပ်ချုပ်ရေးယန္တရားသည် ၁၉၄၇ ခုနှစ်မှ ပြန်လည်ရေတွက်ကြည့်လျှင် နှစ်ပေါင်း ၆၀ ကျော်ဗဟိုဦးစီးအုပ်ချုပ်မှု ပုံသဏ္ဍာန်ဖြင့် အသားကျလာခဲ့ခြင်းဖြစ်ရာ လွတ်လပ်ပွင့်လင်းပြီး တာဝန်သိ၊ တာဝန်ခံသော အုပ်ချုပ်ရေးယန္တရားအဖြစ် အသွင်ကူးပြောင်းရာတွင် အခက်အခဲများ၊ စိန်ခေါ်မှုများ များစွာရှိခဲ့သည်။ အမိန့်အာဏာများကို လုပ်ထုံးလုပ်နည်းများအဖြစ် နှစ်ပေါင်းများစွာ ပြောင်းလဲကျင့်သုံးခဲ့သော အုပ်ချုပ်ရေးယန္တရားကို ပြုပြင်ပြောင်းလဲရာတွင် အစိုးရဖွဲ့စည်းတည်ဆောက်မှုStructure ဆိုင်ရာစိန်ခေါ်မှုများ၊ အစုအဖွဲ့ Organization ဆိုင်ရာ စိန်ခေါ်မှုများ၊ စိတ်ဓာတ်နှင့် ခံယူချက် Mindset ဆိုင်ရာ စိန်ခေါ်မှုများ အများအပြား ကြုံတွေ့ခဲ့ရသည်ကို ပြုပြင်ပြောင်းလဲမှု လှိုင်းအဆင့်ဆင့်ကိုကြည့်၍ တွေ့ရှိနိုင်ပေသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ပြုပြင်ပြောင်းလဲရေးလေးရပ်နှင့် လှိုင်းသုံးလှိုင်းအကြောင်းတို့ကို ဤစာအုပ်တွင် ခွဲခြမ်းစိတ်ဖြာရေးသားဖော်ပြထားခြင်းဖြစ်သည်။ အများစု စိတ်ဝင်စားလျက်ရှိသော တတိယလှိုင်း ပြုပြင်ပြောင်းလဲရေးဟူသည်မှာ အဘယ်နည်းဆိုသည်ကိုလည်း ရှင်းလင်းထားသည်။ ရွက်စိမ်းစာပေမှ ထုတ်ဝေပြီး စာအုပ်တန်ဖိုးမှာ ကျပ်နှစ်ထောင်ဖြစ်ကြောင်း၊ အမြို့မြို့အနယ်နယ်တွင် ဝယ်ယူရရှိနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



ရေးပါတီများ၊
သတင်းစဉ်)

်ရေးအတွက်
ရေး၊ လျှပ်စစ်မီး
ကြီးပါကြောင်း၊
းတိုးတက်ရေး
ှင့်ပြုပေးသည့်
သီးသန့်ရန်ပုံ
းခဲ့ပါကြောင်း၊
ခြေပြု၍ဒေသ
ရွက်ကြရမည်
ွင်းစက်မှုလုပ်
း အလတ်စား
သားငါး
ရေးကိုလည်း
ဖြစ်ပါကြောင်း၊
က်ရန် အလုပ်
များ ရရှိရေး
ကြာင်း၊ အလုပ်
များနှင့် ပတ်
တွင် အားသာ
င်း၊ ကျောက်
ကျွန်းရေနက်
တ်ငွေ့တင်ပို့

မှုနှင့် ရေနံစိမ်းတင်ပို့နိုင်မည့် အခြေခံလုပ်ငန်းများကို အမှီပြု၍ အလုပ်အကိုင် အခွင့်အလမ်းများရရှိလာမည်ဖြစ်ပါကြောင်း၊ ပေါ်ထွက်လာမည့် အလုပ်အကိုင်အခွင့်အလမ်းများအတွက် ကျွမ်းကျင်လုပ်သားများလိုအပ်မည် ဖြစ်ပါကြောင်း၊ ကျွမ်းကျင် လုပ်သားများဖြစ်ရန် ပညာတတ်ရန်လိုအပ်ပါကြောင်း၊ ထို့ကြောင့် ရခိုင်ပြည်နယ်အတွင်း ပညာရေးကဏ္ဍကိုလည်း အဆင့်မြှင့်တင်ပေးလျက်ရှိနေပါကြောင်း၊ သဘာဝအမွေအနှစ်သယံဇာတများဖြစ်သည့် ပင်လယ်ပြင်၊ မြစ်၊ ချောင်းစသည့် သက်မဲ့အရာများကို အကျိုးရှိရှိအသုံးချနိုင်ရန် လူ့စွမ်းအားအရင်းအမြစ်သည် အရေးကြီးပါကြောင်း၊ ထိုလူ့စွမ်းအား အရင်းအမြစ်၏ အခြေခံသည် ပညာရေးပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပညာရေးအတွက် တာဝန်ယူနေကြသူအားလုံးအနေဖြင့် လူငယ်များ၏ အနာဂတ်ကို ဖန်တီးပေးရာတွင် လူငယ်များအတွက် အနာဂတ်ကို ယုံကြည်စိတ်ချရသည့် အနာဂတ်ဖြစ်ရေးသည် အရေးကြီးပါကြောင်း။

မိမိတို့ အစိုးရသက်တမ်းကာလအတွင်း ပြည်သူဗဟိုပြု၍ ပြည်သူအကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက် ရှိနေပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ရာတွင် ပြည်သူတို့၏ ဆန္ဒများကို အဓိကထားဆောင်ရွက်လျက်ရှိနေပါကြောင်း၊ မိမိတို့အနေဖြင့် ဒီမိုကရေစီစနစ်သို့ ပြုပြင်ပြောင်းလဲရာတွင် ညင်သာစွာပြုပြင်ပြောင်းလဲနိုင်ခဲ့ပါကြောင်း၊ ဒီမိုကရေစီစနစ် ပြုပြင်ပြောင်းလဲရေးကိုမိမိတို့ကဲ့သို့ ညင်သာစွာမဆောင်ရွက်နိုင်သေးသည့် နိုင်ငံများကိုလည်း တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း၊ ပြည်သူများ၏ တူညီသည့်ဆန္ဒသည် တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် လူမှု စီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့ပင်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ပေါများကြွယ်ဝသည့် သဘာဝသယံဇာတများနှင့် လူ့စွမ်းအား အရင်းအမြစ်များကို အသုံးချ၍ အဆင်းရဲဆုံးနိုင်ငံများစာရင်းမှ လွတ်မြောက်ရန် ကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများတွင် နိုင်ငံသားအားလုံးပါဝင်နိုင်ရန် ဆောင်ရွက်ခဲ့ပါကြောင်း၊ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း၏ လက်နက်ကိုင် ပဋိပက္ခချုပ်ငြိမ်းရေးသည် အရေးကြီးပါကြောင်း၊ ထိုပဋိပက္ခများသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို အနှောင့်အယှက်ဖြစ်စေပါကြောင်း၊ ထို့ကြောင့် မိမိတို့ အစိုးရတာဝန် စတင်ယူသည့် အချိန်တွင် ငြိမ်းချမ်းရေးကိုဖိတ်ခေါ်ခဲ့ပါကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ အဆင့်ဆင့်ဆောင်ရွက်ခဲ့ရာ ယခုဆိုလျှင် ငြိမ်းချမ်းရေးဆွေးနွေးပွဲစားပွဲဝိုင်းတွင် ဆွေးနွေးနိုင်ခဲ့ကြပြီး အချင်းချင်းလက်ဆွဲနှုတ်ဆက်သည့် အဆင့်ကိုပင် ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် ဆွေးနွေးညှိနှိုင်းအဖြေရှာခြင်းဖြင့် ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်ကြရမည်ဖြစ်ပါကြောင်း၊ တူညီသည်များကို လက်တွဲလုပ်ကိုင်ပြီး မတူညီသည်များကို ညှိနှိုင်းဆွေးနွေးလုပ်ကိုင်ကြရမည်ဖြစ်ပါကြောင်း၊ မကြာမီ အပစ်အခတ်ရပ်စဲရေးစာချုပ် ချုပ်ဆိုပြီးထာဝရငြိမ်းချမ်းရေးရရှိစေရန် နိုင်ငံရေးဆွေးနွေးပွဲများကို ဆက်လက်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊

စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးမှ ဆင်းရဲမှုလျော့ကျမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့ကျရေးလုပ်ငန်းစဉ်(၈) ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ဆင်းရဲမှုလျော့ကျရန် ပုံမှန်ဝင်ငွေရရှိရေးလုပ်ငန်းများကို ဦးစားပေး လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် အရင်းအနှီး၊ အတတ်ပညာ၊ နည်းပညာများနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်ပါကြောင်း၊ ထို့ကြောင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ် ကမ်းလှမ်းခဲ့ပါကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာနိုင်ရန် လိုအပ်သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကိုလည်း ပြဋ္ဌာန်းနိုင်ခဲ့ပြီဖြစ်ပါကြောင်း။

အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများနှင့် ပတ်သက်၍ ယခင်က အထက်မှ အောက်သို့ အဆင့်ဆင့် ညွှန်ကြားလုပ်ဆောင်သည့်စနစ်ကျင့်သုံးခဲ့ရာမှ ယခုအခါ ပြည်သူကို အခြေပြုသည့် ပြည်သူဗဟိုပြု အုပ်ချုပ်ရေးစနစ်ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူများ လတ်တလောချက်ချင်းကောင်းကျိုး ခံစားရနိုင်သည်များကို မိမိတို့အစိုးရအနေဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပုဂ္ဂလိကအခန်းကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အကောင်အထည်ဖော်ဆောင်ပေးလျက်ရှိပါကြောင်း။

နိုင်ငံ့ဝန်ထမ်းများနှင့်ပတ်သက်၍လည်း သွားလာရေးခက်ခဲသည့်ဒေသများရှိ ဝန်ထမ်းများကို လစာ နှစ်ဆတိုးမြှင့်ပေးခဲ့ပါကြောင်း၊ အစိုးရနှင့် ဝန်ထမ်းသည် မိဘနှင့်သား သမီးသဖွယ်ပင်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများနှင့်ပတ်သက်၍ ဆောင်ရွက်ပေးနိုင်သည်များကို အသေးစိတ်တွက်ချက်လျက်ရှိနေပါကြောင်း၊ တစ်ဦးချင်း ဝင်ငွေစုဆောင်းသည့်စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့်ပတ်သက်၍လည်း ဝန်ထမ်းများအခမဲ့ဆေးဝါးကုသနိုင်ရေးကို စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပညာရေးတွင်လည်း မူလတန်း၊ အလယ်တန်းအခမဲ့ ပညာရေးစနစ်ကို ဆောင်ရွက်ခဲ့ပြီး နိုင်ငံ့ဝန်ထမ်းများ၏ သားသမီးများ အဆင့်မြင့် ပညာသင်ကြားနိုင်ရေးအတွက် ပညာသင်ဆုများကိုလည်း ပေးအပ်သွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံခြား ပညာတော်သင်များအတွက် နိုင်ငံတော်သမ္မတ၏ ပညာသင်ဆုကိုလည်း ချီးမြှင့်နိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ ပင်စင်ယူသည့်ကာလတွင် အိမ်ရာဖြင့်နေထိုင်နိုင်ရန် ထိုက်သင့်သည့် စုဆောင်းငွေများအလိုက် အိပ်ခန်းတစ်ခန်း၊ နှစ်ခန်း၊ သုံးခန်း ပါဝင်သည့် အိမ်ရာစနစ်ကို အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ မိမိတို့ နိုင်ငံ့ဝန်ထမ်းများ ကောင်းမွန်သည့်အနာဂတ်အတွက် ရေတိုရေရှည်စီမံကိန်းများကို ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတို့ လုပ်ငန်းတာဝန်များကို ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒေသတွင်းလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကိစ္စနှင့် ပတ်သက်၍ ဒေသခံပြည်သူအားလုံးက နိုင်ငံတော်အစိုးရနှင့်အတူ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်းဖြင့်မှာကြားသည်။

ထို့နောက် စစ်တွေမြို့နယ် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးသန်းရွှေက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ကယ်ဆယ်ရေးလုပ်ငန်းသုံး အမြန်ရေယာဉ်ဖြင့် ကစ္ဆပနဒီမြစ်နှင့် ဘင်္ဂလားပင်လယ်အော်ဆုံရာ ပင်လယ်ဝအားကြည့်ရှုလေ့လာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့ မြို့ပတ်ရှုခင်းသာလမ်း တစ်လျှောက် ဖွံ့ဖြိုးတိုးတက်နေမှုများအား မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ၄င်းမှတစ်ဆင့် အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ သံတွဲမြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိသည်။

**(သတင်းစဉ်)**

## ပြည်တွင်းသတင်း



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကျောက်တော်မြို့ မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်အား ပန်း၊ ရေချမ်း ကပ်လှူပူဇော်စဉ်။**

(သတင်းစဉ်)

**ကျောက်တော်မြို့ ရှုခင်းအလှကို တွေ့ရစဉ်။**



က် ဝတ်စုံပြည့်
ကျင့်မှုများကို

င်စစ်ကြောင်း

များက ချီတက်အလေးပြုရန် လေ့ကျင့်မှုများ ဆောင်ရွက်နေသကဲ့သို့ ဗိုလ်ရှုခံအခမ်းအနားကျင်းပမည့် နေရာ၏ ကောင်းကင်ယံတွင်လည်း တပ်မတော်ရဟတ်ယာဉ်များနှင့် တိုက်လေယာဉ်များက ပါဝင်လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်ကို တွေ့ရှိရသည်။ **(သတင်းစဉ်)**



**းတွင် ပါဝင်သရုပ်ပြ ချီတက်အလေးပြုကြမည့် တပ်မတော်သံချပ်ကာ၊ အမြောက်နှင့်**
ပါပုံနှင့်ယာပုံ) (သတင်းစဉ်)



ပြည်တွင်းသတင်း

# မြန်မာ့လယ်ယာကဏ္ဍမြှင့်တင်ရေး ပြည်ပအကူအညီများ ဝင်ရောက်

**ယနေ့ကာလတွင် ကမ္ဘာ့ဈေးကွက်၏လိုအပ်ချက်အရ အရည်အသွေးကောင်းမွန်က ဓာတုဆေးဝါးဓာတ်ကြွင်းတို့၏ ဘေးအန္တရာယ်ကင်းရှင်းပြီး စိတ်ချယုံကြည်ရသော လယ်ယာထွက်ကုန်သီးနှံများ ယှဉ်ပြိုင်ရောင်းချလာကြပြီဖြစ်ပါသည်။ သို့ဖြစ်ရာ လတ်ဆတ်သောသီးနှံများနှင့် ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ အရည်အသွေးကောင်းမွန်ပြီး ဘေးဥပဒ်ကင်းရှင်းအောင်စီမံဆောင်ရွက်နိုင်ရေး၊ မရိတ်သိမ်းမီနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာများကို စိုက်ပျိုးထုတ်လုပ်မှုအဆင့်တိုင်းတွင် လက်တွေ့ကျကျသင်တန်းပေးရေးတို့ ဆောင်ရွက်သွားရန် လိုအပ်လျက်ရှိနေသည်။**

**တွေ့ဆုံမေးမြန်း- ဇင်ဦး(မြန်မာ့အလင်း)**

**ဓာတ်ပုံ-အောင်ပိုင်**

ယခုအခါ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(KOICA)မှ ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ သန်း၊ မြန်မာနိုင်ငံလယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ အမေရိကန်ဒေါ်လာ ဝ ဒသမ ၅ သန်းအကုန်အကျခံပြီး မြန်မာ့လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်၍ ရိတ်သိမ်းချိန်လွန်နည်းပညာသင်တန်းကျောင်းကို မန္တလေးတိုင်းဒေသကြီး ထုံးဘို၌ ဖွင့်လှစ်ပြီးဖြစ်ရာ ယင်းသင်တန်းကျောင်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ မြန်မာ့အလင်းမှတွေ့ဆုံမေးမြန်းခဲ့သည်-

**ဦးမြင့်လှိုင်**
**ပြည်ထောင်စုဝန်ကြီး**
**လယ်ယာစိုက်ပျိုးရေးနှင့်**
**ဆည်မြောင်းဝန်ကြီးဌာန**

မန္တလေးတိုင်းဒေသကြီး ထုံးဘိုမှာဖွင့်လှစ်တဲ့ ရိတ်သိမ်းချိန်လွန် နည်းပညာ သင်တန်းကျောင်းဟာ ယခင်ကိုရီးယား သမ္မတနိုင်ငံသမ္မတကြီးဖြစ်တဲ့ မစ္စတာ အီမြောင်ဘတ်နဲ့ နိုင်ငံတော်သမ္မတကြီးတို့ရဲ့ ခရီးစဉ်မှာ ပေါ်ပေါက်လာခဲ့တဲ့ ချစ်ကြည်ရေးလက်ဆောင်ဖြစ်ပါတယ်။ နိုင်ငံလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းကျော် မှီခိုအားထားရာ လယ်ယာကဏ္ဍကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒီရိတ်သိမ်းချိန်လွန်သင်တန်းကျောင်းဟာ တောင်သူလယ်သမားတွေအတွက် ကြီးမားစွာအထောက်အကူဖြစ်သလို ပညာရှင်တွေ/စိုက်ပျိုးရေးဝန်ထမ်းတွေအတွက် အင်မတန်မှ အားထားရမယ့် သင်တန်းကျောင်းတစ်ခု ဖြစ်ပါတယ်။

အထူးသဖြင့် ဒီသင်တန်းကျောင်းဟာ မြန်မာနိုင်ငံလယ် ယာကဏ္ဍကို ကြီးမားစွာ အထောက်အကူပြုမှာဖြစ်တဲ့အတွက်ကြောင့် ကိုရီးယားနိုင်ငံနဲ့ မြန်မာနိုင်ငံအကြားမှာ လယ်ယာကဏ္ဍနဲ့ပတ်သက်ပြီး သမိုင်းမှတ်တိုင်သစ်တစ်ခု စိုက်ထူနိုင်ခြင်းဖြစ်တယ်လို့ ပြောကြားလိုပါတယ်။ ဒီနေ့မြင်ရတဲ့အတိုင်း ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံတွေ စတင်စိုက်ပျိုးတဲ့ အချိန်ကနေ အရည်အသွေးထိန်းသိမ်းတဲ့ စနစ်တွေ၊ စနစ်တကျကျန်းမာရေးနဲ့ညီညွတ်တဲ့ ဟင်းသီးဟင်းရွက်သစ်သီးဝလံတွေကို သန့်စင်တဲ့စနစ်တွေ၊ ထုပ်ပိုးတဲ့စနစ်တွေ၊ ပါဝင်နေတဲ့ ပိုးမွှားတွေကို သန့်စင်တဲ့နည်းစနစ်တွေကို သိပ္ပံနည်းကျခေတ်ခဲ့ကိရိယာတွေနဲ့ ပြည့်ပြည့်စုံစုံသင်ကြားပေးနိုင်တဲ့ ကျောင်းတစ်ကျောင်းဖြစ်တဲ့အတွက်ကြောင့် အဆင့်မြင့်တဲ့ ကျောင်းတစ်ကျောင်းဖြစ်တယ်လို့ ပြောကြားလိုပါတယ်”ဟု ပြောကြားသည်။

**မစ္စတာလီဘက်ဆွန်း**
**မြန်မာနိုင်ငံဆိုင်ရာ**
**ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး**

ဒီသင်တန်းကျောင်းဖွင့်လှစ်ရတဲ့ ရည်ရွယ်ချက်ကို ပြောရမယ်ဆိုရင် မြန်မာနိုင်ငံဟာ လယ်ယာစိုက်ပျိုးရေးနိုင်ငံတစ်နိုင်ငံဖြစ်တယ်။ ဒါပေမယ့်လည်း မြန်မာနိုင်ငံက လယ်ယာထွက်ကုန်တွေ၊ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်တွေ၊ ဥယျာဉ်ခြံထွက်သီးနှံတွေ ရိတ်သိမ်းခူးဆွတ်ပြီးတဲ့နောက်မှာ ထိန်းသိမ်းခြင်းနည်းပညာ အစီအမံများမရှိတဲ့အတွက် အရည်အသွေးကျဆင်းမှုတွေ၊ ဆုံးရှုံးမှုတွေ ဖြစ်ပေါ် နေတာတွေ့ရပါတယ်။

ဒီလိုမျိုး အရည်အသွေးထိန်းသိမ်းတဲ့နေရာမှာ အစစအရာရာ အားနည်းနေတာမို့ ကိုရီးယားနိုင်ငံအနေနဲ့ အတွေ့အကြုံတွေ အတတ်ပညာတွေ မြန်မာနိုင်ငံကို ဖြန့်ဝေပေးပြီးတော့ ဒီနည်းပညာတွေကနေတစ်ဆင့် မြန်မာနိုင်ငံက ပြည်ပဈေးကွက်၊ ဒါမှမဟုတ် ပြည်တွင်းဈေးကွက်မှာ အရည်အသွေးတိုးတက်တဲ့ ထွက်ကုန်တွေ ဖြစ်လာဖို့အတွက် ဒီသင်တန်းကျောင်းကို လျာဒါန်းရခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံလယ်ယာကဏ္ဍတိုးတက်ဖို့အတွက်ဆိုရင် နည်းပညာရော၊ စက်ကိရိယာပစ္စည်းတွေပါ ခေတ်မီတိုးတက်ဖို့ လိုအပ်နေတာတွေ့ရတယ်။ ဒီလိုမျိုးသင်တန်းကျောင်းတွေဆောက်ပြီး နည်းပညာပံ့ပိုးပေးသလို နောက်စက်ကိရိယာပစ္စည်းတွေလည်း ဒီထက်ပိုမိုတိုးတက်မယ်ဆိုလို့ရှိရင် မြန်မာ့လယ်ယာကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ကိုရီးယားနိုင်ငံမှာ ဆိုရင်လည်း လယ်ယာမှာပေါက်ဖွားတဲ့ သားသမီးတွေ တော်တော်များများရှိပါတယ်၊ ကျွန်တော်ဆိုရင်လည်း ကျေးလက်ဒေသမှာကြီးပြင်းခဲ့တဲ့သူတစ်ယောက်ပါပဲ။ ကိုရီးယားနိုင်ငံဟာဆိုလို့ရှိရင်လည်း အရင်နှစ်ပေါင်း ၄၀ လောက်က လက်မှုလယ်ယာကနေပြီးတော့ အခုဆို စက်မှုနိုင်ငံတစ်ခုအနေနဲ့ဖြစ်လာပါပြီ။ မြန်မာနိုင်ငံအနေနဲ့လည်း လက်မှုလယ်ယာကနေ စက်မှုနိုင်ငံထိ ဖွံ့ဖြိုးတိုးတက်လာလိမ့်မယ်လို့လည်း မျှော်လင့်မိပါတယ်။ ဒီထက်ပိုမိုဖွံ့ဖြိုးတိုးတက်ဖို့လည်း ကျွန်တော့်အနေနဲ့မျှော်လင့်ပါတယ်ဟု ပြောကြားသည်။



ဦးမြင့်လှိုင်
ပြည်ထောင်စုဝန်ကြီး



မစ္စတာလီဘက်ဆွန်း
ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး

**ဦးမင်းထိန်ဝင်း၊ ကျောင်းအုပ်ကြီး**
**ရိတ်သိမ်းချိန်လွန်နည်းပညာ**
**သင်တန်းကျောင်း**

သင်တန်းကျောင်း ရည်ရွယ်ချက်အနေနဲ့က တောင်သူတွေကို စိုက်ပျိုးနည်းစနစ်တွေ သင်ကြားခြင်းဖြင့် အရည်အသွေးမြင့်တဲ့ ထုတ်ကုန်တွေ ထုတ်လုပ်နိုင်ပြီး ဝင်ငွေနှစ်ဆတိုးတက်ဖို့ဖြစ်ပါတယ်။ ဒီနည်းပညာကို စိုက်ပျိုးရေး ဝန်ထမ်းတွေကတစ်ဆင့် တောင်သူတွေကို ပြန့်ပွားအောင်ကြိုးပမ်းဆောင်ရွက်သွားမယ်။

သင်တန်းမှာ တောင်သူအယောက် ၃၀ အလှည့်ကျတက်ရောက်ခွင့်ပေးပြီး တစ်နှစ်မှာသင်တန်းအကြိမ်ရေ ၆၁ ကြိမ်၊ ၃၂၅ ရက်သင်တန်းပို့ချမှာဖြစ်ပါတယ်။ အဲဒီလိုတောင်သူတွေနဲ့ စိုက်ပျိုးရေးဝန်ထမ်းတွေကို တစ်လှည့်စီသင်တန်းပို့ချတာဖြစ်ပြီးတော့ သင်တန်းသား ၁၆၇၀ ရှိပါမယ်။

သင်တန်းအောင်မြင်ရင် Certificate တွေကိုလည်း ပေးအပ်သွားမှာဖြစ်ပါတယ်။ သင်ကြားရေးဝန်ထမ်းတွေဆိုရင်လည်း ကိုရီးယားနိုင်ငံကိုသွားရောက်ပြီးတော့ နှစ်လသင်တန်း၊ ခြောက်လသင်တန်း M.Sc, Ph.D ဘွဲ့တွေယူခဲ့တဲ့ဝန်ထမ်းတွေဖြစ်ပြီးတော့ ဒါ့အပြင် KOICA အစီအစဉ်နဲ့ ကိုရီးယားပညာရှင်တွေလည်း ကျွန်တော်တို့နဲ့အတူ နည်းပညာပြန့်ပွားအောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒီရိတ်သိမ်းချိန်လွန် နည်းပညာကို ရရှိခြင်းအားဖြင့် ပို့ကုန်တိုးမြှင့်နိုင်ဖို့နဲ့ စတင်စိုက်ပျိုးတဲ့အချိန်ကနေစားသုံးသူလက်ထဲရောက်တဲ့အထိ လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်ကို သင်ကြားပေးမှာ ဖြစ်တဲ့အတွက် တောင်သူတွေ၊ ကုန်သည်ပွဲစားတွေက အစတက်ရောက်ပညာရယူဖို့ တိုက်တွန်းလိုပါတယ်”ဟု ပြောကြားသည်။

**ဒေါ်သန်းသန်းဆွေ**
**မန္တလေးတိုင်းဒေသကြီး၊**
**သရက်အသင်းစုဖွဲ့ဥက္ကဋ္ဌ**
**အသေးစားထုတ်လုပ်ရောင်းချမှု**
**အကောင်းဆုံးလုပ်ငန်းရှင်ဆု(၂၀၁၃)**

ဒီနည်းပညာသင်တန်းကျောင်းကြီးဖွင့်လှစ်တဲ့အတွက် အလွန်ဝမ်းသာပီတိဖြစ်မိပါတယ်။ အန်တီတို့တောင်သူတွေအနေနဲ့ ရွာတွေမှာလှည့်ပြီး သရက်သမားတစ်ယောက်အနေနဲ့ ပညာတွေဖြန့်တယ်၊ အန်တီတို့ နိုင်ငံခြား တွေသွားရင်းဘာတွေသိရလဲဆိုတော့ AFTA တို့ AEC တို့သိလာတဲ့အခါ တစ်ချိန်ကျလို့ရှိရင် Certificate တွေ မပါလို့ရှိရင် ဘာမှအရောင်းအဝယ်လုပ်လို့မရတော့ဘူး။ သင်တန်းကျောင်းလည်းဖွင့်ထားတယ်။ ရွာတွေမှာလည်း လှည့်လည်ပြီး စည်းရုံးရေးဆင်းပြီး သင်တန်းတွေလည်းပေးတယ်ဆိုတော့ နှစ်ခုပေါင်းလိုက်တဲ့သဘောမျိုးဖြစ်ပြီးတော့ ပိုပြီးအရည်အသွေးကောင်းတဲ့၊ Food Safety နဲ့ပတ်သက်ပြီး မြန်မြန်အလားအလာကောင်းလာမယ်လို့ ယူဆတယ်။

အရင်တုန်းက မော်ဘီမှာဖွင့်တဲ့ သင်တန်းမှာဆိုလည်း လေ့လာသူအနေနဲ့ တက်ရောက်ခဲ့ဖူးပါတယ်။ အဲဒီတုန်းကတော့ အစရေးကပို့ချတဲ့ သင်တန်းတွေ ဒီမှာသရက်သီးတစ်လုံးကို ၅၀၀ ဆို နိုင်ငံခြားမှာကျတော့ ၅၀၀၀ လောက်ရှိသွားတော့ ဈေးနှုန်းကွာခြားမှုရှိတဲ့အတွက် ပစ္စည်းကလည်း အရည်အသွေးကောင်းဖို့လိုပါတယ်။ တာရှည်ခံတာကအစ ထိန်းသိမ်းနည်းတွေကို စိုက်ပျိုးတဲ့အချိန်ကစပြီး စားသုံးသူလက်ထဲရောက်တဲ့အချိန်ထိ နည်းပညာသင်တန်းကျောင်းဖွင့်လှစ်သင်ကြားပေးတဲ့အတွက် ကြိုဆိုပါတယ်။ Post Harvest Technology သင်တန်းကျောင်းတွေ အများကြီး လိုအပ်ပါတယ်”ဟု ပြောကြားသည်။

ကိုရီးယားသမ္မတနိုင်ငံအနေဖြင့် KOICA မှတစ်ဆင့် မြန်မာနိုင်ငံလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင်မှ ရွာပေါင်း (၄၀)အပါအဝင်၊ ဧရာဝတီ၊ မန္တလေး၊ စစ်ကိုင်း၊ ပဲခူး၊ ရန်ကုန်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်၊ မွန်ပြည်နယ်ရှိရွာပေါင်း ၆၀ စုစုပေါင်းကျေးရွာပေါင်း ၁၀၀ တွင် Saemual Undong ကျေးရွာသစ်စီမံကိန်းကိုလည်းကောင်း၊ Post Harvest Research Institute (နေပြည်တော်)၊ Agromachine Training Centre (နေပြည်တော်)စသည့်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရေးများကို ကူညီဆောင်ရွက်လျက်ရှိသည်။



ဦးမင်းထိန်ဝင်း
ကျောင်းအုပ်ကြီး



ဒေါ်သန်းသန်းဆွေ
သရက်အသင်းစုဖွဲ့ဥက္ကဋ္ဌ

ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများသာမက လယ်ယာသီးနှံများဖြစ်သည့် ဆန်စပါး၊ ဆီထွက်သီးနှံနှင့်ပဲမျိုးစုံသီးနှံများအတွက် KOICA အကူအညီဖြင့် Post Harvest Research Institute (နေပြည်တော်)ကို မကြာမီ တည်ဆောက်အကောင်အထည်ဖော်သွားမည် ဖြစ်ကြောင်းလည်း သိရသည်။

## သက်တမ်းလွန်ဆေးဝါးများနှင့် စားသုံးရန်မသင့်လျော်သော စားသောက်ကုန်များ မီးရှို့ဖျက်ဆီး

**မန္တလေး ဒီဇင်ဘာ ၂၆**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မန္တလေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ အေးရိပ်ငြိမ်သုသာန်တွင် ဒီဇင်ဘာ ၂၄ ရက် နံနက် ၉ နာရီက သက်တမ်းလွန်ဆေးဝါး လူသုံးကုန်စားသုံးရန်နှင့်မသင့်သောစားသောက်ကုန်ပစ္စည်းများ မီးရှို့ဖျက်ဆီးခဲ့ကြသည်။

အဆိုပါဆောင်ရွက်ရာတွင် တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းဝင်း၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာနညွှန်ကြားရေးမှူး ဒေါက်တာ ထွန်းဇော်တို့က မန္တလေးမြို့တော်ဝန်စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဦးအောင်မောင်း၊ စည်ပင် အတွင်းရေးမှူးများနှင့် ဌာနမှူးများ၊ စည်ပင်ကျန်းမာရေးတာဝန်ခံ ဒေါက်တာ ခင်မောင်ဦးနှင့် ကုမ္ပဏီမှတာဝန်ရှိသူတို့အား ဆေးဝါးအမျိုးမျိုး၊ လူသုံးကုန်နှင့် စားသောက်ကုန်ပစ္စည်းအမျိုးမျိုးတို့ကို မီးရှို့ဖျက်ဆီးမည့်အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြသည်။



ထို့နောက် တန်ဖိုးငွေ ၁၃၃၉၇၉၀၁ ကျပ်ရှိ သက်တမ်းလွန်ဆေးဝါးပစ္စည်းများ၊ တန်ဖိုးငွေကျပ် ၁၁၈၇၁၀၀ ရှိ လူသုံးကုန်ပစ္စည်းများ၊ ငွေကျပ် ၃၈၅၈၃၉၀ တန်ဖိုးရှိ စားသုံးရန်မသင့်သော စားသောက်ကုန်ပစ္စည်း (Nestle)များ၊ ငွေကျပ် ၄၅၆ သိန်းကျော် တန်ဖိုးရှိ စားသုံးရန်မသင့်သော စားသောက်ကုန်ပစ္စည်းများ၊ မန္တလေးမြို့ အခြေစိုက် သက်တမ်းလွန် ဆေးဝါးဖျက်ဆီးရန် အပ်နှံလာသော ကုမ္ပဏီပိုင်ပစ္စည်းများနှင့် မန္တလေးမြို့တော်စည်ပင်နှင့် အစားအသောက် ဆေးဝါးကွပ်ကဲရေးဌာနတို့မှ ပူးပေါင်းစစ်ဆေးခဲ့သည့် ညောင်ပင်ဈေး၊ မင်္ဂလာဈေးနှင့် နန်းရှေ့ဈေးတို့မှ စားသုံးရန်မသင့်သည့် စားသောက်ကုန်ပစ္စည်းတို့ကို စုပေါင်း၍ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။ **တင်မောင်(မန္တလေး)**

## ပုဂ္ဂလိကပညာရေးဥပဒေ ရေးဆွဲရေးညှိနှိုင်းဆွေးနွေး

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ပညာရေးဆိုင်ရာလုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍ၏ ပူးပေါင်းဆောင်ရွက်မှုကို အားပေးမြှင့်တင်နိုင်ရေးအတွက် ပုဂ္ဂလိကပညာရေးဥပဒေရေးဆွဲရေး ညှိနှိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၃ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ပြည်လမ်းရှိ တက္ကသိုလ်စိန်ရတုခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် အမျိုးသားပညာရေးစနစ်ကို အကောင်အထည်ဖော်ရာ၌ ပုဂ္ဂလိကကျောင်းများ၊ ပုဂ္ဂလိကတက္ကသိုလ်များကို သက်ဆိုင်ရာဥပဒေနှင့်အညီ တည်ထောင်ခွင့်ပြုနိုင်ရေးနှင့် ပုဂ္ဂလိကကဏ္ဍတွင် ဖြေလျှော့ပေးရမည့်ကိစ္စရပ်များကို လုပ်သာကိုင်သာရှိအောင်ဖြေလျှော့ပေးနိုင်ရေးကိစ္စရပ်များကို ထည့်သွင်းကာ ပုဂ္ဂလိကပညာရေးကဏ္ဍအသီးသီးမှအကြီးအကဲများ၊ တာဝန်ရှိသူများက ကဏ္ဍအလိုက်အဖွဲ့များဖွဲ့စည်း၍ ပုဂ္ဂလိကပညာရေးဥပဒေကို ညှိနှိုင်းရေးဆွဲပေးကြရန် တိုက်တွန်းမှာကြားသွားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၅၀ တွင် မြန်မာစာသည် ရုံးသုံးစာဖြစ်သည်ဟု ပြဋ္ဌာန်းထားသည်နှင့်အညီ မိမိတို့ ကျောင်းသားကျောင်းသူများအား မြန်မာစာကို ကျွမ်းကျင်စွာတတ်မြောက်အောင် သင်ကြားပေးရန် တာဝန်ရှိပါကြောင်းဖြင့် ထည့်သွင်းပြောကြားသွားသည်။

ညှိနှိုင်းဆွေးနွေးပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာဇော်မင်းအောင်၊ အကြံပေးပညာရှင်ဆရာကြီး ဦးသန်းဦး၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပုဂ္ဂလိကပညာရေးကဏ္ဍမှအကြီးအကဲများ၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်တွင်းသတင်းနှင့်ကြော်ငြာ

■ ရှေ့ဖုံးမှ

ယခုနှစ် အကယ်ဒမီဆုပေးပွဲတွင် ရုပ်ရှင်အနုပညာ အသိုင်းအဝိုင်းကို ပင် အဆင့်လိုက်စည်းကမ်းများ သတ်မှတ်ကာ ၂၀၁၃ ခုနှစ် ရုပ်ရှင်ကားကြီး စုစုပေါင်း ၁၅ ကားမှ ဆုအဖြစ်ရွေးချယ်ထားသည့် ဆန်ခါတင်ခြောက်ကားထဲတွင် ပါဝင်သည့် အနုပညာရှင်များ၊ အကယ်ဒမီရပြီး အနုပညာရှင်များ၊ အကယ်ဒမီမရသေးသည့် အနုပညာရှင်များ၊ ရုပ်ရှင်လောကသား အသိုင်းအဝိုင်းများနှင့် မိသားစုများ စသည်ဖြင့် နေရာချထားပြီး စုစုပေါင်းရုပ်ရှင်အသိုင်းအဝိုင်းသို့ ဖိတ်စာ ၁၀၀၀ ခန့်သာ ဖိတ်ကြားထားကြောင်း သိရသည်။

ဆုချီးမြှင့်မည့် အခမ်းအနားပြင်ဆင်မှုအပိုင်းကို ကိုယ်တိုင်အားတက်သရော ပါဝင်ဦးဆောင်မှုပြုလုပ်နေသည့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်းနှင့် အခြား ပါဝင်ကူညီဆောင်ရွက်ပေးသည့် အနုပညာရှင်မျိုးဆက်သစ်များကို မြန်မာ့အလင်းသတင်းအဖွဲ့က ပွဲကြိုအနေဖြင့် မေးမြန်းဖြစ်ခဲ့ပါသည်။



တစ်မူထူးခြားစွာပြင်ဆင်ထားသည့် ၂၀၁၃ ခုနှစ်၏ အကယ်ဒမီစင်မြင့်။

**ဦးလူမင်း**
**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ**

"ဒီနှစ်အကယ်ဒမီပေးပွဲကတော့ သိတဲ့အတိုင်း နေရာပြောင်းလဲစီစဉ်တာ ထူးခြားမှုတစ်ခု၊ ပြီးတော့ ရုပ်ရှင်လောကသားတွေရော၊ ရုပ်ရှင်ချစ်တဲ့ပြည်သူတွေပါ အံ့သြသွားစေလောက်တဲ့ ခမ်းနားထည်ဝါမှုတွေ၊ ဆန်းပြားတဲ့ တီထွင်တင်ဆက်မှုတွေကို ထည့်သွင်း စီစဉ်ထားပါတယ်။ ဒီအခမ်းအနားအစီအစဉ်ကြီးတစ်ခုလုံးကို ထိုင်းနှင့် မြန်မာပူးပေါင်းထားတဲ့ Creative Index Village ဆိုတဲ့အဖွဲ့ကြီးကို ငှားရမ်းအသုံးပြုထားပါတယ်။ သူတို့က နိုင်ငံတကာပွဲအတွေ့အကြုံတွေ ရှိပြီးသားဆိုတော့ ဆန်းဆန်းပြားပြားလေး တင်ဆက်မှုတွေကို ကျွန်တော်တို့နိုင်ငံက ရုပ်ရှင်ချစ်ပရိသတ်တွေ အမှန်တကယ်မြင်တွေ့ရမှာပါ။ ဘယ်လိုဆန်းပြားမှုတွေလဲ ဆိုတာတော့ မနက်ဖြန်အခမ်းအနားမှာ ကြည့်ရှုလိုက်ရင် သဘောပေါက်သွားမှာပါ။ အခုလို သီးသန့်ဖြစ်အောင် ကျင်းပခဲ့တာကလည်း ယခင့်ယခင်က ဒီအကယ်ဒမီချီးမြှင့်ပွဲကို ရုပ်ရှင်အသိုင်းအဝိုင်းကသာ ဦးဆောင်ပြုလုပ်ပြီး သတင်းတွေထုတ်ပြန်ခဲ့တာဖြစ်ပါတယ်။ ၁၉၉၄ ခုနှစ် နောက်ပိုင်းမှ သုဝဏ္ဏအားကစားပြိုင်ပွဲရုံမှာ နေရာတွေ ပိုလျှံမှုရှိတယ် ဆိုပြီး ပြည်သူတွေကို တိုက်ရိုက်ကြည့်ရှုခွင့်ပေးခဲ့တာဖြစ်တယ်။ အခုဆိုရင် အကယ်ဒမီဆုချီးမြှင့်ပွဲ ကျင်းပခဲ့တာ (၅၈)ကြိမ်မြောက်ရောက်ပါပြီ။ ဟိုးအရင် နည်းပညာတွေ မတိုးတက်ခင်တုန်းကတောင် ရုပ်ရှင်လောကသားအသိုင်းအဝိုင်းက အခုလိုပဲ ကျင်းပခဲ့တာ။ ကျွန်တော်ဆိုလိုတာက ဒီနှစ်မှ ပြည်သူတွေကို တိုက်ရိုက်ကြည့်ရှုခွင့် မပေးခဲ့တာမဟုတ်ပါဘူး။ ၁၉၉၄ ခုနှစ် မတိုင်ခင်နှစ်များက အခုလိုပဲ ပြည်သူတွေ တိုက်ရိုက်ကြည့်ရှုခွင့်မရရှိခဲ့ပါဘူး။ အခုလို ပြည်သူတွေ တိုက်ရိုက်ကြည့်ရှုခွင့် မပေးနိုင်တာကလည်း ဒီခေတ်ကြီးမှာ ပြည်သူတွေ အချိန်နဲ့တစ်ပြေးညီ ကြည့်ရှုနိုင်တဲ့ အခွင့်အလမ်းတွေ အများကြီးရနေပါပြီ။ ပြီးတော့ အခမ်းအနားအနေအထားအရလည်း အခုလို သီးသန့်စီစဉ်ရတာမို့ ရုပ်ရှင်ချစ်တဲ့ပြည်သူတွေ သဘောပေါက်နားလည်မှာပါ" ဟု ပြောကြားခဲ့သည်။

**ထက်ပိုင်ဦး**
**(အဖွင့်သီချင်း သရုပ်ဆောင်မည့်မျိုးဆက်သစ်)**

"ကျွန်တော်ကတော့ အဖွင့်သီချင်း မြန်မာ့မြန်မာ့ရုပ်ရှင်သီချင်းမှာ ပါဝင်သရုပ်ဆောင်မှာဖြစ်ပါတယ်။ ကျွန်တော် ဒီ ၂၀၁၃ အကယ်ဒမီပေးပွဲမှာ အခုလို ပါဖြစ်တာကတော့



ကျွန်တော့်အဖေ ဟာသသရုပ်ဆောင် ဦးခင်လှိုင်က ကျွန်တော်နယ်မှာ သီချင်းသွားဆိုနေတုန်း သား မင်းဒီအဖွင့်သီချင်းမှာ သရုပ်ဆောင်အဖြစ်ပါဝင်မလားဆိုပြီး လှမ်းမေးပါတယ်။ ကျွန်တော်လည်း နယ်ပွဲတွေရှိတဲ့ကြားမှာ အဖေက အခုလိုလှမ်းပြောတော့ ဟုတ်ကဲ့ ပါဝင်ပါမယ်လို့ဆိုပြီး အခုလို ပါဝင်ဖြစ်ခဲ့တာပါ။ တစ်နှစ်မှတစ်ခါ အခုလိုကျင်းပတဲ့ အစ်ကိုတွေ၊ အစ်မတွေရဲ့ အကယ်ဒမီချီးမြှင့်တဲ့ပွဲကို ကိုယ်တတ်နိုင်တဲ့ဘက်က ပါဝင်ကူညီချင်တာနဲ့ ပွဲတွေဖျက်ပြီး အခုလိုသီချင်းလာတိုက်တာပါ။ စုစုပေါင်း အားလုံးရှစ်ရက်ရှိပါပြီ။ ယခင်နှစ်တွေက အခုလို တစ်ခါမှ မပါဝင်ခဲ့ဖူးတော့ အလွန်ပျော်ပါတယ်။ ကျွန်တော်ကလည်း အနုပညာလောကကို ခုမှစဝင်တာဆိုတော့ ကိုယ်တတ်ထားတဲ့အနုပညာနဲ့ အခုလို ၂၀၁၃ ခုနှစ်ရဲ့ အကယ်ဒမီဆုပေးပွဲကြီးမှာ ပါဝင်ခွင့်ရတဲ့အတွက် ဖိတ်ခေါ်တဲ့လူတွေကိုလည်း ကျေးဇူးအလွန်တင်ပါတယ်" ဟု ပြောကြားခဲ့သည်။

**ဆုဝတီ**
**(သရုပ်ဆောင်)**

"ဒီ ၂၀၁၃ အကယ်ဒမီဆုချီးမြှင့်ပွဲမှာ ပါဝင်ဖို့ အန်တီတူးကပဲ ခေါ်လိုက်တာပါ။ ဒါကြောင့် ပါဝင်ဖြစ်တယ်လို့ပြောရမှာပေါ့။ ဒီမှာ မြန်မာ့ရုပ်ရှင်အဖွင့်သီချင်းဆိုဖို့၊ သရုပ်ဆောင်လေးတွေလုပ်ဖို့ပေါ့။ အခုလို သရုပ်ဖော်လုပ်ဖြစ်တာက ဒါပထမဦးဆုံးပဲ။ အခုလို လုပ်ခွင့်ရတဲ့အတွက်လည်း အလွန်ဝမ်းသာပါတယ်။ ပြီးတော့ အစ်ကိုတွေ၊ အစ်မတွေကို ချီးမြှင့်မယ့် အခုလို အကယ်ဒမီချီးမြှင့်ပွဲကြီးကို တစ်ထောင့်တစ်နေရာကနေ ကိုယ်တတ်တဲ့အနုပညာနဲ့ ပါဝင်ခွင့်ရတဲ့ အတွက်လည်း ဂုဏ်ယူမဆုံးဖြစ်မိပါတယ်။ ကျွန်မအနေနဲ့ကတော့ ပြီးခဲ့တဲ့နှစ် လက်ပံကားမှာ ပါဝင်သရုပ်ဆောင်ဖြစ်ခဲ့တယ်။ လာမယ့်နှစ်သက်တံသစ်မှာလည်း ပါဝင်ရိုက်ကူးထားပါတယ်။ ကိုယ်ပါဝင်တဲ့ ကားတိုင်းကိုတော့ ကြိုးစားပါတယ်။ အကယ်ဒမီရမယ်၊ မရဘူးဆိုတာတော့ ကိုယ့်ကံနဲ့လည်း ဆိုင်ပါတယ်။ အကောင်းဆုံးတော့ ကြိုးစားနေပါတယ်" ဟု ပြောခဲ့သည်။

မြန်မာ့ ရုပ်ရှင်လောက၏ အထွတ်အထိပ်ဖြစ်သည့် **(ယနေ့)** ကျင်းပမည့် ၂၀၁၃ ခုနှစ် အကယ်ဒမီရွှေစင်ရုပ်တုချီးမြှင့်ပွဲအခမ်းအနားတွင် ၂၀၁၃ ခုနှစ်အတွက် ရုပ်ရှင်ကား ၁၅ ကား ပေါ်ထွက်ခဲ့ရာမှ ဆန်ခါတင် ခြောက်ကားဖြစ်သည့် နင်စေရင်၊ စေတန်ရဲ့ကချေသည်၊ စုန်းပြူး၊ ကြယ်စင်မော်ကွန်း၊ ကိုယ့်အထာနဲ့ကိုယ်နှင့် အဖြူရောင်ရဲတိုက်ဇာတ်ကားခြောက်ကားထဲမှ ဆုများကို ရွေးချယ်ချီးမြှင့်သွားမည် ဖြစ်ကြောင်း သိရသည်။ ယနေ့ ချီးမြှင့်မည့် ၂၀၁၃ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုအကယ်ဒမီပွဲကြီးသို့ Alpine နှင့် M One အချိုရည်တို့က အဓိကကူညီထားပြီး ရောဝတီဘဏ်ကလည်း ပူးပေါင်းပါဝင် ကူညီထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

❖ ကျောဖုံးမှ

အတွေ့အကြုံကောင်းများရရှိစေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ မြန်မာအမျိုးသမီးအသင်းနှင့် ဟာနန်းအမျိုးသမီးအသင်းတို့၏ ခြေစမ်းပွဲတွင် ကွင်းဝင်ကြေးအဖြစ် အထူးတန်း ငွေကျပ် ၁၀၀၀၊ ရိုးရိုးတန်း ငွေကျပ် ၅၀၀ သတ်မှတ်ထားသည်။

မြန်မာအမျိုးသမီး အသင်းမှာ ၂၀၁၅ ခုနှစ် မတ်လအတွင်း၌ ၂၀၁၆ အိုလံပစ်ခြေစစ်ပွဲ၊ မေလအတွင်း၌ အာဆီယံအမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲတို့ကို ယှဉ်ပြိုင်ရမည်ဖြစ်သည်။



ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# မော်တော်ယာဉ်ပြင်နှင့် လျှပ်စစ်ဂဟေ သင်တန်းဆင်း



**မိတ္ထီလာ ဒီဇင်ဘာ ၂၆**

မော်တော်ယာဉ်ပြင် Automotive Mechanic Level-1 သင်တန်းအမှတ်စဉ်(၁/၂၀၁၄)နှင့် လျှပ်စစ်ဂဟေ Electric Arc Welding Level -1 သင်တန်းအမှတ်စဉ် (၁/၂၀၁၄) သင်တန်းများ ဆင်းပွဲအခမ်းအနားကို ဒီဇင်ဘာ တတိယပတ်က မိတ္ထီလာမြို့ရှိ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း အောင်ဆန်းခန်းမ၌ကျင်းပရာ ကျောင်းအုပ်ကြီး ဦးဇော်မင်းဦး တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသား ၃၅ ဦးအား သင်တန်းဆင်း အောင်လက်မှတ်များ ချီးမြှင့်ခဲ့သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျွမ်းကျင်လုပ်သားများ လေ့ကျင့်မွေးထုတ်ပေးနိုင်ရန်ရည်ရွယ်၍ အဆိုပါသင်တန်းများကို ရက်သတ္တပတ် ၁၂ ပတ်ကြာ ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့ခြင်းဖြစ်သည်။

မော်တော်ယာဉ်ပြင် သင်တန်းတွင်အင်ဂျင်ပိုင်းနှင့် ပြင်ဆင်ထိန်းသိမ်းနည်း၊ ချက်စီပိုင်းနှင့်ပြင်ဆင်ထိန်းသိမ်းနည်း၊ လျှပ်စစ်ပိုင်းနှင့် ပြင်ဆင်ထိန်းသိမ်းနည်း၊ အလုပ်ရုံနှင့် စက်မှုပုံဆွဲ ဘာသာရပ်တို့ကိုလည်းကောင်း၊ လျှပ်စစ်ဂဟေသင်တန်းတွင် အခြေခံသင်္ချာ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ အခြေခံလျှပ်စစ်ပညာ၊ အခြေခံသတ္တုဗေဒ၊ လျှပ်စစ်ဂဟေ(လက်တွေ့)၊ အခြေခံအလုပ်ရုံပညာ၊ အခြေခံပုံဆွဲ (တစ်ဖက်မြင်ပုံ)နှင့် ဂဟေဆက်သင်္ကေတများ၊ ထိန်းသိမ်းမွမ်းမံမှုဘာသာရပ်တို့ကို လည်းကောင်း စာတွေ့ ၃၀ ရာခိုင်နှုန်း၊ လက်တွေ့ ၇၀ရာခိုင်နှုန်းသင်ကြားပို့ချလေ့ကျင့်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းများတွင် သင်ကြားလေ့ကျင့်ရေး အထောက်အကူပြုပစ္စည်းများ၊ Training Facilities, Equipments များနှင့် ကျွမ်းကျင်မှုကို အခြေခံရေးဆွဲထားသော Competency Based Curriculums များအတိုင်း လေ့ကျင့်သင်ကြားပေးခဲ့ခြင်းဖြစ်ပြီး Testing Center များ ပေါ်ပေါက်လာပါက အမျိုးသားအဆင့် ကျွမ်းကျင်မှုစစ်ဆေးပေးနိုင်ရေးနှင့် အသိအမှတ်ပြုလက်မှတ် ရရှိရေးတို့အတွက် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(မြန်မာ့အလင်း)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၆-၁၂-၂၀၁၄

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၆၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၂၂၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၆၁၅၀၀ |

**စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၄ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၈၅၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၈၀၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၁၀၃၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၈၈၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၃၂၀၀-၃၅၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၂၇၀၀-၃၀၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၅၅၀၀-၇၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၅၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၄၅၀၀-၇၅၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၉၀၀၀-၁၇၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၀၀၀-၇၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၅၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၂၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၄၀-၁၀၄၃ |
| ဥရောပ | တစ်ယူရို | ၁၂၆၅-၁၂၈၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၈၀-၇၈၉ |
| ထိုင်း | တစ်ဘတ် | ၃၀-၃၀.၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၆-၁၆.၅၇၆ |
| တရုတ် | တစ်ယွမ် | ၁၆၅-၁၇၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၀-၃၂၂ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| နှံ့ဆန် | တစ်အိတ် | ၁၆၈၀၀-၁၇၂၀၀ |
| မိုးဆန်သစ် (မနော်သုခ) | တစ်အိတ် | ၁၅၃၀၀-၁၅၅၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၃၀၀၀-၂၇၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၄၀၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၃၅ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၆၀-၅၀၀ |
| ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၂၇၅-၁၈၂၅ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၁၅၀၀ |
| အာလူး(ရှမ်း) | တစ်ပိဿာ | ၅၇၀-၆၅၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၇၀၀ |
| ငရုတ်ပွ (စိမ်းစား) | တစ်ပိဿာ | ၄၅၀၀-၄၈၀၀ |
| သကြား | တစ်ပိဿာ | ၈၉၀-၉၃၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့် အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။

## ဆူနာမီ သရုပ်ပြ လေ့ကျင့်

**လပွတ္တာ ဒီဇင်ဘာ ၂၆**

ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ဦးဆောင်၍ ထိုင်းနိုင်ငံအခြေစိုက်ဒေသအတွင်း ဘက်စုံသဘာဝဘေး ကြိုတင်သတိပေးဗဟိုဌာန(RIMES)နှင့် လပွတ္တာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ပူးပေါင်း၍ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် ပြင်စလူမြို့ အောင်လှိုင်ကျေးရွာတွင် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီတွင် ဆူနာမီသရုပ်ပြလေ့ကျင့်မှုများ ပြုလုပ်ခဲ့သည်။

သရုပ်ပြလေ့ကျင့်မှုတွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ မြေလျှင်ဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာယဉ်မျိုးထွေး၊ လပွတ္တာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတိုးတိုးထွန်း၊ RIMES မှ ပညာရှင်များ၊ အစိုးရအဖွဲ့အစည်းများမှ အရာထမ်း၊ အမှုထမ်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ ပါဝင်ခဲ့ကြသည်။

အဆိုပါ ဆူနာမီသရုပ်ပြလေ့ကျင့်မှုကို ဒီဇင်ဘာ ၂၆ ရက်တွင် အိန္ဒိယသမုဒ္ဒရာ အင်ဒိုနီးရှားနိုင်ငံ ဆူမတြားကျွန်းမြောက်ပိုင်းတွင်ဖြစ်ပေါ်ခဲ့သော ဆူနာမီ၏(၁၀)နှစ်မြောက် နှစ်ပတ်လည်အဖြစ်နှင့် ဆူနာမီဘေးအန္တရာယ်လျော့ပါးရေးတို့အတွက် ရည်ရွယ်၍ကျင်းပခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**




## ခြေစမ်းပွဲနှင့် ပရီမီယာရှစ် ပွဲစဉ်များ (သီဟ)

**စကော့တလန်ပရီမီယာရှစ် ပွဲစဉ်(၁၈)** — **ဒီဇင်ဘာ ၂၇**

| | | | |
|---|---|---|---|
| ဆဲလ်တစ် | - | ရော့စ်ကောင်တီ | ည ၉း၃၀ |
| ဒန်ဒီးအက်ဖ်စီ | - | စိန့်မီရန် | ည ၉း၃၀ |
| ကီလ်မာနော့ | - | ဟာမီလ်တန် | ည ၉း၃၀ |
| မာသားဝဲလ် | - | ပက်ထရစ်သီစတယ် | ည ၉း၃၀ |
| စိန့်ဂျွန်စတုန်း | - | ဒန်ဒီးယူနိုက်တက် | ည ၉း၃၀ |

**နိုင်ငံခြေစမ်းပွဲစဉ်** — **ဒီဇင်ဘာ ၂၇**

| | | | |
|---|---|---|---|
| ကာတာ | - | အက်စ်တိုးနီးယား | ည ၉း၀၀ |

## ဥရောပထိပ်တန်းလိဂ် ဂိုးသွင်းအများဆုံးကစားသမားများ

**စပိန်လာလီဂါ**

| | | |
|---|---|---|
| ၁။ စီရော်နယ်ဒို | (ရီးရဲမက်ဒရစ်) | ၂၅ဂိုး |
| ၂။ မက်ဆီ | (ဘာစီလိုနာ) | ၁၅ဂိုး |
| ၃။ နေမာ | (ဘာစီလိုနာ) | ၁၁ဂိုး |
| ၄။ ကားလို့စ်ဘာကာ | (ဆီဗီလာ) | ၁၀ဂိုး |
| ၅။ ဘင်ဇီမာ | (ရီးရဲမက်ဒရစ်) | ၈ဂိုး |

**အင်္ဂလန်ပရီမီယာလိဂ်**

| | | |
|---|---|---|
| ၁။ အဂူရို | (မန်စီးတီး) | ၁၄ဂိုး |
| ၂။ ကော်စတာ | (ချယ်လ်ဆီး) | ၁၂ဂိုး |
| ၃။ ချာလီအော့စ်တင် | (ကျူပီအာ) | ၁၁ဂိုး |
| ၄။ ဆန်ချက်ဇ် | (အာဆင်နယ်) | ၉ဂိုး |
| ၅။ ပယ်လီ | (ဆောက်သမ်တန်) | ၈ဂိုး |

**အီတလီစီးရီးအေ**

| | | |
|---|---|---|
| ၁။ တီဗက်ဇ် | (ဂျူဗင်တပ်စ်) | ၁၀ဂိုး |
| ၂။ မီနက်ဇ် | (အေစီမီလန်) | ၈ဂိုး |
| ၃။ ဒီနာတယ်လီ | (အူဒီးနိစ်) | ၈ဂိုး |
| ၄။ ကယ်လီဂျွန် | (နာပိုလီ) | ၈ဂိုး |
| ၅။ အိုင်ကာဒီ | (အင်တာ) | ၈ဂိုး |

**ဂျာမန်ဘွန်ဒက်စ်လီဂါ**

| | | |
|---|---|---|
| ၁။ မိုင်ယာ | (ဖရန့်ဖတ်) | ၁၃ဂိုး |
| ၂။ ရော်ဘင် | (ဘိုင်ယန်မြူးနစ်) | ၁၀ဂိုး |
| ၃။ ချူပိုမိုတိန်း | (ရှော်လ်ကေး) | ၉ဂိုး |
| ၄။ ဘယ်လာရာဘီ | (လေဗာကူဆင်) | ၈ဂိုး |
| ၅။ အိုကာဇာကီ | (မိန့်ဇ်) | ၈ဂိုး |

**ပြင်သစ်လီဂူး**

| | | |
|---|---|---|
| ၁။ လာကာဇက်တီ | (လိုင်ယွန်) | ၁၇ဂိုး |
| ၂။ ဂျစ်နက်စ် | (မာဆေး) | ၁၂ဂိုး |
| ၃။ အီဘရာဟီမိုဗစ် | (ပီအက်စ်ဂျီ) | ၈ဂိုး |
| ၄။ ဒီယာဘိတ် | (ဘော်ဒိုး) | ၈ဂိုး |
| ၅။ ဒန်နီရယ်ဝက်စ် | (အီဗီယန်) | ၈ဂိုး |

# ဆက်တိုက်နွှဲကြမယ့် ချန်ပီယံရှစ်ပွဲစဉ်(၂၄)

မိုးမြင့်လင်းလက်

ချန်ပီယံရှစ်ပွဲစဉ်(၂၄)ကို ဒီဇင်ဘာ ၂၈ ရက်မှာ ဆက်လက်ယှဉ်ပြိုင်ကစားမှာမို့ ပွဲတွေကတော့ ဆက်တိုက်ဆင်နွှဲနေရပြီဖြစ်ပါတယ်။ အကြိတ်အနယ်ရှိမယ့် ဒီပွဲစဉ်မှာတော့ ပွဲကောင်းတွေ အများအပြားပါဝင်နေပြီး အမှတ်ရသမျှအပြိုင်အဆိုင်စုဆောင်းကြမှာမို့ ပရိသတ်တွေအတွက်တော့ စိတ်တိုင်းကျအားပေးခွင့်ရဦးမှာ ဖြစ်ပါတယ်။

**ဘလက်ဘန်းနှင့် မစ်ဒယ်ဘရော့**

ပထမအကျော့မှာ တစ်ဂိုးစီသရေပွဲဖြစ်ထားတဲ့အတွက် ဒီပွဲမှာတော့ အမှတ်ပြည့်သိမ်းပိုက်နိုင်ရေး အားထုတ်ကြတော့မှာ ဖြစ်ပါတယ်။ ဘလက်ဘန်းကွင်းမှာကစားတိုင်း မစ်ဒယ်ဘရော့တို့ ရှုံးပွဲကြုံတာနည်းပါတယ်။ ဘလက်ဘန်းတို့ကတော့ အခုအချိန်မှာကစားအားကောင်းလာတာမို့ မစ်ဒယ်ဘရော့တို့ တစ်မှတ်ရဖို့တောင် အားစိုက်ရမယ့်အနေအထားရှိလာနိုင်ပါတယ်။

**ဘလက်ပူးလ်နှင့် ရိုသာဟမ်**

ခံစစ်ပိုင်း အားနည်းနေတဲ့ဘလက်ပူးလ်အတွက် ဒီပွဲဟာ ပွဲကျပ်အဖြစ်ကစားရမယ့်ကိန်းပါပဲ။ ရိုသာဟမ်အတွက် တန်းဆင်းဇုန်က ကင်းဝေးအောင် အားထုတ်ရမယ့် အနေအထားမို့ အဝေးကွင်းဆိုပေမယ့် ရလဒ်ကောင်းအောင် ပုံဖော်ပါလိမ့်မယ်။ ဘလက်ပူးလ်တို့ကလည်း ခံစစ်ပိုင်းပြင်ဆင်နိုင်ခဲ့ရင် သရေတစ်မှတ်တော့ ရနိုင်တဲ့ပွဲပါ။

**ကာဒစ်နှင့် ဝက်ဖို့ဒ်**

အဝေးကွင်းမှာ နိုင်ပွဲတွေရနေတဲ့ ဝက်ဖို့ဒ်ကို ကာဒစ်တို့ ခုခံကာကွယ်ရမယ့် အနေအထားပါပဲ။ ကာဒစ်ရဲ့ အိမ်ကွင်းအားထုတ်မှုက သာမန်အဆင့်သာရှိပေမယ့် ဝက်ဖို့ဒ်ကို အခွင့်အရေးပေးမှာမဟုတ်ပါဘူး။ ပထမအကျော့မှာ ကာဒစ်တို့နိုင်ပွဲရထားတာမို့ ဒီပွဲမှာလည်း အိမ်ရှင်တို့ပဲ မျက်နှာပန်းလှနိုင်ပါတယ်။

**ဒါဘီနှင့် လိဒ်ယူနိုက်တက်**

ပထမအကျော့မှာ လိဒ်တို့နှစ်ဂိုးပြတ်နဲ့နိုင်ပွဲရထားတာမို့ အခုပွဲမှာ ဒါဘီတို့အလှည့်လို့သတ်မှတ်ရမယ့် အနေအထားပါပဲ။ ဒါဘီဟာအိမ်ကွင်းအားထုတ်မှုကောင်းတာမို့ လိဒ်တို့ထင်သလောက်လွယ်မှာ မဟုတ်ပါဘူး။ အဝေးကွင်းမှာ ခြေစွမ်းကျဆင်းတတ်တဲ့ လိဒ်တို့ ဒီပွဲမှာအမှတ်ရဖို့ ခက်ခဲပါလိမ့်မယ်။

**ဟက်ဒါဖီးလ်နှင့် ဘော်လ်တန်**

ဘော်လ်တန်တို့ ပထမအကျော့အိမ်ကွင်းမှာ တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရထားသလို အခုပွဲအဝေးကွင်းမှာလည်း အနိုင်ရအောင်အားထုတ်ပါလိမ့်မယ်။ ဟက်ဒါဖီးလ်တို့ဟာ ဘော်လ်တန်နဲ့ဆုံတိုင်း ရလဒ်မကောင်းတတ်တာမို့ အခုပွဲမှာလည်း အဲဒီမှတ်တမ်းဆိုးကို ချေဖျက်ဖို့မလွယ်ပါဘူး။

**အစ်ဆွစ်နှင့် ချာလ်တန်**

ချာလ်တန်ရဲ့ အားထုတ်မှုက ကောင်းမွန်နေသလို အစ်ဆွစ်ရဲ့ ခြေစွမ်းက ပုံစံကောင်းပြသနိုင်နေပါတယ်။ ပထမအကျော့ချာလ်တန်ကွင်းမှာ အစ်ဆွစ်က တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရထားတာမို့ အခုအိမ်ကွင်းမှာ အမှတ်ပြည့်ရယူဦးမှာ ဖြစ်ပါတယ်။

**မီဝေါလ်နှင့် ဘုန်းမောက်**

ပထမအကျော့မှာ နှစ်ဂိုးစီသရေပွဲဖြစ်ထားတာမို့ အခုပွဲမှာတော့ မီဝေါလ်တို့ပြတ်သားတဲ့ရလဒ်ကို ပုံဖော်ပါလိမ့်မယ်။ ရလဒ်တွေဆိုးရွားနေပေမယ့် အိမ်ကွင်းမှာ ခြေပေါ်အောင်ကစားတတ်တဲ့ မီဝေါလ်ဟာ အမှတ်ရအောင်တော့ ရယူဖို့ကြိုးစားပါလိမ့်မယ်။

**နော်တင်ဟမ်နှင့် ဘာမင်ဂမ်**

အပြန်အလှန်အနိုင်ယူနေကြတဲ့ နှစ်သင်းမို့ ဒီပွဲလည်း အကြိတ်အနယ်နွှဲကြရမယ့်ပွဲဖြစ်ပါတယ်။ အိမ်ကွင်းမှာ ကစားအားကောင်းတဲ့ နော်တင်ဟမ်ကို ဒီပွဲမှာ ယုံကြည်မှုပေးရမှာ ဖြစ်ပါတယ်။

# မန်ယူ ယခုနှစ်ရာသီဖလား ယူမည်ဆို

ကောင်းမြတ်သူ

မန်ချက်စတာ ယူနိုက်တက်အသင်း၏ ယခုနှစ်ရာသီဖလားရရှိရေးရည်မှန်းချက်ကို လက်လျှော့ပေးမည်မဟုတ်ကြောင်း နည်းပြလူးဝစ်ဗန်ဟားလ်ကပြောသည်။ မန်ယူအနေဖြင့် ချယ်လ်ဆီးနောက်မှ ၁၀ မှတ်ခွာလိုက်နေရသော်လည်း ဖလားရအောင်ကြိုးစားသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။



မန်ယူသည် လွန်ခဲ့သောသီတင်းပတ်က အက်စ်တွန်ဗီလာနှင့် တစ်ဂိုးစီ သရေကျခဲ့ပြီး ယင်းပွဲမတိုင်မီက ခြောက်ပွဲဆက်တိုက် အနိုင်ရခဲ့သည်။ "ကျွန်တော့်ရဲ့ ရည်မှန်းချက်ကတော့ နှစ်ကုန်ရင်ဖလား ရဖို့ပါပဲ"ဟု ဗန်ဟားလ်က ဆိုသည်။ အသက် ၆၃ နှစ်ရှိ အိုင်းယက်စ်၊ ဘာစီလိုနာနှင့် ဘိုင်ယန်မြူးနစ်နည်းပြဟောင်း ဗန်ဟားလ်က သုံးနှစ်အတွင်း မန်ယူကို ဂိုးသွင်းကောင်းသော အသင်းဖြစ်အောင် ကြိုးစားသွားမည်ဟု ဆိုသည်။

မန်ယူအနေဖြင့် နွေရာသီက ကစားသမားခေါ်ယူရေး ပေါင်သန်း ၁၅၀ သုံးစွဲထားသည်။ ယင်းတို့တွင် ဗြိတိသျှစံချိန်တင် ပြောင်းရွှေ့ကြေး ပေါင် ၅၉ ဒသမ ခုနစ်သန်းဖြင့် ဒီမာရီယာအားခေါ်ယူခဲ့မှုလည်း အပါအဝင်ဖြစ်သည်။ သို့ရာတွင် ဒီမာရီယာသည် ဒဏ်ရာရ မန်ယူကစားသမားတွင်ပါဝင်သည်။ မန်ယူဘုတ်အဖွဲ့အနေဖြင့် ယခုနှစ်ရာသီအစက အသင်းကို ထိပ်ဆုံးလေးနေရာနှင့် ချန်ပီယံလိဂ် ဝင်ခွင့်ရရှိရန်သာ ပစ်မှတ်ထားခဲ့သည်။ သို့သော်လည်း မန်ယူအနေဖြင့် ပုံမှန်ခြေစွမ်းရလာသည့်အလျောက် ဖလားရရှိအောင် ကစားသွားမည်ဟု နည်းပြဗန်ဟားလ် ကဆိုသည်။

**ဖုန်း SIM CARD ဝယ်သည်။**

၅၀/၇၃/၄၉/၄၇

မင်းကိုနိုင်

ဖုန်း-၀၉-၅၀၆၀၃၈၉၊ ၀၉-၅၄၀၄၅၉၆



## Seminar ဖိတ်ကြားခြင်း

၂၀၁၅ နှစ်သစ်နှင့်အတူ နိုင်ငံအတွင်းရှိ ကမ္ဘာ့အကောင်းဆုံး International Hotel Chain တစ်ခုတွင် အလုပ်အကိုင်ကောင်းများရယူလိုသူ လူငယ်များအတွက် အထက်ပါ ဟိုတယ်ကြီးမှ တာဝန်ရှိသူများက Internship Training Program အကြောင်းအား အောက်ပါအစီအစဉ်အတိုင်း ရှင်းလင်းတင်ပြမည်ဖြစ်ပါ၍ မည်သူမဆို အခမဲ့ တက်ရောက်နိုင်ပါသည်။

**နေရာ** - Sule Shangrila Hotel (ယခင် Traders Hotel) ကုန်းဘောင်ခန်းမ

**နေ့ရက်** - ၂၉-၁၂-၂၀၁၄ရက် (တနင်္လာနေ့)

**အချိန်** - ညနေ ၃နာရီမှ ညနေ ၅နာရီအထိ

**(မှတ်ချက်- မည်သူမဆို အခမဲ့တက်ရောက်နိုင်ပါသည်။)**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ဦးအောင်နိုင်-ဒေါ်လှလှအေးတို့၏သမီးဖြစ်သူ မစိုးကလျာ ၁၂/ဥကမ(နိုင်)၂၂၂၂၇၂ (ခေတ္တ-ဂျပန်)သည် မိဘစိတ်ဆင်းရဲ သောကရောက်အောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ သူမနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်မယူပါ။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဖခင်ဦးအောင်နိုင်-မိခင်ဒေါ်လှလှအေး**



## လျှောက်လွှာခေါ်ယူခြင်း

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တောင်ကြီးမြို့၊ အေးသာယာပြည်သူ့ဝန်ထမ်းအိမ်ရာစီမံကိန်းတွင် (၄၀/၃၀)ပေအကျယ် ကွန်ကရစ်လမ်း၊ အဆင့်မြင့် RCC တန်ဖိုးသင့်/မျှ (၄)ခန်းတွဲ (၅)ထပ် လူနေအထပ်မြင့် (မြို့ပြ၊ ရေသန့်၊ လျှပ်စစ်) ခန်းဖွဲ့ (၂)ခန်း၊ ဧည့်ခန်း (၁)ခန်းပါဝင်သည့် တိုက်ခန်းများ ဆောက်လုပ်လျက်ရှိပါသည်။ ရှမ်းပြည်နယ်အတွင်း တာဝန်ထမ်းဆောင်နေသောဝန်ထမ်း၊ အငြိမ်းစားများ (အမှန်တကယ်နေထိုင်မည့်သူများ)အား အရစ်ကျငွေချေစနစ်၊ အခန်းပိုင်စနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါသဖြင့် တိုက်ခန်းဝယ်ယူခွင့်လျှောက်လွှာတစ်စောင်လျှင် (၂၀၀၀ိ/-) (နှစ်ထောင်ကျပ်)နှုန်းဖြင့် လျှောက်ထားနိုင်ပါသည်။

| | | |
|---|---|---|
| **လျှောက်လွှာရောင်းချမည့်ရက်** | - | ၁-၁-၂၀၁၅ရက်မှ ၃၁-၁-၂၀၁၅ရက်အထိ (ရုံးဖွင့်ရက် ရုံးချိန်အတွင်း) |
| **လျှောက်လွှာနောက်ဆုံးရောင်းချမည့်ရက်** | - | ၃၁-၁-၂၀၁၅ရက် (၁၆း၀၀)နာရီ |
| **လျှောက်လွှာရောင်းချမည့်နေရာ** | - | လမ်းပန်းဆက်သွယ်ရေးဝန်ကြီးရုံး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ တောင်ကြီးမြို့ |

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်ရှိ ဒေါ်တင်တင်ဝင်း ၁၂/မဂဒ(နိုင်)၀၀၇၇၁၀ အမည်ပေါက်ပိုင်ဆိုင်သော အကွက်အမှတ် ၃၈၃၊ ၃၈၄၊ ၃၉၅(အကျယ်ပေ ၆၀×၆၀ သုံးကွက်တွဲ)တို့နှင့် ၄င်းမြေကွက်များပေါ်ရှိ နှစ်ထပ်တိုက်ခံအိမ်အပါအဝင် သီးပင်၊ စားပင်အရပ်ရပ်တို့အား ကျွန်တော် ဦးဇော်ဝင်းထွန်း ၁၂/သခန(နိုင်)၁၀၅၇၃၈ က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ၂၃-၁၂-၂၀၁၄ ရက်တွင် ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေကွက်များနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက မည်သူမဆို ၁-၁-၂၀၁၅ ရက် ၁၂း၀၀နာရီ နောက်ဆုံးထား၍ အထောက်အထားအပြည့်အစုံဖြင့် ကန့်ကွက်နိုင်ပါကြောင်း၊ လူကိုယ်တိုင် လာရောက်ကန့်ကွက်ရန် အခက်အခဲရှိပါက တယ်လီဖုန်းဖြင့် ကြိုတင်ဆက်သွယ်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံး အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဇော်ဝင်းထွန်း**

**၁၂/သခန(နိုင်)၁၀၅၇၃၈**

**ဖုန်း-၀၉-၄၃၀၃၄၀၀၀**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 3G/1215, Isuzu Nus 81 E, LIGHT TRUCK ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်မင်းထွန်း ၁၂/ဥကတ(နိုင်)၀၈၀၄၇၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး) ရန်ကုန်မြို့**

ကြော်ငြာ


AYA Bank
5173 5400 0000 7777
12/16
TUN TUN
MasterCard
AYA MasterCard
Defining Your Imagination
Apply Now!
Contact Us : 09253052466

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# အစိုးရအဖွဲ့ သစ်ကာလအတွင်း အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၏ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ချက်များ

**၁။ စီမံကိန်းများရေးဆွဲခြင်းအကောင်အထည်ဖော်နိုင်မှု အစီရင်ခံစာများ ပြုစုခြင်း**

✻ (Top- Down ) စနစ်ဖြင့် စီမံကိန်းရေးဆွဲခြင်းမှ ( Bottom -UP) စနစ်ဖြင့် စီမံကိန်းရေးဆွဲခြင်းသို့ ပြောင်းလဲကျင့်သုံးခဲ့ပြီး ကဏ္ဍစီမံကိန်းများနှင့် ဒေသန္တရစီမံကိန်းများချိတ်ဆက်မှု စနစ်ကျစေရန် ဆောင်ရွက်လျက်ရှိပါသည်။

✻ ပြည်သူများ လျှင်မြန်စွာရရှိခံစားစေသည့် ဦးစားပေးလုပ်ငန်းများဖြစ်သည့် လျှပ်စစ်မီး၊ သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေး၊ အလုပ်အကိုင်ရရှိရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ငွေကြေးလုပ်ငန်း၊ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးကိစ္စရပ်များကို ကဏ္ဍစီမံကိန်းများနှင့် ဒေသန္တရစီမံကိန်းများတွင် အလေးပေးရေးဆွဲရန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။

✻ စီမံကိန်း အကောင်အထည်ဖော်မှု ကိန်းဂဏန်းအချက်အလက်များ၊ ဂျီဒီပီ ကိန်းဂဏန်းများကို ပြုစုရာတွင် IMF, ADB စသည့် အဖွဲ့များ၏တွက်ချက်မှုနှင့် ကွာဟချက်ကျဉ်းမြောင်းစေရန် ညှိနှိုင်းတွက်ချက် ဆောင်ရွက်လျက်ရှိပါသည်။

✻ စီးပွားရေးနှင့်လူမှုရေး ပြုပြင်ပြောင်းလဲမှုအတွက် အခြေခံမူဘောင် FESR (Frame Work for Economic and Social Reform) ကိုမြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု အရင်းအမြစ်အဖွဲ့အစည်း (Myanmar Development Resources Institution ) နှင့် ပူးပေါင်း၍ ရေးဆွဲခဲ့ပါသည်။

✻ အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (National Compehensive Development Plan - NCDP ၂၀၁၁ -၂၀၁၂ ခုနှစ်မှ ၂၀၃၀-၂၀၃၁ ခုနှစ်အထိကို ရေးဆွဲလျက်ရှိပါသည်။

✻ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅- ၂၀၁၆ ဘဏ္ဍာနှစ်အထိ ပြည်သူ့ဗဟိုပြုအမျိုးသား ဖွံ့ဖြိုးတိုးတက်မှု ငါးနှစ် စီမံကိန်းကိုရေးဆွဲခဲ့ပါသည်။

✻ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှစ၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ဘဏ္ဍာရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများ တင်ပြချက်အစီရင်ခံစာစာအုပ်ကို ပြည်ထောင်စုဝန်ကြီးဌာနများသို့ ဖြန့်ဝေခဲ့သည့်အပြင် အများပြည်သူဝယ်ယူနိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာန စာနယ်ဇင်းအရောင်းဆိုင်များတွင် ဆိုင်တင်ရောင်းချခဲ့ပါသည်။

**၂။ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ထိရောက်သော နိုင်ငံခြားအကူအညီအထောက်အပံ့များဖြစ်ပေါ်စေရန် ဆောင်ရွက်ခြင်း**

✻ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပြည်ထောင်စုဝန်ကြီးဌာနများအကြား အကောင်အထည်ဖော်မည့်ဒေသနှင့် ကဏ္ဍတို့ကိုရွေးချယ်ပေးခြင်း၊ စီမံကိန်းနှင့် အစီအစဉ်များ ပုံဖော်ခြင်း၊ ပြင်ဆင်မှုများပြုလုပ်ပေးခြင်း (လူမှု/ပတ်ဝန်းကျင်အကျိုးသက်ရောက်မှု ဆန်းစစ်ချက်နှင့်စီမံကိန်းအကဲဖြတ်ခြင်း)၊ ဆွေးနွေးညှိနှိုင်းခြင်းနှင့် ဥပဒေပိုင်းဆိုင်ရာ သဘောတူညီချက်များ ဖြည့်ဆည်းပေးခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်လေ့လာခြင်း၊ အကဲဖြတ်ခြင်းနှင့် အစီရင်ခံခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

✻ စတုတ္ထအကြိမ် ဂျီအမ်အက်စ်ထိပ်သီးအစည်းအဝေး (4th GMS Summit) ကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလတွင် နေပြည်တော်၌ လက်ခံကျင်းပနိုင်ခဲ့ပြီး ရလဒ်အနေဖြင့် ဂျီအမ်အက်စ် မဟာဗျူဟာမူဘောင်(၂၀၁၂-၂၀၂၂) (Strategic Framework 2012-2022) အား အတည်ပြုနိုင်ခဲ့ပါသည်။

✻ ပထမအကြိမ်မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (First Myanmar Development Cooperation Forum-1st MDCF) ကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်နေ့မှ ၂၀ ရက်နေ့အထိ ကျင်းပခဲ့ပြီး နေပြည်တော်သဘောတူညီချက် (Nay Pyi Taw Accord) ကို ထုတ်ပြန်ခဲ့ပါသည်။

✻ (၂၂)ကြိမ်မြောက် အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ် (World Economic Forum) အား ၂၀၁၃ ခုနှစ် ဇွန်လ ၅ ရက်နေ့မှ ၇ ရက်နေ့အထိ ကျင်းပဆောင်ရွက်ခဲ့ပါသည်။

✻ ဒုတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (Second Myanmar Development Cooperation Forum-2st MDCF) ကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့မှ ၂၈ ရက်နေ့အထိ "Acceleration Actions for Progress through Enhancing Inclusive Coordination "ဟူသော Theme ဖြင့် ကျင်းပခဲ့ပြီး ထိရောက်သော ဖွံ့ဖြိုး တိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲထုတ်ပြန်ချက် (Joint Statement) ကို ထုတ်ပြန်နိုင်ခဲ့ပါသည်။

✻ ဥရောပသမဂ္ဂ(အီးယူ)၏ မြန်မာနိုင်ငံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာလွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားအား ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။

✻ Republic of Korea, Japan, India, Switzerland, Russia, China စသည့် နိုင်ငံများနှင့် နှစ်နိုင်ငံပူးတွဲကော်မတီများ ဖွဲ့စည်း၍ ပူးပေါင်းမှုမြှင့်တင်သည့် လုပ်ငန်းများဆောင်ရွက်နိုင်ခဲ့ပါသည်။

✻ UNDP, UNICEF, UNFPA,UNODC, FAOတို့နှင့် နိုင်ငံဆိုင်ရာ လုပ်ငန်းအစီအစဉ် (Country Programme) များ ပူးပေါင်းရေးဆွဲ၍ လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

✻ Aid Information Management System (AIMS) အား အကောင်အထည်ဖော်ရန် ဆောင်ရွက်လျက်ရှိပါသည်။

**၃။ အာဆီယံရေးရာ ကိစ္စရပ်များ ဆောင်ရွက်ခြင်း**

✻ (၄၆)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေးနှင့် အာဆီယံအသိုက်အဝန်းကောင်စီ အစည်းအဝေးများကို ၂၀၁၄ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့တွင် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပနိုင်ခဲ့ပါသည်။

✻ စတုတ္ထအကြိမ်မြောက် အာဆီယံအသိုက်အဝန်း စာရင်းအင်းစနစ်ကော်မတီအစည်းအဝေးကိုအိမ်ရှင်နိုင်ငံအဖြစ် ၂၀၁၄ခုနှစ် အောက်တိုဘာလ ၁၄ ရက်နေ့မှ ၁၆ ရက်နေ့အထိ ကျင်းပနိုင်ခဲ့ပါသည်။

✻ စတုတ္ထအကြိမ်မြောက် အာဆီယံရင်းနှီးမြှုပ်နှံမှုကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။

✻ ၂၀၁၄ ခုနှစ် မေလတွင် (၂၄) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများနှင့် ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတွင် အခြားသက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပါသည်။

**၄။ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစီမံကိန်းများ မြေပြင်ကွင်းဆင်းစိစစ်ခြင်း**

✻ ၂၀၁၃ ခုနှစ် ဩဂုတ်လမှ ၂၀၁၄ ခုနှစ် မတ်လအထိ ခရိုင် (၁၈) ခရိုင်အတွင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်း (၁၅၈၃)ခု၏ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မြေပြင်ကွင်းဆင်းစိစစ်ခဲ့ပါသည်။

✻ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် စီမံကိန်းစိစစ်ရေးအဖွဲ့ (၄) ဖွဲ့ဖွဲ့စည်း၍ ဝန်ကြီးဌာနများမှ ခရိုင် ၃၇ ခရိုင်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းများနှင့် လုပ်ငန်းစီမံကိန်းများ (၁၇၆၅) ခု၏ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို စိစစ်သုံးသပ်ရန် လျာထားပြီး ဇူလိုင်လမှစတင်၍ တစ်လလျှင် (၄) ခရိုင်သို့ မြေပြင်ကွင်းဆင်းစိစစ်သုံးသပ်လျက်ရှိပါသည်။

✻ ၂၀၁၄ ခုနှစ် အောက်တိုဘာလအထိ ခရိုင် (၁၇) ခရိုင်အတွင်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်း ၂၃၈၄ ခု၏ဆောင်ရွက်ပြီးစီးမှု အခြေအနေအား မြေပြင်ကွင်းဆင်းစိစစ်ပြီးဖြစ်ပါသည်။ စိစစ်တွေ့ရှိချက်များကို လစဉ် ပြည်ထောင်စု အစိုးရအဖွဲ့ စီးပွားရေးရာကော်မတီသို့ တင်ပြလျက်ရှိပါသည်။

**၅။ စာရင်းအင်းအချက်အလက်များစုစည်းရာတွင် မှန်ကန်မှုရှိစေရေး ဆောင်ရွက်ခြင်း**

✻ ဗဟိုစာရင်းအင်းအဖွဲ့အနေဖြင့် ရုံးချုပ်အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးခွဲများကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှစ၍ ဖွင့်လှစ်ပြီး လူမှုစီးပွားစာရင်းများ၊ စုစည်းပြုစုခြင်းဈေးနှုန်းစာရင်းများ ကောက်ယူခြင်း၊ မွေးဖွားမှုနှင့် သေဆုံးမှုဆိုင်ရာ စာရင်းများစုစည်းပြုစုခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ပါသည်။

✻ ကုန်သွယ်မှုဆိုင်ရာ စာရင်းများအား စာရင်းအင်းကွဲလွဲမှုမရှိစေရေးအတွက် ဆက်စပ်ဌာနများပါဝင်သည့် ကုန်သွယ်မှုဆိုင်ရာ စာရင်းများ မှန်ကန်ရေး ပူးပေါင်းအဖွဲ့ကို ဖွဲ့စည်းပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှစ၍ စနစ်တကျဆောင်ရွက်နိုင်ခဲ့ပါသည်။

✻ ထို့အပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆိုင်ရာ စာရင်းအင်းအချက်အလက်များ ကောက်ယူစုဆောင်းရေးနှင့် စိစစ်အကဲဖြတ်ရေးလုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆိုင်ရာ ညွှန်ကိန်း ၇၃ ခုကို ဖော်ထုတ်နိုင်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစ၍ သုံးလပတ်အလိုက် စိစစ်သုံးသပ် တင်ပြလျက်ရှိပါသည်။

✻ ကမ္ဘာ့ဘဏ် အထောက်အပံ့ဖြင့် စာရင်းအင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအမျိုးသားအဆင့် မဟာဗျူဟာ (National Strategy For Development of Statistics- NSDS) ဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာအား ကမ္ဘာ့ဘဏ်နှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့ လက်မှတ်ရေးထိုးပြီးဖြစ်ပါသည်။ စာရင်းအင်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် မဟာဗျူဟာနှင့်ပတ်သက်သည့် ဆောင်ရွက်ရမည့် အစီအစဉ်များအား ၂၀၁၅ ခုနှစ်တွင် အပြီးဆောင်ရွက်နိုင်ရေး ကြိုးပမ်းလျက်ရှိပါသည်။ ထို့ပြင် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့(IMF)မှ ဆောင်ရွက်လျက်ရှိသော General Data Dissemination System (GDDS) တွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

*ဆက်လက်ဖော်ပြပါမည်*

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၆ဂ/၃၁၇၆ HYUNDAI SONATA.KMHEC ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးမိုးခိုင် ၉/မနတ(နိုင်)၀၀၅၇၈၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄ယ/၄၈၈၄၆ JialingM/C ယာဉ်လက်ဝယ်ရှိသူ ဦးမင်းနောင် ၉/မရတ (နိုင်)၀၅၅၄၀၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**စာမူတောင်းခံလွှာ**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသည် (၂၅)နှစ်ပြည့် ငွေရတုသက်တမ်းသို့ ရောက်ရှိပြီဖြစ်ပါသဖြင့် သင်တန်းကျောင်းအုပ်ချုပ်ရေးနာယကအဖွဲ့နှင့် သင်တန်းကျောင်း ကျောင်းအုပ်ဆရာတော်အမှူးရှိသော ကထိကဆရာတော်များက သင်တန်းကျောင်းသာသနာပြုမှတ်တမ်းမှတ်ရာများ လုပ်ဆောင်ချက်များ စသည်တို့ သမိုင်းမော်ကွန်းတင်ရစ်စေခြင်းငှာ ငွေရတုအထိမ်းအမှတ်စာစောင် ထုတ်ဝေမည်ဖြစ်ပါသည်။

ယင်းစာစောင်တွင် ဖော်ပြနိုင်ရန် ရဟန်းရှင်လူ စာပေဝါသနာရှင်များ၊ စာပေပညာရှင်များ၊ သင်တန်းသားများအနေဖြင့် ဝတ္ထု-ဆောင်းပါး-ကဗျာ-ဂါထာ-လင်္ကာ စသည်တို့ကို ထေရဝါဒစာပေနှင့်အညီ ရေးသားပေးပို့ကြပါရန် တောင်းခံအပ်ပါသည်။

စာမူများကို ၁၃၇၆ခုနှစ် ပြာသိုလကွယ်နေ့ (၁၉-၁-၂၀၁၅)ရက် နောက်ဆုံးထား၍ ပေးပို့နိုင်ပါသည်။

ဝတ္ထုဆောင်းပါးများကို အဖိုး(A.4)ဆိုဒ် သုံးမျက်နှာထက်မပိုစေဘဲ ရေးသားပေးပို့နိုင်ပါသည်။

**ပေးပို့ရမည့်ဌာန** - ငွေရတုစာစောင်ဖြစ်မြောက်ရေးအဖွဲ့
ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း မဟာဗန္ဓုလလမ်း၊ ပုသိမ်မြို့၊
ဖုန်း-၀၄၂-၂၂၅၇၃၊ ၀၉-၃၁၃၆၁၀၁၁

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄ယ/၄၈၈၄၄၊ Jialing M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှလှမြင့် ၉/မရတ(နိုင်)၀၅၅၄၁၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၁ယ/၅၄၅၃၁၊ Honda C90 Custom CMV ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်ဇာလင်း ၅/ထခန(နိုင်)၀၄၆၂၅၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၅ယ/၉၅၅၂၈ YUNDE 110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်မျိုးကျော် ၉/မရတ(နိုင်)၀၈၆၀၁၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၂ယ/၁၁၉၂၂ Jialing 90 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်လေး ၅/စကန(နိုင်)၂၂၇၈၅၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ဇာတိမာန်လမ်း၊ အမှတ်(၁၈/၂၄) မြေကွက်နှင့်ပတ်သက်၍ အများသိစေရန်**

အထက်ဖော်ပြပါ မြေကွက်သည် ၂-၃-၂၀၀၇ရက်က မြေကွက်ပိုင်ရှင်ဖြစ်သူ ဒေါ်စိန်စိန်ခိုင် ၁၂/ကမရ(နိုင်)၀၂၇၈၄၇ ထံမှ ဒေါ်လှနုဖြူ ၁၂/အစန(နိုင်)၀၀၀၂၁၄ က နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ် ကတိစာချုပ်ချုပ်၍ ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါမြေကွက်သည် ဒေါ်လှနုဖြူသာပိုင်ဆိုင်လျက်ရှိပြီး ဒေါ်လှနုဖြူ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ မည်သူမျှ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ လွှဲပြောင်းရောင်းချခြင်း၊ စီမံခန့်ခွဲခြင်းစသော မည်သည့်ဆောင်ရွက်မှုကိုမျှပြုလုပ်ဆောင်ရွက်ပိုင်ခွင့်မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လှနုဖြူ (မြေကွက်ပိုင်ရှင်)**
**၁၂/အစန(နိုင်)၀၀၀၂၁၄**

**သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

ကျွန်တော် ဦးအေးလွင်-ဒေါ်ရီရီတင်တို့၏သား မောင်ဖြိုးကိုကို ၆/မမန(နိုင်)၁၆၁၁၀၃ သည် မိဘများဆိုဆုံးမမှုကို မနာခံဘဲ ဂုဏ်သိက္ခာကျဆင်းအောင် ပြုလုပ်ပါသဖြင့် အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စမဆို (လုံး၀)မသက်ဆိုင်ပါကြောင်း ဤကြော်ငြာပါသည့်ရက်မှစ၍ အများသိစေရန် ကြေညာအပ်ပါသည်။ **(မေးမြန်းစုံစမ်းခြင်းသည်းခံပါ။)**

**ဦးအေးလွင် ၁၂/မဘန(နိုင်)၀၀၆၁၂၉**
**ဒေါ်ရီရီတင် ၁၂/မဘန(နိုင်)၀၀၅၂၁၉**

**သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ (၆)လမ်း၊ အမှတ်(၄၃)နေ ဦးဆယ်-(ဒေါ်ခင်နု)တို့၏သား မောင်မြင့်ထွန်း ၁၂/မဂတ(နိုင်)၀၆၂၁၇၆ သည် မိဘဆွေမျိုး ညီအစ်ကိုမောင်နှမများအား အမျိုးမျိုးနှိပ်စက်ပြီး အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် ယနေ့မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

**ဖခင် ဦးဆယ် ၁၂/မဂတ(နိုင်)၀၆၂၀၉၁**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# မီးလောင်ပြင်မှ အသံများနှင့် သိကောင်းစရာများ

သတင်းဆောင်းပါး-တင်ဝင်းလေး
(ကြည့်မြင်တိုင်)၊
ဓာတ်ပုံ- ဝင်းထွဋ်

ယခုတလော မီးလောင်မှု သတင်းများကို ဆက်တိုက်ကြားသိတွေ့မြင်နေရသည်။ မီးလောင်မှု သတင်းများနှင့်အတူ မီးဘေးအန္တရာယ် အသိပညာအားနည်းသူများထံမှ မျိုးစုံသောအသံတို့ကိုပါ ဆက်၍ကြားလာရသည်။

“မီးလောင်ပြီ” ဆိုသည့် သတင်းကြားရသည်နှင့် ပြန်လည်ငြိမ်းသွားစေချင်သည်မှာ အားလုံး၏ ဆန္ဒပင်ဖြစ်ပါသည်။ ကာယကံရှင်များက ပူပင်သောကစိတ်ဖြင့် အမြန်ဆုံး ငြိမ်းသွားစေချင်သကဲ့သို့ တာဝန်ထမ်းဆောင်ရသော မီးသတ်တပ်ဖွဲ့ဝင်များကလည်း ထို့အတူပင်ဖြစ်ပါသည်။

သို့သော် မီးလောင်ရာ ကာယကံရှင် ရပ်ကွက်လမ်းသူ လမ်းသားများအနေဖြင့် လည်းကောင်း၊ ပတ်ဝန်းကျင်မှ လာရောက်ကြည့်ရှုကြသူများအနေဖြင့် လည်းကောင်း၊ မီးငြိမ်းသတ်ရေးကို တာဝန်ယူဆောင်ရွက်ပေးရသော မီးသတ်တပ်ဖွဲ့ဝင်တို့အပေါ် ခြားနား၍ နားလည်မှုလွဲချော်နေသည်ကိုလည်းကောင်း စိတ်မကောင်းစွာ ကြားသိတွေ့မြင်နေရသည်။

တစ်နည်းဆိုရသော် “သတိမမူ၍ ဂူမမြင်”ဆိုသကဲ့သို့ ပြည်သူအချို့၏ မီးဘေးအန္တရာယ် အသိပညာအားနည်းပါးမှု စိုးရိမ်သောကစိတ်ဖြင့် ပြောကြားမှုတို့ကို မီးလောင်တိုင်း ကြားနေရသည်။

“မီးသတ်ကားတွေက လာတော့လာရဲ့၊ ရောက်ရောက်ချင်း ရေမပက်ကြဘူး”၊ “မီးသတ်ကားတွေက ရေမပါဘူး”၊ “တကယ်လောင်နေတဲ့ အိမ်ကိုတော့ မပက်ဘူး၊ ဘေးအိမ်ကိုပဲ ပက်နေတယ်”၊ “ပိုက်ဆံပေးထားလို့နေမှာပေ့ါ”၊ “မီးသတ်ကားတွေက အများကြီးပဲ တစ်စီးကို တစ်သိန်းပေးရမှာ” စသောအသံများက တီးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်ဖုံ ကြားနေရသည်။

စာရေးသူသည် မီးလောင်မှုသတင်းများကို အစဉ်တစိုက် ရေးသားလာသကဲ့သို့ မီးသတ်တပ်ဖွဲ့က ကျင်းပသော အခမ်းအနားများသို့လည်း များသောအားဖြင့် တက်ရောက် လေ့လာခဲ့ဖူးသူတစ်ဦး ဖြစ်သည်။

မီဒီယာများနှင့် တွေ့ဆုံရာတွင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးက “ကျွန်တော်တို့ မီးသတ်သမားအားလုံး ဘယ်မီးသတ်သမားကမှ မီးမလောင်စေချင်ပါဘူး။ အကယ်၍ သဘာဝဘေးကြောင့် မီးလောင်ခဲ့ရင်လည်း အမြန်ဆုံးသွား၊ အမြန်ဆုံးငြိမ်းစေချင်တဲ့ ဆန္ဒက ကိုယ်စီရှိပြီးသားပါ” ဟုဆိုခဲ့ဖူးသည်။

မီးငြိမ်းသတ်ရေး ယာဉ်တစ်စီးလျှင် ရေဂါလန်ပျမ်းမျှ ၈၀၀ မျှပါရှိပြီးဖြစ်သည်။ ထိုရေဂါလန်သည် မီးသတ်ပိုက်တစ်ပိုက်တည်းဖြင့် ပက်မည်ဆိုပါက အချိန်သုံးမိနစ်မျှသာ ပက်ဖျန်းနိုင်သကဲ့သို့ နှစ်ပိုက်ခွဲ ပက်မည်ဆိုပါက တစ်မိနစ်ခွဲမျှသာ အသုံးပြုနိုင်မည်ဖြစ်ပါသည်။

မီးလောင်ရာသို့ရှေ့ဆုံးမှ ရောက်ရှိလာသော မီးငြိမ်းသတ်ရေးယာဉ်က အမြန်ဆုံး ငြိမ်းသတ်ရမည်ဖြစ်ပါသည်။ သို့သော် ရေပက်ဖျန်းပေးနိုင်ရေးအတွက် လျှပ်စစ်ဌာနမှ ဓာတ်အားဖြတ်တောက်မှုကို စောင့်ဆိုင်းရမည်ဖြစ်ပါသည်။ သို့မဟုတ်ပါက ပက်သော ရေမှတစ်ဆင့် တန်ပြန်ဓာတ်လိုက်မှုဖြစ်ပြီး မီးသတ်သမားများအတွက် အလွန်မှပင် အန္တရာယ်ဖြစ်ပါသည်။

ထို့အပြင် ပထမရောက်ရှိသော မီးငြိမ်းသတ်ရေးယာဉ်မှ အထိုင်ချ ရေပက်ပြီဆိုသည်နှင့် နောက်မှရောက်လာသော ယာဉ်က အထိုင်ချပက်နေသည့် ယာဉ်အား ရေဖြည့်တင်းပေးရမည်။ ဖြည့်တင်းပေးသော ရေပိုက်သည် မီးငြိမ်းသတ်ရေးယာဉ်၏ ဘေးပေါက်မှ ချိတ်ဆက်ရခြင်းဖြစ်၍ သတိမထားသူများအနေဖြင့် မမြင်မတွေ့နိုင် ကြခြင်းဖြစ်ပါသည်။ (မီးလောင်အားအခြေအနေအရ မီးငြိမ်းသတ်ရေးယာဉ်များက အပြိုင်ပက်ရသည်လည်း ရှိပါသည်။)

နောက်မှနေ၍ ရေဖြည့်ပေးသော မီးသတ်ကား ရေကုန်သွားပါကလည်း နောက်တစ်စီးက ရေဖြည့်ဆည်းပေးရန် အသင့်အနေအထားတွင်ရှိပါသည်။ ထိုရေဖြည့်ပေးသော ကားက မီးသတ်ပိုက်ဖြင့် ရေမပက်ခြင်း၊ ရေဖြည့်ရန်ပြန်လည် ထွက်ခွာသွားခြင်းကို အချို့သောသူများထံမှ “မီးသတ်ကားက ရေမပါလို့ ပြန်လှည့်သွားတယ်” ဆိုသည့်အသံများက ထွက်ပေါ်လာခြင်းဖြစ်သည်။

မီးလောင်ပြင်သို့ မီးငြိမ်းသတ်ရေးယာဉ်ရောက်ရှိပြီး မီးလောင်အားအခြေအနေအရ မီးလောင်နေသော အိမ်မှာ ၅၀ ရာခိုင်နှုန်းကျော် လောင်ကျွမ်းခြင်းခံနေရပါက ထိုအိမ်



အား မီးသတ်ပိုက်တစ်ပိုက်ဖြင့်သာ “ခံစစ်”ထား၍ ပက်ဖျန်းပြီး အနီးဆုံးအိမ်အား မီးမကူးနိုင်စေရန် “မီးဖြတ်တောက်ခြင်းစနစ်” ဖြင့် ပက်ဖျန်းကြခြင်းဖြစ်သည်။

အကယ်၍ မီးလောင်ခံနေရသော အိမ်မှာ ၅၀ ရာခိုင်နှုန်းအောက် ၂၀ သို့မဟုတ် ၃၀ ရာခိုင်နှုန်းခန့်သာ လောင်ကျွမ်းနေပါက ထိုအိမ်အား “တိုက်စစ်” အဖြစ်ထား၍ အရယူပက်ဖျန်းကြခြင်းဖြစ်သည်။ ထို့ကြောင့် “မီးလောင်နေတဲ့ အိမ်ကိုတော့ မပက်ဘူး။ မလောင်တဲ့ အိမ်ကိုပဲ ပက်နေတယ်၊ ငွေပေးထားလို့နေမှာပေ့ါ” ဟူသော စကားသံများထွက်ပေါ်လာခြင်းဖြစ်သည်။

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် အိမ်တိုင်းတွင် မီးသတ်ဆေးဘူးများ ဆောင်ထားခြင်းမရှိသကဲ့သို့ မိမိနယ်မြေ၊ မီးသတ်ဖုန်းကိုပင် မသိသူအများကြီးရှိသည်။ သို့သော် ရန်ကုန်တိုင်းဒေသကြီးအတွင်း နေထိုင်သူများအနေဖြင့် အမှတ်ရ အလွယ်ကူဆုံးဖြစ်သည့် တိုင်းရုံးဖုန်း ၁၉၁ ကိုဖြင့်သိထားသင့်ပေသည်။

ကြည့်မြင်တိုင်မြို့နယ် မီးသတ်တပ်ဖွဲ့ ဒုတိယဦးစီးမှူး ဦးဖြိုးအာကာဆန်းက “စံကားဝါပင်လမ်းမှာ မီးလောင်နေတယ်။ မီးသတ်ရုံးကို ကားနဲ့လာ အကြောင်းကြားတယ်။ ကျွန်တော် အပြင်ထွက်ကြည့်တော့ မီးတောက်တွေတက်နေပြီ၊ မီးလောင်ပြင်ကို ရောက်တော့ပျဉ်ထောင်အိမ်သုံးလုံးလောက် မီးစွဲနေပြီ။ ဖုန်းနဲ့ တိုက်ရိုက်သာ ဆက်လိုက်ရင် ပိုမြန်မြန်ရောက်မှာ” ဟု ဆိုခဲ့သည်။

စမ်းချောင်းမြို့နယ်မှ မီးသတ်တပ်ဖွဲ့မှူး ဦးကျော်လွင်ဦးက “ဘေးကခြောက်ထပ်တိုက်ကို မီးကူးတယ်။ တိုက်ပြတင်းပေါက်တွေက ကူးသွားတာ၊ တိုက်ထဲဝင်ငြိမ်းမယ်လုပ်တော့ အခန်းအားလုံး သော့ကြီးတွေနဲ့ခတ်ထားတာ။ သော့ဖြတ်ကတ်ကြေးနဲ့ ဖြတ်ရတာ၊ ဝင်တော့အထဲမှာ မီးအားတွေက အလွန်များနေပြီ။ နောက်ရေရရှိရေးအတွက် အခက်အခဲတွေတွေ့ခဲ့ရတယ်။ စံကားဝါပင်လမ်း၊ ဌာနလမ်း၊ ဥယျာဉ်လမ်း ဝန်းကျင်မှာ မြေတွင်းရေပိုက်ခေါင်း (မီးသတ်ပိုက်ခေါင်း) HYDRANT တွေမရှိဘူး” ဟု ၎င်း၏တွေ့ခဲ့ရမှုကိုပြောပြသည်။

မီးလောင်ရာသို့ မီးငြိမ်းသတ်ရေးယာဉ် ၄၆ စီးရောက်ရှိလာခဲ့သည်။ မီးငြိမ်းသတ်နည်းစနစ်အရ ခံစစ်တိုက်စစ်ဖြင့် ပက်ဖျန်းမှုကြောင့် စံကားဝါပင်လမ်းအထက်ရှိ အိမ် ၁၇ လုံးမှာ မီးဘေးမှလွတ်ကင်းခဲ့ပြီး ခြောက်ထပ်တိုက်အောက်ပိုင်း အိမ်များသို့လည်း မီးမကူးခဲ့ပေ။ လမ်းသူလမ်းသား၊ ရပ်ကွက်သူရပ်ကွက်သားများက ကျေးဇူးတင်စကားများ ပြောလာကြသည်။ လာရောက်သော မီးသတ်ကားများအတွက်ငွေကြေးတစ်ပြား တစ်ကျပ်မှ ပေးခဲ့ရခြင်းမရှိခဲ့ပေ။ မီးပေါ့ဆသူအိမ်ရှင်ကို တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခဲ့သည်။

အချို့သော လမ်းများအတွင်း ညအိပ်ရပ်ထားသော ကားများကြောင့် မီးငြိမ်းသတ်ရေး ယာဉ်များဝင်ရောက်မှုမှာ အခက်အခဲများရှိခဲ့ပြီး အဆိုးရွားဆုံးမှာ ပတ်ဝန်းကျင်မှ လာရောက်ကြည့်ရှုသော သူများပင်ဖြစ်သည်။ မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် ယင်းလူအုပ်ကိုရှင်း၍ မီးသတ်ပိုက်လိုင်များ ဖြန့်ခင်းရသည်မှာ အချိန်များလင့်ခဲ့သည်ဟု ဆိုကြသည်။

ကြည့်မြင်တိုင်မြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး စိုးသင်းက “မသက်ဆိုင်တဲ့သူတွေမဝင်ပါနဲ့ဆိုပြီး တားလည်းမရကြဘူး။ အတင်းတိုးဝင်ကြတယ်။ နောက်တော့ ဘာမှလည်း မဟုတ်ဘူး။ ဝိုင်းအော်နေကြတယ်။ လက်ကိုင်ဖုန်းလေးတွေနဲ့ ဓာတ်ပုံရိုက်ကြတယ်။ တကယ် မီးငြိမ်းသတ်တဲ့ တာဝန်ရှိ သူတွေအတွက် အများကြီး အနှောင့် အယှက်ဖြစ်တာပဲရှိတယ်” ဟုသုံးသပ် ပြောကြားခဲ့သည်။

ဤသို့ အခါမျိုးတွင်သာ မလိုအပ်ဘဲ အပြင်ပရိသတ်များက များနေသည်။ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြဟောပြောပွဲများတွင် ပရိသတ်မရှိ၊ စိတ်ဝင်စားသူ လွန်စွာမှပင် နည်းလှသည်။ ရှောင်ကြသည်။ ဈေးများရပ်ကွက်များ၌ ပြုလုပ်သည့်အခါ မတတ်သာမှသာ ဝင်ရောက်နားထောင်ကြသည်။ ဘာမှ မှတ်မှတ်သားသား မပါသွားကြလေ။

မီးလောင်မှု ဖြစ်တော့မှသာလျှင် စိတ်လှုပ်ရှားမှုများစွာဖြင့် အယောင်ယောင်အမှားမှား ဆောင်ရွက်နေကြသည်ကိုတွေ့ မြင်နေရသည်။ သို့ပါ၍ “မီးဘေးရှောင် မလောင်ခင်တား” “မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်”၊ ရေး အသိတရားများအပြင် မီးလောင်ပြင်မှ မီးသတ်သမားတို့၏ ဆောင်ရွက်ပေးနေမှုတို့ကို သိရှိသဘောပေါက်နားလည်မှု ပေးနိုင်ကြစေရန် စေတနာဖြင့်ရေးသားတင်ပြလိုက်ရပါသည်။

## (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပမည်

တက္ကသိုလ်ပေါင်းစုံ သမိုင်းအထူးပြုကျောင်းသား ကျောင်းသူများ၏ (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၇ရက် (စနေနေ့) နံနက် ၉နာရီတွင် တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ပါသည်။ သမိုင်းအထူးပြုကျောင်းသား ကျောင်းသူများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ သမိုင်းဌာန ဖုန်း-၀၁-၅၃၆၉၉၆၊ ဦးမောင်မောင်ကြွယ် ဖုန်း-၀၉-၇၃၆၃၆၆၆၆(၁၉၆၉)၊ ဦးဉာဏ်ဝင်း ဖုန်း-၀၁-၂၀၃၁၅၄(၁၉၆၇)၊ ဦးဝင်းကြွယ် ဖုန်း-၀၉-၈၅၃၇၀၉၂(၁၉၈၄)၊ ဒေါ်မေရီလွန်ပုမ် ဖုန်း-၀၉-၅၁၂၄၀၈၇၊ ဒေါက်တာမိုမိုသန့် ဖုန်း-၀၉-၅၁၂၅၆၉၁(၁၉၈၄)၊ ဒေါက်တာငွေးမြင့် ဖုန်း-၀၉-၅၀၃၆၉၁၇၊ ဦးအောင်ကျော်မင်း ဖုန်း-၀၉-၇၃၁၇၁၆၃၆(၁၉၇၈)၊ ဒေါ်စိန်ကျင် ဖုန်း-၀၉-၅၁၀၆၀၉၁(၁၉၇၉)၊ ဦးသိန်းဝင်း ဖုန်း-၀၉-၂၅၄၀၆၅၈၉၀(၁၉၆၈)၊ ဦးသီဟကိုကို ဖုန်း-၀၉-၅၀၂၂၆၂၉(၁၉၈၄)၊ ဦးညိုအုန်းမြင့် ဖုန်း-၀၉-၄၂၁၁၅၂၆၃၃(၁၉၈၅)၊ ဦးလင်းမြင့် ဖုန်း-၀၉-၅၀၀၃၅၀၄(၁၉၉၅)၊ ဦးဇော်မင်း ဖုန်း-၀၉-၅၀၂၀၇၈၄(၁၉၉၄)၊ ဒေါ်ဘေဘီ(ခ)ဒေါ်စန်းစန်းနွယ် ဖုန်း-၀၉-၄၂၀၈၇၀၉၉(၁၉၇၉)၊ ဦးစိုးဟန် ဖုန်း-၀၉-၃၆၀၁၀၅၂(၁၉၉၂)၊ ဒေါ်နီလာသွင် ဖုန်း-၀၉-၅၀၄၄၄၉၆(၁၉၉၃)၊ ဦးပေါ်ဦး ဖုန်း-၀၉-၅၁၇၇၀၄၉(၁၉၉၄)၊ ဦးထွန်းထွန်းထက် ဖုန်း-၀၉-၈၆၄၆၃၃၃(၁၉၉၅)၊ ဒေါက်တာစုစုနိုင် ဖုန်း-၀၉-၅၁၉၃၀၀၂(၁၉၉၅)၊ ဦးမျိုးလွင် ဖုန်း-၀၉-၅၁၀၃၃၅၅(၁၉၉၅)၊ ဦးကိုကိုနိုင် ဖုန်း-၀၉-၅၀၁၉၄၈၈(၁၉၉၅)၊ ဦးကံဝင်း ဖုန်း-၀၉-၇၃၂၁၁၁၅(၁၉၉၅)၊ ဦးဇော်မင်းဦး ဖုန်း-၀၉-၅၀၀၂၅၇၁(၁၉၉၅)၊ ဦးကျော်ထွန်း ဖုန်း-၀၉-၅၁၆၄၇၂၀(၁၉၉၅)၊ ဒေါ်အေးစန္ဒာ ဖုန်း-၀၉-၂၅၉၃၀၃၁၃၀(၁၉၉၅)ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ**

## ခြောက်ထပ်ကြီးရွှေသာလျောင်းဘုရားကြီး လှူဒါန်းမှုအစုစုအတွက်ရေစက်ချမင်္ဂလာ အခမ်းအနားဖိတ်ကြားခြင်း

ခြောက်ထပ်ကြီးရွှေသာလျောင်းဘုရားကြီးတွင် သရက္ခန်ဘုရားများ၊ ခေါင်းလောင်းတော်များ၊ ဗုဒ္ဓဝင်ပန်းချီကားချပ်များ၊ သရိုးကိုင်ရွှေချတိုင်များ၊ အမိုးပြုပြင်ခြင်းလုပ်ငန်းများ၊ အလှူခံပုံးလှူဒါန်းထားသူများအား လှူဒါန်းမှုအစုစုအတွက် ရေစက်ချလှူဒါန်းနိုင်ရန် ဘုရားကြီးသရက္ခန်တန်ဆောင်းသို့ အောက်ပါအတိုင်းကြွရောက်နိုင်ပါရန် နိဗ္ဗာန်အကျိုးမျှော်၍ ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၄-၁-၂၀၁၅ ရက် (လွတ်လပ်ရေးနေ့)
**အချိန်** - ၀၉း၀၀နာရီ
**နေရာ** - ခြောက်ထပ်ကြီးရွှေသာလျောင်းဘုရားကြီး သရက္ခန်တန်ဆောင်း

**(နေ့လယ်စာဖြင့်တည်ခင်းဧည့်ခံပါမည်။)**

## ရွှေတောင်မော် အထက စတုတ္ထအကြိမ် မြတ်ဆရာပူဇော်ပွဲ

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ ရွှေတောင်မော်အထကတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၀)နှင့်အထက် အငြိမ်းစားဆရာကြီး ဆရာမကြီးများအား ကျောင်းသား/သူဟောင်းများက စတုတ္ထအကြိမ် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၅ခုနှစ် ဇန်နဝါရီ ၁၈ရက်တွင် ယင်းကျောင်းရှိ သုတရတနာခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ဆရာ ဆရာမကြီးများနှင့် ကျောင်းသား/သူဟောင်းများ ကြွရောက်ကြပါရန်နှင့် အလှူငွေများကို ဦးကျော်ဦး(ကျောင်းအုပ်ကြီး) ဖုန်း-၀၉-၂၅၀၁၁၆၄၁၉၊ ဦးတစ်စိမ်း ဖုန်း-၀၉-၈၅၈၆၀၁၉၊ ဦးချူစိမ်း ဖုန်း-၀၉-၅၁၇၁၀၀၃၊ ဦးကြည်စိုး ဖုန်း-၀၉-၃၁၃၅၅၃၆၀၊ ဦးကြည်ထွေး ဖုန်း-၀၉-၈၅၈၅၉၂၁၊ ဦးထွန်းလင်း(သန်းအေး) ဖုန်း-၀၉-၅၁၇၇၀၉၆၊ ဦးလှတင်(ရေချမ်း) ဖုန်း-၀၉-၂၅၀၁၇၃၃၉၁၊ ဦးမြင့်ဦး ဖုန်း-၀၉-၈၅၇၆၂၆၃၊ ဦးအောင်မင်းနိုင် ဖုန်း-၀၉-၈၅၈၆၉၃၇၊ ဒေါ်ထိုက်ထိုက်အောင် ဖုန်း-၀၉-၄၉၇၅၂၆၃၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ရန်ကုန်မှ ကြို/ပို့ကားများ စီစဉ်ထားပါသည်။

## ရေစက်ချတရားတော်နာဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မိုဃ်းကောင်းစေတီတော်ဝင်းအတွင်းရှိ အရိယာဓမ္မာရုံကြီး အသစ်တည်ဆောက်ပြီးမြောက်မှု မင်္ဂလာပွဲကို ၂၈-၁၂-၂၀၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၀ နာရီတွင် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ (သ·စ·အ) ဓမ္မာစရိယ ပါဠိပါရဂူပါမောက္ခချုပ် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဆရာတော်ကြီးမှ ရေစက်ချတရားဟောကြားမည်ဖြစ်ပါ၍ မပျက်မကွက် ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

(သီးခြားဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်)

**အလှူရှင်ဒါယကာ၊ ဒါယိကာမများ**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၄ယ/၅၅၄၈၃ Honda Dream C 100 P ယာဉ်လက်ဝယ်ရှိသူ ဦးမင်းခိုင် ၉/မလန(နိုင်)၁၀၂၂၉၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောသက်သေအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃၀ယ/၈၂၃၅၉ Honda Wave 125 ယာဉ်လက်ဝယ်ရှိသူ စိုင်းမုန့်တစ် ၁၃/ကတန(နိုင်)၀၇၇၉၇၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄C/၇၃၃၈ Suzuki Swift Hatch Back (4x2)® ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော် ၁၂/ဥကမ(နိုင်)၁၅၉၇၃၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

# အသွင်သစ်နှင့် ဒီဇင်ဘာလထုတ် သုတပဒေသာစာစောင် ထွက်ပြီ

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်ဆိုင်ရာ အပြောင်းအလဲများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

အသက် ၁၆ နှစ်မှ ၂၀ နှစ်အတွင်းလူငယ်များအား ဦးတည်ပရိသတ်အဖြစ်ထားရှိပြီး အသွင်ပြောင်းလဲထုတ်ဝေလိုက်သော ဒီဇင်ဘာလထုတ် သုတပဒေသာစာစောင်ကို ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်မှ ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

ဒီဇင်ဘာလထုတ် သုတပဒေသာစာစောင်တွင် နာမည်ကျော် စာရေးဆရာကြီးများ၏ ဆောင်းပါးများအပြင် ကဗျာ၊ ဟာသ၊ ဝတ္ထုတို၊ ဖြစ်ရပ်မှန်နှင့် ကျန်းမာရေးဆိုင်ရာဆောင်းပါးများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံများ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါသုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ၂၅၀၀ ကျပ်နှုန်းဖြင့် စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း ၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(၂၄၅-၂၄၇) အနော်ရထာလမ်းနှင့် (၉)လမ်းထောင့် လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ စာပေဗိမာန်စာအုပ်ဆိုင် ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေး ဖုန်း-၀၂-၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(၅၂၉-၅၃၁)၊ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မော်တော်ယာဉ်ပါမစ်ထုတ်ပေးရေးအဖွဲ့၌ ဝန်ထမ်းအင်အားဖြည့်တင်းဆောင်ရွက်ပေးလျက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၂၆



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန မော်တော်ယာဉ် တင်သွင်းခွင့်ပါမစ်ထုတ်ပေးရေးအဖွဲ့ (OSS) အနေဖြင့် ယာဉ်အို/ယာဉ်ဟောင်းအပ်နှံအစားထိုးတင်သွင်းမှု လျှောက်ထားခြင်းကို ၁၁-၉-၂၀၁၁ မှစ၍ လည်းကောင်း၊ လူပုဂ္ဂိုလ်တစ်ဦးချင်း မော်တော်ယာဉ်တင်သွင်းခွင့် လျှောက်ထားခြင်းကို ၁၁-၅-၂၀၁၂ ရက်နေ့မှလည်းကောင်း သတ်မှတ် Model Year အလိုက် ခွင့်ပြုထုတ်ပေးလျက်ရှိသည်။

ယာဉ်အို/ယာဉ်ဟောင်းအပ်နှံအစားထိုးတင်သွင်းမှုနှင့် ပတ်သက်၍ လျှောက်ထားသူ၏ မှတ်ပုံတင်မူရင်း၊ ကိုယ်စားလှယ်၏ မှတ်ပုံတင်မိတ္တူ၊ ယာဉ်အမျိုးအစား၊ Model Year၊ Engine Power၊ Capacity Weight၊ ဈေးနှုန်း မှန်ကန်မှု ရှိ/မရှိ၊ ကညနအပ်နှံပုံစံ(ယ) စလစ်ပါ အပ်နှံသူအမည်၊ မှတ်ပုံတင်အမှတ်၊ ယာဉ်အမှတ်မူရင်း မှန်ကုန်မှု ရှိ၊ မရှိ စသည့် အချက်အလက်များကို လွဲမှားမှုမရှိစေရေးအတွက် အသေးစိတ် စိစစ်ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံခြားငွေစာရင်းဖွင့်လှစ်ထားသော လူပုဂ္ဂိုလ်တစ်ဦးချင်း မော်တော်ယာဉ်တင်သွင်းမှုကို လျှောက်ထားသူ မှတ်ပုံတင်မူရင်း၊ သန်းခေါင်စာရင်းမူရင်း၊ ဘဏ်စာအုပ်မူရင်း (တစ်ပတ်အတွင်း ယာဉ်တန်ဖိုးပြည့်မီစွာရှိသည် USD ငွေလက်ကျန်)၊ ယာဉ်အမျိုးအစား၊ Model Year၊ Engine Power၊ Capacity Weight၊ ဈေးနှုန်းမှန်ကန်မှု ရှိ/မရှိ သွင်းကုန်ပါမစ်နှစ်ကြိမ် လျှောက်ထားမှု ရှိ/မရှိ စသည့် အချက်အလက်များကို လွဲမှားမှုမရှိစေရေး အသေးစိတ် စိစစ်ဆောင်ရွက်ပေးလျက်ရှိသည်။

မော်တော်ယာဉ် တင်သွင်းခွင့်ပါမစ်ထုတ်ပေးရေးအဖွဲ့ (OSS) အနေဖြင့် ပုံမှန်ရက်များတွင် တစ်ရက်လျှင် ပျမ်းမျှစောင်ရေ ၇၀၀ ဝန်းကျင်ခန့် စိစစ်ခွင့်ပြု ထုတ်ပေးလျက်ရှိသော်လည်း မော်တော်ယာဉ် တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်ရေးကော်မတီ၏ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်ကျင့်သုံးမည့် လုပ်ငန်းဆိုင်ရာ ပြင်ဆင်မှုများအရ ပါမစ်လျှောက်ထားမှုမှာ ယခင်ကထက် နှစ်ဆနီးပါး တိုးမြင့်လျှောက်ထားလာသည့်အတွက် ကုမ္ပဏီလုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်ရေး ဝန်ထမ်းအင်အားဖြည့်တင်း တာဝန်ပေးအပ်ခြင်း၊ ကွန်ပျူတာပိုင်းဆိုင်ရာ ဖြည့်တင်းခြင်းများကို အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ထားရှိသည်။

ဖော်ပြပါအတိုင်း စီမံဆောင်ရွက်ထားရှိသဖြင့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ စိစစ်ရမှုအပေါ် စာရွက်စာတမ်းပိုင်းဆိုင်ရာ မှန်ကန်ပြည့်စုံသော အထောက်အထားများ ဖြစ်စေရေး၊ စည်းကမ်းစနစ်တကျဖြင့် လုပ်ငန်းသဘာဝများကို လိုက်ပါဆောင်ရွက်ပေးနိုင်ရေး မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်ရေးကော်မတီမှ သိရသည်။

ကျော်မြင့်အေး

# ကလေးမြို့တွင် ကျေးလက်တောင်သူများအတွက် နည်းပညာပေးသင်တန်းဖွင့်

ကလေး ဒီဇင်ဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် စိုက်ပျိုးရေးဦးစီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထောက်ပံ့မှုဖြင့် ဖွင့်လှစ်သော သဘာဝပိုးမွှားရောဂါကာကွယ်ဆေးများ ပြုလုပ်သုံးစွဲခြင်းနှင့် သဘာဝမြေသြဇာများ ပြုလုပ်သုံးစွဲခြင်းနည်းပညာပေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၃ ရက် နံနက် ၉ နာရီက ကလေးမြို့ မြို့တော်ခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝေလွင်ဖြိုးက အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးသိုက်စိုးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များအကြောင်း ရှင်းလင်းပြီး သင်တန်းကာလမှာ သုံးရက်ကြာမြင့်ခဲ့ကြောင်း သိရသည်။

နေစု(ချင်းရိုးမ)

# မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်သို့ အလှူငွေပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၂၆

စင်ကာပူနိုင်ငံတွင် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃ ရက်မှ ၉ ရက်အထိ ကျင်းပမည့် (၈)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ (8th ASEAN Para Games Singapore) တွင် မြန်မာမသန်စွမ်းအသင်း အောင်နိုင်ရေးအတွက် အောင်နိုင်သူ ကုမ္ပဏီလီမိတက်မှ အလှူငွေပေးအပ်ပွဲကို ဒီဇင်ဘာ ၁၉ ရက် ညနေ ၄ နာရီက နေပြည်တော်ရှိ Shwe Pu Zun Cafe & Baker House ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် အောင်နိုင်သူကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဗိုလ်မှူးကြီးသခင်သန်းတင်(ငြိမ်း) လွတ်လပ်ရေးမော်ကွန်းဝင်(ပထမအဆင့်) က အလှူငွေပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အောင်နိုင်သူ လီမိတက်ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များမှ မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်နေလင်းထံ လှူဒါန်းငွေကျပ် သိန်း ၄၀ ပေးအပ်လှူဒါန်းခဲ့သည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

# မြို့နယ်ရဲတပ်ဖွဲ့လုပ်ငန်းဆောင်ရွက်မှု သတင်းစာရှင်းလင်း

ဖန်းမော် ဒီဇင်ဘာ ၂၆

ကချင်ပြည်နယ် ဗန်းမော်မြို့နယ်ရဲတပ်ဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၁၁ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူးကိုယ်စား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးက အမှာစကားပြောကြားသည်။

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးယာယီရဲမှူး ဦးကျော်သက်ထွန်းက ပြည်သူကို ဗဟိုပြုသော ရဲလုပ်ငန်းဆိုင်ရာများ၊ ၂၀၁၄ ခုနှစ်အတွင်း မှုခင်းဖြစ်ပွားမှုများ၊ မှုခင်းကျဆင်းရေး၊ မှုခင်းကြိုတင်ကာကွယ်ရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကို လည်းကောင်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသက်ဦးက လူကုန်ကူးမှုဆိုင်ရာကိစ္စရပ်များနှင့် နိုင်ငံခြားသားနှင့်ပတ်သက်သည့် ဥပဒေများကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

(ခရိုင် ပြန်/ဆက်)

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အမျိုးသားဓာတ်ခွဲခန်းတွင် အလုပ်လျှောက်ထားလာသော Master ဘွဲ့ရများနှင့် Bachelor ဘွဲ့ရများအတွက် အလုပ်ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကျင်းပမည့်ရက် ကြေညာခြင်း**

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အမျိုးသားဓာတ်ခွဲခန်းတွင် အလုပ်ခန့်ထားရန်အတွက် အလုပ်လျှောက်ထားလာသော Master ဘွဲ့ရများနှင့် Bachelor ဘွဲ့ရများအား အောက်ဖော်ပြပါ စာမေးပွဲအစီအစဉ်အတိုင်း အလုပ်ဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်-

| စဉ် | ဖြေဆိုမည့် ဘာသာရပ် | နေ့ရက် | အချိန် | နေရာ |
| --- | --- | --- | --- | --- |
| (က) | အင်္ဂလိပ်စာ | ၂၄-၁-၂၀၁၅ရက် (စနေနေ့) | နံနက် ၉း၀၀ နာရီမှ ၁၂း၀၀ နာရီထိ | အထက်မြန်မာပြည်တွင် အလုပ်လျှောက်ထားသူများ ဖြေဆိုရမည့်စာစစ်ဌာန မန္တလေးနည်းပညာတက္ကသိုလ်နှင့် အောက်မြန်မာပြည်တွင် အလုပ်လျှောက်ထားသူများ ဖြေဆိုရမည့်စာစစ်ဌာန ရန်ကုန်နည်းပညာတက္ကသိုလ် |
| (ခ) | သက်ဆိုင်ရာ ဘာသာရပ် | ၂၅-၁-၂၀၁၅ရက် (တနင်္ဂနွေနေ့) | နံနက် ၉း၀၀ နာရီမှ ၁၂း၀၀ နာရီထိ | |
| (ဂ) | လူတွေ့စစ်ဆေးခြင်း | | | ရေးဖြေစာမေးပွဲဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခံရမည့်သူများစာရင်းအား သက်ဆိုင်ရာစာစစ်ဌာနများတွင် ထပ်မံကြေညာပါမည်။ |

၂။ ဖြေဆိုမည့်သူများသည် ၂၁-၁-၂၀၁၅ ရက်ထက် နောက်မကျစေဘဲ သက်ဆိုင်ရာစာစစ်ဌာနများသို့ သတင်းပို့ရမည်ဖြစ်ပြီး အသေးစိတ်သိလိုပါက မန္တလေးနည်းပညာတက္ကသိုလ် ဖုန်း ၀၂-၅၇၃၆၃၊ ရန်ကုန်နည်းပညာတက္ကသိုလ် ဖုန်း-၀၁-၅၂၂၆၆၁၊ အမျိုးသားဓာတ်ခွဲခန်း ဖုန်း-၀၁-၆၆၇၃၇၂ နှင့် ပြည်ထောင်စုဝန်ကြီးရုံး ဖုန်း-၀၆၇-၄၀၄၀၁၇ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

**ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန**
**အထွေထွေရောဂါကုဆေးရုံကြီး-အင်းစိန်၊ ရန်ကုန်တိုင်းဒေသကြီး**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကျန်းမာရေးဦးစီးဌာန အင်းစိန် အထွေထွေရောဂါကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသရန်လိုအပ်သော (FDA) အသိမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ**
**စတင်ရောင်းချမည့်ရက်** - ၃၀-၁၂-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၆-၁-၂၀၁၅ ရက်၊ ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းကမ်းချက်များနှင့် တင်သွင်းရမည့် ဆေးဝါးစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း ဆေးရုံအုပ်ကြီးရုံးခန်း အထွေထွေရောဂါကုဆေးရုံကြီး အင်းစိန်၌ လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီး၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၁-၆၄၀၅၂၃**

**"ရွှေမွန်ရတနာ" ပေါင်မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ကြောင်း အများပြည်သူသို့ ကြေညာခြင်း**

"ရွှေမွန်ရတနာ" ပေါင်မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် SHWE MON YADANAR Paung Township Development Public Co.,Ltd. ကို မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့်အညီ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ မှတ်ပုံတင်ခွင့်ပြုချက်အမှတ် ၅၂၇၈/၂၀၁၃-၂၀၁၄ (၇-၂-၂၀၁၄)ရက်ဖြင့် ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ကြောင်း အများပြည်သူအား ကြေညာအပ်ပါသည်။

ကုမ္ပဏီ၏ ရုံးခန်းတည်နေရာမှာ အမှတ်(၁၀၀၉)၊ မင်းလမ်း၊ ပေါင်းရပ်ကွက်၊ ပေါင်မြို့၊ အမှတ် ၁၅၀၊ မင်းလမ်း၊ ဇင်းကျိုက်မြို့၊ ပေါင်မြို့နယ်၊ မွန်ပြည်နယ်ဖြစ်ပါသည်။

၎င်းအများနှင့်သက်ဆိုင်သောကုမ္ပဏီသည် နိုင်ငံတော်မှချမှတ်ထားသော မူဝါဒများနှင့်အညီ ဆောက်လုပ်ရေးလုပ်ငန်း၊ ရောင်းဝယ်ရေးလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးမွေးမြူရေးလုပ်ငန်း၊ စက်မှုလက်မှုနှင့်ထုတ်လုပ်မှုလုပ်ငန်း၊ အသေးစားငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို နိုင်ငံတော်မှခွင့်ပြုချက်ရယူ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့ပြင် အခါအားလျော်စွာ ပြောင်းလဲတိုးတက်နေသော ခေတ်နှင့်အညီ ဖြစ်ပေါ်လာမည့်လုပ်ငန်းများကိုလည်း ခွင့်ပြုချက်ရယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အစုရှယ်ယာတစ်စုလျှင် ကျပ်-၁၀၀၀၀၀/-(ကျပ်တစ်သိန်းတိတိ)သတ်မှတ်ထားပြီး အများပြည်သူသို့ မကြာမီကာလအတွင်း ဥပဒေနှင့်အညီ အစုရှယ်ယာများ ထည့်ဝင်နိုင်ရေးအတွက် ဖိတ်ခေါ်သွားမည်ဖြစ်ပါကြောင်း လေးစားစွာ အသိပေးကြေညာအပ်ပါသည်။

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်တင်နိုင်လင်း ၈/ရစက(နိုင်)၁၅၅၆၇၃ ၏နိုင်ငံကူးလက်မှတ် M၈၅၉၇၃၈ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၇၄၁၂၀၈၉**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ကော့မှူးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် မူကြိုကျောင်းဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ရန်ကုန် တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် မိခင်နှင့်ကလေးအသင်းပိုင် မူကြိုကျောင်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၃ ရက် နံနက် ၉ နာရီက ကော့မှူးမြို့နယ် မြို့သစ်ရပ်ကွက် ဗိုလ်ချုပ်လမ်း၌ ကျင်းပသည်။



ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ခင်သက်ဌေးက မိခင်နှင့်ကလေးအသင်းပိုင်မူကြိုကျောင်းများ အရည်အသွေးပြည့်မီ၍ သန့်ရှင်းသပ်ရပ်ပြီး လုံခြုံစိတ်ချမှုရှိမှ မိဘများအနေဖြင့် မိမိတို့၏ သားငယ် သမီးငယ်များကို စိတ်ချလက်ချအပ်နှံပြီး တစ်ဖက်တစ်လမ်းမှ ဝင်ငွေရှာဖွေနိုင်မည်ဖြစ်ကြောင်း ပညာရေးမြှင့်တင်မှု လုပ်ငန်းများတွင်လည်း မူကြိုဆရာမများအတွက် အရည်အသွေးမြှင့် သင်တန်းများကို လူမှုဝန်ထမ်းဌာနနှင့် ပူးပေါင်း၍ ပို့ချပေးခြင်း၊ မူကြိုကလေးများအတွက် သင်ထောက်ကူပစ္စည်းများ၊ ပျော်ရွှင်စွာ ကစားနည်းမျိုးစုံကစားနိုင်ရန် ကစားစရာပစ္စည်းများနှင့် ကျောင်းဝတ်စုံများ ထောက်ပံ့ပေးခြင်းတို့အပြင် မူလတန်းပညာမသင်မနေရ ပညာရေးစနစ်အရ ကျောင်းနေအရွယ် ကလေးများကျောင်းအပ်နှံပေးခြင်း ကျောင်းဝတ်စုံ ၊ စာရေးကိရိယာနှင့် သင်ထောက်ကူပစ္စည်းများထောက်ပံ့ပေးခြင်းတို့ကို နှစ်စဉ်ဆောင်ရွက်ပေးလျက် ရှိကြောင်း ကလေးငယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ အသိပညာ အလိမ္မာတိုးပွားစေပြီး ဘက်စုံထူးချွန်တိုးတက်လာစေရေးတို့ကို ရည်ရွယ်ပြီး ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဆွေလတ်နှင့် အလှူရှင်များက အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ မူကြိုကျောင်းကို ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့်အလှူရှင်များ လှူဒါန်းသော အဆောက်အအုံတန်ဖိုး ငွေကျပ် ၂၃၁ သိန်းနှင့် ထောက်ပံ့ပစ္စည်း ၁၈မျိုး ငွေကျပ် ၂၇ သိန်းကျော်ဖြစ်ကြောင်း သိရသည်။ **တင်စိုး(မြန်မာ့အလင်း)**

## သတင်းတို

### မကွေး–လှိုင်ကော် ခရီးသည်တင် ယာဉ်လိုင်းသစ်ပြေးဆွဲ

မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ် ကူးသန်းသွားလာရေးလွယ်ကူစေရန်အတွက် မကွေး-လှိုင်ကော် ခရီးသည်တင်ယာဉ်လိုင်းသစ်ကို ပန်းတိုင်ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးယာဉ်လိုင်းက ဒီဇင်ဘာ ၂၂ ရက်က စတင်ပြေးဆွဲလျက်ရှိပြီး ယာဉ်စီးခနှုန်းထားမှာ အာမခံကြေးအပါအဝင် ခရီးသည်တစ်ဦးလျှင် ငွေကျပ် ၁၃၃၀၀ ဖြစ်ကာ လူစီးသီးသန့်မှန်လုံယာဉ်ငယ်များဖြင့် ပြေးဆွဲခြင်းဖြစ်သဖြင့် ခရီးသည်များအတွက် အဆင်ပြေချောမွေ့မှုရှိကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**

# မကွေးမြို့ အဓိကလမ်းမကြီးများ၌ သဲနုန်းခြစ်သန့်ရှင်းရေးဆောင်ရွက်

**မကွေး ဒီဇင်ဘာ ၂၆**

မကွေးမြို့အဓိကလမ်းမကြီးများပေါ်၌ အကြောင်းအမျိုးမျိုးကြောင့် တင်ကျန်ရစ်သော သဲနုန်းများကြောင့် စက်ဘီး၊ ဆိုင်ကယ်ယာဉ်အသုံးပြုပြည်သူများ ယာဉ်အန္တရာယ်မဖြစ်စေရန်နှင့် လမ်းမကြီးများ သန့်ရှင်းသပ်ရပ်စေရန်အတွက် လမ်းလယ်ကျွန်းဘေးဝဲယာ သဲနုန်းများဖယ်ခြစ်ထုတ်ခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများကို မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ သန့်ရှင်းရေးဝန်ထမ်းများဖြင့် မကွေးမြို့တွင်း နတ်မောက်လမ်းတစ်လျှောက် ဒီဇင်ဘာ ၂၃ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မကွေးမြို့သည် တိုင်းဒေသကြီးမြို့တော်ဖြစ်သည်နှင့်အညီ မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို မကွေးမြို့နယ်စည်ပင်သာယာရေးကော်မတီက အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ သဲနုန်းခြစ်ခြင်းလုပ်ငန်းအပြင် မြို့ပေါ် ၁၅ ရပ်ကွက်နှင့် အဓိကလမ်းမကြီးများတွင် ခေါင်းလောင်းတီးအမှိုက်သိမ်းဆည်းခြင်း၊ မြို့တွင်းလှည့်လည် အမှိုက်သိမ်းဆည်းခြင်းနှင့်လမ်းကြောင်းအလိုက် တံမြက်စည်းလှည်း အမှိုက်သိမ်းဆည်းခြင်းလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ထို့အပြင် မကွေးမြို့တွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မြို့တော်၏အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသပ်ရပ်မှုရှိစေရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအဖွဲ့အစည်းများကလည်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ မကြာခဏ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည်။

**ဇေယျာတု(မကွေး)**

# သံကူကွန်ကရစ်တံတားနှင့် ကတ္တရာလမ်းသစ်ဖွင့်လှစ်

**မိုးကုတ် ဒီဇင်ဘာ ၂၆**

မိုးကုတ်မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် အလှူရှင် ဦးအောင်သိန်းမိသားစုတို့ ပူးပေါင်းဆောင်ရွက်သော မိုးကုတ်မြို့ သံလွင်တောင်ရပ်ကွက်ရှိ အကျယ်ပေ ၂၀၊ အရှည်ပေ ၇၀၀ ရှိ ကတ္တရာလမ်းသစ်၊ အရှည် ၂၆ ပေ၊ အကျယ် ၁၆ ပေရှိ သံကူကွန်ကရစ်တံတားနှင့် မီးကင်းအဆောက်အအုံသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၃ ရက်က အဆိုပါ ကတ္တရာလမ်းသစ်ကြီးပေါ်၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် အမှတ်(၃)စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးနေစိုးအေး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းရွှေ၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်ထွန်းနှင့် အလှူရှင် ဦးအောင်သိန်းတို့က လမ်းသစ်ကြီးနှင့် တံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး မိုးကုတ်မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းရွှေက လမ်းသစ်ကြီးနှင့် ကွန်ကရစ်တံတားဖြစ်မြောက်ရေး ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ထွန်းက မီးကင်း အဆောက်အအုံသစ်နှင့် ကျေးရွာမှခ်ဦးသစ်များကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ လမ်းသစ်တစ်လျှောက် လမ်းလျှောက်ကြည့်ရှုခဲ့သည်။ လမ်းနှင့် တံတားဖွင့်ပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ တက်ရောက်ခဲ့ကြသည်။

**နေဝါ(မိုးကုတ်)**




**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**
**အဆိုပြုတင်ဒါခေါ်ယူခြင်း**

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အောက်ဖော်ပြပါမြေနေရာများတွင် အဆင့်မြင့်အဆောက်အအုံတည် ဆောက်ခြင်းလုပ်ငန်းစီမံကိန်းများကို ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မည်ဖြစ်ပါသည်-

(က) ဗိုလ်တထောင်မြို့နယ်၊ (၄၁)လမ်း၊ အမှတ် (၂၁၊ ၂၃၊ ၂၅၊ ၂၇)၊ မြေကွက်လွတ် (၁၀၀'×၄၀')

(ခ) ဗိုလ်တထောင်မြို့နယ်၊(၄၂)လမ်း၊ အမှတ်(၁၄/ဂျီ)၊ မြေကွက်လွတ်(၅၀'×၆၀')

(ဂ) သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၂၇/ခ)၊ မြေကွက်အမှတ် (၂၀)၊ နှစ်ခန်းတွဲတစ်ထပ်တိုက်ဟောင်းသုံးလုံး တည်ရှိသည့် မြေကွက် (၂၀၀'×၁၀၀') (ဝဒသမ၄၅၉)ဧက

(ဃ) မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ ခေမာသီလမ်း၊ အမှတ် (၆၁မှ ၇၆)၊ မြေကွက်လွတ်နှင့် ဂိုဒေါင်ဟောင်းမြေနေရာ (၅ဒသမ၉၆၇)ဧက

၂။ အဆိုပါ (က)၊ (ခ)၊ (ဂ)၊ (ဃ) လုပ်ငန်းများအတွက် လုပ်ငန်းတင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း လျှောက်ထားတင်ပြနိုင်ကြောင်း ကြေညာအပ်ပါသည်-

(က) **တင်ဒါပုံစံနှင့် စည်းကမ်းချက်များစတင် ထုတ်ယူနိုင်သည့်ရက်** - ၂၉-၁၂-၂၀၁၄ရက် (တနင်္လာနေ့)

(ခ) **တင်ဒါပိတ်မည့်ရက်** - ၁၃-၂-၂၀၁၅ရက်(သောကြာနေ့)

(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - ရုံးအမှတ်(၄၀)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၇၅၂၇

**တင်ဒါရွေးချယ်ရေးဦးစီးကော်မတီ**

**ဖခင် အမည်မှန်** မုံရွာမြို့ အထက(၁)၊ အဋ္ဌမတန်း(C)မှ မောင်ရှိုင်းထက်သော်၏ ဖခင် အမည်မှန်မှာ စောအဲသို ဖြစ်ပါကြောင်း။ **စောအဲသို ၃/ဘအန(နိုင်)၂၄၀၅၃၁**

**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**
**အဆိုပြုတင်ဒါခေါ်ယူခြင်း**

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အောက်ဖော်ပြပါမြေနေရာများတွင် လူနေအိမ်ရာ၊ အဆောက်အအုံ၊ စီးပွားရေးအဆောက်အအုံ(သို့မဟုတ်) အခြားသင့်တော်သည့် ရင်းနှီးမြှုပ်နှံလိုသည့် စီမံကိန်းများပါဝင်သည့် မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများကို ဆောင်ရွက်မည်ဖြစ်ပါသည်-

(က) ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ ဧရာဝဏ်/ရတနာအိမ်ရာစီမံကိန်းအတွင်း (ဧရာဝဏ်လမ်းနှင့် ရွှေလီလမ်းအကြား)

(ခ) ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ ဧရာဝဏ်/ရတနာအိမ်ရာစီမံကိန်းအတွင်း (ရတနာလမ်းနှင့် ချင်းတွင်းလမ်းအကြား)

၂။ အဆိုပါ(က)၊ (ခ)လုပ်ငန်းအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းတင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း လျှောက်ထားတင်ပြနိုင်ကြောင်း ကြေညာအပ်ပါသည်-

(က) **တင်ဒါပုံစံနှင့်စည်းကမ်းချက်များ စတင်ထုတ်ယူနိုင်သည့်ရက်** - ၂၉-၁၂-၂၀၁၄ရက် (တနင်္လာနေ့)

(ခ) **တင်ဒါပိတ်မည့်ရက်** - ၁၃-၂-၂၀၁၅ရက် (သောကြာနေ့)

(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - ရုံးအမှတ်(၄၀)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၇၅၂၇

**တင်ဒါရွေးချယ်ရေးဦးစီးကော်မတီ**

**အမြန်ပြန်လာပါ**

မောင်ဖြိုးအာကာလွင် ၁၀/မလမ(နိုင်)၁၈၄၃၁၅ အမြန်ပြန်လာပါ။ အပြစ်အားလုံး ခွင့်လွှတ်သည်။ အမေ အသည်းအသန်ဖြစ်နေသည်။ မိဘများ စိတ်ပူနေသည်။

**ဦးသက်လွင်-ဒေါ်အုံးရီ(တောင်ဒဂုံ)**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ဘဏ္ဍာရေးဝန်ကြီးဌာန**
**အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်မြို့**
**အိတ်ဖွင့်တင်ဒါဖွင့်ဖောက်မည့်ရက် ပြောင်းလဲကြောင်းကြေညာခြင်း**

၁။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော MACCS System တွင် အသုံးပြုမည့် Hardware ပစ္စည်းများနှင့် Installation များ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခဲ့ရာ တင်ဒါဖွင့်ဖောက်မည့် ရက်စွဲ/အချိန်အား အောက်ပါအတိုင်း ပြောင်းလဲသတ်မှတ်လိုက်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာများ နောက်ဆုံးလက်ခံမည့်ရက်စွဲ/အချိန်** - ၁-၁-၂၀၁၅ ရက် ၁၆း၃၀ နာရီ

(ခ) **တင်ဒါဖွင့်ဖောက်မည့်ရက်စွဲ/အချိန်** - ၅-၁-၂၀၁၅ ရက် ၁၀း၀၀နာရီ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါဆိုင်ရာအသေးစိတ် အချက်အလက်များကို ရုံးချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ကမ်းနားလမ်း၊ အမှတ် ၁၃၂ရှိ အကောက်ခွန်ဦးစီးဌာနသို့ လာရောက်စုံစမ်း၍ ရယူဆောင်ရွက်နိုင်ပါသည်။

**တင်ဒါရွေးချယ်စိစစ်ရေးအဖွဲ့**
**အကောက်ခွန်ဦးစီးဌာန**

**မိခင် အမည်မှန်** ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ အထက(၁)ပြည်၊ သတ္တမတန်း(J)မှ မောင်ထင်ရှားထက်နိုင်၏ မိခင်အမည်မှန်မှာ ဒေါ်ချောစုစုခိုင် ဖြစ်ပါသည်။

# ရေနံသိုလှောင်ဖြန့်ဖြူးရေးဌာန၌ မီးဘေးအန္တရာယ်ကာကွယ်ရေး ပညာပေးလုပ်ငန်းများဆောင်ရွက်

**မြင်းမူ ဒီဇင်ဘာ ၂၆**

တစ်ရက်လျှင် စက်သုံးဆီ ဂါလန် ၂၀၀၀၀ အထိ ဖြန့်ဝေပေးလျက်ရှိသော မြင်းမူမြို့ ရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနတွင် မီးဘေးအန္တရာယ်ကင်းဝေးရေး ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများကို မြို့နယ်မီးသတ်တပ်ဖွဲ့မှ ဒီဇင်ဘာ ၂၄ ရက်က သွားရောက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြင်းမူမြို့နယ် မီးသတ်တပ်ဖွဲ့သည် မြင်းမူမြို့နယ်အတွင်း မီးဘေးအန္တရာယ် ကင်းဝေးစေရေးအတွက် လေ့ကျင့်ပညာပေးခြင်း၊ လက်တွေ့ မီးငြိမ်းသတ်မှုသရုပ်ပြခြင်း၊ သတိပေးနှိုးဆော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မြင်းမူမြို့ ရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနတွင်လည်း မီးဘေးအန္တရာယ်ကင်းဝေးစေရေး စစ်ဆေးမှုများကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝေမင်းထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

မြင်းမူမြို့ ရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနသည် တစ်ရက်လျှင် စက်သုံးဆီဂါလန် ၁၂၀၀၀ မှ ၂၀၀၀၀ အထိကို ဆီသယ်မော်တော်ယာဉ်ကြီးများဖြင့် ထုတ်ပေးလျက်ရှိရာ မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် ဆီသယ်မော်တော်ယာဉ်များဖြင့် ဆီထုတ်ယူနေစဉ် ယာဉ်၏ စက်ရပ်နားထားခြင်း ရှိ မရှိ၊ မိန်းပိတ်ထားခြင်း ရှိ မရှိ၊ အပ်ကြိုးချထားခြင်း ရှိ မရှိ တို့ကို စစ်ဆေးသည့်အပြင် စက်သုံးဆီလာရောက်ထုတ်ယူသူများ ဆေးလိပ်မသောက်ရေးနှင့် မိုဘိုင်းဖုန်းများ အသုံးမပြုရေးတို့ကို စနစ်တကျ စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း ရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနမှ ဦးကျော်မြင့်က ပြောပြသည်။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် အထက်ချင်းတွင်းဒေသများသို့ စက်သုံးဆီများ အဓိကဖြန့်ဖြူးပေးနေသည့် နေရာဖြစ်သဖြင့် ရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနနှင့် ဆီသယ်မော်တော်ယာဉ်များဖြင့် ဆီထုတ်ယူနေစဉ် မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် ဝန်ထမ်းများအား သာမန်မီးလောင်မှုနှင့် လောင်စာဆီကြောင့်မီးလောင်မှုများအား မီးငြိမ်းသတ်ခြင်း သင်တန်းများကို တက်ရောက်စေပြီး အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း သရုပ်ပြလေ့ကျင့်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။



**အောင်စိုးဖေ(iprd)**

# ငွေဆောင်၌ ရေအောက်ဖိုင်ဘာဆက်ကြောင်း တည်ဆောက်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ပြည်ပဆက်သွယ်ရေး အော်ပရေတာများနှင့်အပြိုင် ဝန်ဆောင်မှုပေးလာသည့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် အင်တာနက်မြန်နှုန်းများ လက်ရှိအခြေအနေထက် ပိုမိုကောင်းမွန်သော မြန်နှုန်းများ ရရှိစေရန် ရည်ရွယ်လျက် ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်တွင် ရေအောက်ဖိုင်ဘာကေဘယ်လ်လိုင်းတစ်ခု တည်ဆောက်ချိတ်ဆက်သွားမည် ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"အင်တာနက်မြန်နှုန်းတွေ လက်ရှိအခြေအနေထက်ပိုမိုကောင်းမွန်လာစေဖို့ ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မှာ ၂၀၁၆ ခုနှစ် မကုန်မီ Bandwidth 1300 Gb ရှိတဲ့ အင်တာနက် ရေအောက်ဖိုင်ဘာဆက်ကြောင်း တည်ဆောက်ချိတ်ဆက်သွားဖို့ စီစဉ်လျက်ရှိပါတယ်။ ဒါ့အပြင် လက်ရှိအသုံးပြုနေတဲ့ အင်တာနက်ဆက်ကြောင်းတွေမှာလည်း Bandwidth တိုးမြှင့်သွားဖို့ရှိပါတယ်" ဟု အဆိုပါတာဝန်ရှိသူက ဆက်လက်ပြောကြားသည်။

အဆိုပါ ရေအောက်ဖိုင်ဘာဆက်ကြောင်း တည်ဆောက်ပြီးပါက မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၇ နိုင်ငံ အင်တာနက်ဆက်သွယ်မှုမြန်နှုန်းများ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

လွန်ခဲ့သည့် လများအတွင်း အော်ရီဒူးနှင့် တယ်လီနော ဆက်သွယ်ရေးကုမ္ပဏီများက အင်တာနက်မြန်နှုန်းကောင်းမွန်သော ဆင်းကတ်များ ဈေးကွက်များအတွင်း စတင်ရောင်းချလာခဲ့ရာ မြန်မာနိုင်ငံတွင် မိုဘိုင်းဖုန်းများမှတစ်ဆင့် အင်တာနက် အသုံးပြုသူဦးရေ တိုးတက်လာပြီး မြန်မာ့ဆက်သွယ်ရေးကလည်း အင်တာနက်မြန်နှုန်းများ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိသည်။ **ကြံတိုင်းအောင်**

# စားသုံးရန်မသင့်သော အစားအသောက်များ ကွင်းဆင်းစစ်ဆေး

**ကျောက်ပန်းတောင်း ဒီဇင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ၊ အိမ်ဆိုင်များနှင့် စတိုးဆိုင်များတွင် စားသုံးရန်မသင့်သော အစားအသောက်နှင့် သုံးစွဲရန်မသင့်သော အလှကုန်ပစ္စည်းများ ရောင်းချမှု ရှိ မရှိကို ကျန်းမာရေးဦးစီးဌာနနှင့် တာဝန်ရှိသူများက ဒီဇင်ဘာ ၂၃ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ကွင်းဆင်းစစ်ဆေးမှုကို ကျောက်ပန်းတောင်းမြို့နယ်စည်ပင်သာယာ ဈေးအဖွဲ့မှ ဈေးတာဝန်ခံ ဦးမင်းညွန့်အောင်(ဒုဦးစီး/ဈေး)နှင့် ဝန်ထမ်းများနှင့် ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဆရာမ ဒေါ်စန်းစန်းငွေ၊ ဒေါ်မြင့်မြင့်ကြည်နှင့် ဒေါ်မြသန္တာတို့က ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။



မြို့မစည်ပင်သာယာ ဈေးကြီးအတွင်းနှင့် ပုံကျဈေးအတွင်းရှိ မှုန့်စိ၊ မှုန့်ချဉ်၊ အရောင်တင်မှုန့်၊ ငရုတ်သီးမှုန့်၊ သရက်သီး၊ သံပရာသီးကုလားတည် အစရှိသည့် အစားအသောက်အရောင်းဆိုင်များတွင် ကျန်းမာရေးနှင့်မညီညွတ်သော အရောင်ဆိုးဆေးများပါဝင်ခြင်း ရှိ မရှိနှင့် အိမ်ဆိုင်စတိုးဆိုင်များတွင် ရောင်းချနေသော အလှကုန်များတွင် သုံးစွဲရန်မသင့်သော အလှကုန်များရောင်းချနေခြင်း ရှိ မရှိကို စစ်ဆေးခဲ့ကြပြီး စားသုံးရန်မသင့်သော အစားအသောက်များ ရောင်းချခြင်းမပြုကြရန် ပညာပေးဆွေးနွေး ဟောပြောခဲ့ကြကြောင်း သိရသည်။

**နေအောင်(iprd)**

# ကမ်းပါးပြိုမှုကာကွယ်ရန် ရေလွှဲရေကာတန်းနှင့် ကမ်းထိန်းကရစ်တန်းများရိုက်

**မင်းကင်း ဒီဇင်ဘာ ၂၆**

ကလေးခရိုင် မင်းကင်းမြို့နယ် တောင်တွင်းချောင်းမကြီးဘေးတွင် တည်ရှိသော ပျားသုံးကျေးရွာတွင် ချောင်းရေတိုက်စားခြင်းကြောင့် စာသင်ကျောင်းဘေးနှင့် ရွာဘေးကမ်းပါးများပြိုကျလျက်ရှိရာ ရေတိုက်စားမှုမှကာကွယ်ရန် ရေလွှဲရေကာတန်းနှင့် ကမ်းထိန်းကရစ်တန်းများရိုက်ခြင်းလုပ်ငန်းကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

တောင်တွင်းချောင်းရေတိုက်စားမှုမှကာကွယ်ရန် ကမ်းထိန်းတန်း ရှစ်တန်းပါ အရှည် ၃၇၅ ပေရှိ ကမ်းထိန်းကရစ်တန်းရိုက်ခြင်းနှင့် အရှည်ပေ ၄၂၀ရှိ ရေလွှဲရေကာတန်းရိုက်ခြင်းလုပ်ငန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေမှ ငွေကျပ် သိန်း ၂၅၀ ကျော် အကုန်အကျခံ ဆောင်ရွက်ခြင်းဖြစ်ပြီး ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၏ စီစဉ်ကူညီဆောင်ရွက်ပေးမှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်စိုးက ပြောသည်။ အဆိုပါ ကမ်းထိန်းတန်းနှင့် ရေလွှဲရေကာတာတန်းရိုက်ခြင်းလုပ်ငန်းများကို အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်နိုင်ရန် ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ရပ်မိရပ်ဖများနှင့်အတူ ဒီဇင်ဘာ ၂၃ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပျားသုံးကျေးရွာသည် အိမ်ခြေ ၂၀၀ ကျော်နှင့် လူဦးရေ ၁၇၀၀ ကျော်ရှိသော ကျေးရွာကြီးဖြစ်ပြီး ယခုကဲ့သို့ ချောင်းရေတိုက်စားမှုကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးသဖြင့် ဒေသခံများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**ဂျူနိုင်း**


## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၆-၁၂-၂၀၁၄ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၃၁-၁၂-၂၀၁၄ရက်

၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၂:၀၀ နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**



## စက်မှုဝန်ကြီးဌာန
## အမှတ် (၁၁)အကြီးစားစက်ရုံ(ရန်ကုန်)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ် (၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၁၁)အကြီးစားစက်ရုံ(ရန်ကုန်)တွင် ထုတ်လုပ်မှုဆောင်ရွက်ခြင်းမရှိတော့သည့် X-2000 Component Parts (၁၃၂) မျိုးနှင့် အသုံးမလိုသည့် ပိုလျှံနေသော Raw Materials များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၆-၁၂-၂၀၁၄ရက်မှ၇-၁-၂၀၁၅ရက်အထိ

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - အမှတ်(၁၁)အကြီးစားစက်ရုံ(ရန်ကုန်)၊ စီမံကိန်းဌာန

၄။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်** - ၇-၁-၂၀၁၅ရက်
**အချိန်နှင့်နေရာ** - ၁၂:၀၀နာရီ၊ အမှတ် (၁၁) အကြီးစားစက်ရုံ(ရန်ကုန်)၊ စီမံကိန်းဌာန
**တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၈-၁-၂၀၁၅ရက်၊ ၁၀:၀၀နာရီ

၅။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၆၆၈၁၇၈၊ ၀၁-၆၆၀၄၇၃တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**
**အမှတ် (၄၆)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**



## ကြေညာချက်

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီမှ ထုတ်ပေးသောမှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ် (P.E. လက်မှတ်)နှင့် မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ် (R.S.E.လက်မှတ်)လျှောက်လွှာများကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ရက်၊ ၁-၁-၂၀၁၅ရက်မှစ၍ စတင်ခေါ်ယူလက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ ထုတ်ပေးမည့်မှတ်ပုံတင် အင်ဂျင်နီယာလက်မှတ်(R.E.လက်မှတ်)လျှောက်လွှာခေါ်ယူ လက်ခံမည့်ရက်ကို ထပ်မံအသိပေးကြေညာသွားမည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ**
**အမှတ်(၂၂၈/၂၃၄)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၅၁၂၁၃၊ ၇၀၃၂၇၆**



## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ပေါင်းလောင်း (၂)၊ ရွာကောက်ရပ်ကွက်၊ ၁၈လမ်း၊ မြေကွက်အမှတ် ၇၃၉၊ အလျား ၇၂ပေ၊ အနံပေ ၆၀၊ ဧရိယာဧက ၀ဒသမ၀၉၉ဧကရှိ မြေကွက်နှင့် တစ်ထပ်တိုက်အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အဆင့်ဆင့်စာချုပ်တို့ဖြင့် ရောင်းချပိုင်ခွင့်ရှိသူထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသူမြင့် LL.B, LL.M, CBL**
**အထက်တန်းရှေ့နေ(စဉ်-၂၉၂၂၆)**
**၁၄/၆၂၈၊ ပေါင်းလောင်း (၄)လမ်း၊ ပျဉ်းမနားမြို့၊ ဖုန်း-၄၃၁၀၉၀၆၁**



## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/တပင်ရွှေထီး၊ တပင်ရွှေထီးရပ်ကွက်ရှိ မြေကွက်အမှတ် [ပစ(C)၅၃၂၈]၊ ဧရိယာ ၀ဒသမ၀၅၅ဧက အမည်ပေါက်ပိုင်ရှင် တပ်ကြပ်နိုင်မင်းဦး ကွယ်လွန်သွားပါသဖြင့် တရားဝင်ဇနီးဖြစ်သူ ဒေါ်ခင်အေးရီ ၁၂/သလန(နိုင်)၀၃၃၇၃၉ (ဘ)ဦးမောင်အေးထွန်းမှ အမွေဆိုင်ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြ၍ ၎င်း၏အမည်ဖြင့် မြေငှားစာချုပ် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများအနေဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**



## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

နေပြည်တော်ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/မြို့မတောင်ရပ်၊ မင်္ဂလာဒီပ ရပ်ကွက်ရှိ မြေကွက်အမှတ်(ပ-၁၃၃၃)၊ ဧရိယာ ၀ ဒသမ ၁၄၆ ဧက၊ ဒေါက်တာသန်းဦး အမည်ပေါက် နှစ် ၃၀ အငှားဂရန်မြေကွက်အား ရန်ကုန်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၄၅၉၆/၂၀၁၀(၁၅-၁၂-၂၀၁၀)ဖြင့် ဒေါက်တာသန်းဦး၏ အထွေထွေကိုယ်စားလှယ်ရရှိထားသူ ဦးကျော်စွာမြင့် ၉/ပမန(နိုင်)၀၀၁၈၅၂ (ဘ)ဦးစိုးမြင့်မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# စကောကရင်စာပေသင်ကြားမှု အရည်အသွေးမြင့်မားရေး အလုပ်ရုံဆွေးနွေး

**ကျောက်တံခါး ဒီဇင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကရင်တိုင်းရင်းသားကလေးငယ်များအား ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှစ၍ ကျောင်းချိန်ပြင်ပအချိန်များတွင် စကောကရင်သူငယ်တန်းဖတ်စာများသင်ကြားရာ၌ အဆင်ပြေစေရေး အလုပ်ရုံဆွေးနွေးပွဲကို ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဂျူဘလီစံလှ၏ ညွှန်ကြားမှုဖြင့် ကျင်းပခဲ့သည်။

ကျောက်တံခါးမြို့နယ် ဗောဓိကွင်းကျေးရွာအုပ်စု ဖျံတလင်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဒီဇင်ဘာ ၂၄ ရက်က ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲတွင် ကျောက်တံခါးမြို့နယ်အရှေ့ခြမ်းရှိ အခြေခံပညာမူလတန်းနှင့် မူလတန်းလွန်ကျောင်း ၁၈ ကျောင်းမှ ကရင်တိုင်းရင်းသား မူလတန်းကျောင်းသား ကျောင်းသူ ၁၄၂၉ ဦးကို အခမဲ့စာပေသင်ကြားပေးနေသော ဆရာ ဆရာမ ၅၀ က စကောကရင်စာပေသင်ကြားမှု အရည်အသွေးမြင့်မားရေးဆိုင်ရာများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။



စကောကရင် စာပေသင်ကြားရေးတာဝန်ခံ အမကဘုရားငုတ်တိုကျောင်းအုပ်ကြီး ဦးစောဘေးလေဂျာန်က အခြေခံပညာသင်ရိုးညွှန်းတမ်း သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်ကော်မတီက ထုတ်ဝေသော စကောကရင်သူငယ်တန်းဖတ်စာစာအုပ်ဖြင့် စာပေသင်ကြားရာတွင် လွယ်ကူအဆင်ပြေစေရေး၊ စာပေသင်ကြားမှုအရည်အသွေးမြင့်မားရေးနှင့် သင်ကြားပြီး သင်ခန်းစာအခြေအနေများ ပြန်လည်သုံးသပ်ရေးတို့အတွက် ဆွေးနွေးခဲ့ကာ ဆရာဆရာမများကလည်း ပြန်လည်ဆွေးနွေးခဲ့ပြီး စကောကရင်စာပေပညာသင်ကြားမှု အရည်အသွေးမြင့်မားစေရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကို တစ်လတစ်ကြိမ် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**

# နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ပေး

**ဝက်လက် ဒီဇင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်အတွင်းရှိ ကျေးရွာများမှ နိုင်ငံသားစိစစ်ရေးကတ်ပြားမရရှိသေးသူများအား မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက မိုးပွင့်အဆင့်(၇)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးအပ်လျက်ရှိရာ ဒီဇင်ဘာ ၂၁ ရက်က ဟန်လင်းကျေးရွာမှ ဒေသခံပြည်သူ ၂၁၀ အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ပြည်သူ ၂၁၀ အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးပိုင်မြင့်၊ ရွှေဘိုခရိုင်ဦးစီးဌာနမှူး ဦးသန်းဝင်း၊ ဝက်လက်မြို့နယ်ဦးစီးဌာနမှူး ဦးမျိုးညွန့်၊ ဗီဒီယိုသရုပ်ဆောင်မင်းသား နေမင်း၊ သရုပ်ဆောင် ကင်းကောင်၊ ဒါရိုက်တာနေသူရိန်နှင့် စာရေးဆရာသိုးဆောင်းတို့က ပေးအပ်ခဲ့ကြသည်။ **နန်းမြင့်(ဝက်လက်)**

# ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကျင်းပ

**မိုးကုတ် ဒီဇင်ဘာ ၂၆**

မိုးကုတ်မြို့နယ် ပိန်းပြစ်ကျေးရွာအုပ်စု ပိန်းပြစ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ကျောင်းဆောင်အား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဒီဇင်ဘာ ၂၄ ရက်က ကျင်းပခဲ့သည်။

ကျောင်းဆောင်သစ်ဖွင့်ပွဲတွင် နီလာဌေးကျောင်းဆောင်သစ်နှင့် မိုးချယ်ရီကျောင်းဆောင်သစ် နှစ်ဆောင်ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘဌေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဥက္ကာ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းရွှေနှင့် အလှူရှင် ဦးဒေးဗစ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်ကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ ကျောင်းဆောင်များမှ နီလာဌေးနှစ်ထပ်ကျောင်းဆောင်သည် ပညာရေးဝန်ကြီးဌာန ခွင့်ပြုချထားရန်ပုံငွေမှ တစ်ထပ်ကျောင်းဆောင်ခွင့်ပြုထားမှုကို ကျောင်းအကျိုးတော်ဆောင်များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ငွေကျပ်သိန်း ၄၀၀ ထည့်ဝင်မှုနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က လိုအပ်သည့် ထပ်ပေါင်းလှူဒါန်းမှုဖြင့် ငွေကျပ်သိန်း ၆၀၀ ကျော် အကုန်အကျခံ ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် မိုးချယ်ရီကျောင်းဆောင်သည် အလှူရှင် ဦးဒေးဗစ်က ငွေကျပ်သိန်း ၆၀၀ အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် ကျေးရွာနေပြည်သူများ တက်ရောက်ခဲ့ကြသည်။ **နေဝါ(မိုးကုတ်)**



# ခေတ်မီလုံခြုံရေးဆိုင်ရာပစ္စည်းများပြပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲ နေပြည်တော်၌ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ကမ္ဘာ့လုံခြုံရေးဆိုင်ရာ အဆင့်မြင့်လျှပ်စစ်ပစ္စည်းများကို ပြည်တွင်းရှိမြန်မာနိုင်ငံ ကိုယ်စားလှယ်များက ပြခန်းပေါင်း ၁၀၀ ကျော် ပါဝင်ပြသမည့် အမျိုးသားလုံခြုံရေးဆိုင်ရာပစ္စည်းများပြပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော် MICC-2 ခန်းမ၌ ၂၀၁၅ ဇန်နဝါရီ ၉ ရက်မှ ၁၂ရက်အထိ လေးရက်တိုင်တိုင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ အမျိုးသားလုံခြုံရေး အဆင့်အတန်း ပိုမိုမြင့်မားလာစေရန်နှင့် ကမ္ဘာ့နောက်ဆုံးပေါ် လုံခြုံရေးပိုင်းဆိုင်ရာ စီမံခန့်ခွဲမှုများ၊ နည်းပညာများ၊ ခေတ်မီဆန်းသစ်ပစ္စည်းများကို ပြည်သူများ တွင်ကျယ်စွာသိရှိစေရန်အတွက် ပြပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

“ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ကမ္ဘာ့နိုင်ငံများရဲ့ နောက်ဆုံးပေါ် လုံခြုံရေးပိုင်းဆိုင်ရာပစ္စည်းတွေနဲ့ အီလက်ထရွန်နစ်ပစ္စည်းတွေကို မြန်မာပြည်သူတွေ တွင်တွင်ကျယ်ကျယ်သိစေ၊ သုံးစေချင်တဲ့ ရည်ရွယ်ချက်နဲ့ နေပြည်တော်မှာ ပထမဦးဆုံးအကြိမ် ပြုလုပ်ဖို့ရည်ရွယ်ခဲ့တာပါ။ နိုင်ငံအနေနဲ့လည်း ဘက်ပေါင်းစုံက ပွင့်လင်းမြင်သာလာပြီး စီးပွားရေးဆိုင်ရာ အရှိန်အဟုန်မြင့်လာတာကြောင့် လုံခြုံရေးပိုင်းဆိုင်ရာက အလွန်အရေးကြီးလာပါတယ်။ အခုလို ခေတ်နဲ့အညီ လုံခြုံရေးပိုင်းဆိုင်ရာပစ္စည်းတွေ အဆင့်မြင့်မြင့်ဝင်လာတော့ လုပ်ငန်းရှင်တွေအနေနဲ့ ယုံကြည်စိတ်ချစွာနဲ့ လုပ်ငန်းလုပ်ရတာပိုအဆင်ပြေစေဖို့ ရည်ရွယ်ပြီး ဒီပွဲကို ကျင်းပရတာဖြစ်ပါတယ်” ဟု ပွဲဖြစ်မြောက်ရေးကို ဦးဆောင်သည့် ဒေါက်တာဇာနည်မောင်မောင်က မီဒီယာရှင်းလင်းပွဲ၌ ပြောကြားသည်။

ပြပွဲတွင် လူ့စွမ်းအင်အရင်းအမြစ်ချွေတာရာရောက်ပြီး လုံခြုံစိတ်ချရသည့် CCTVများ၊ လုံခြုံရေးပိုင်းဆိုင်ရာ အဆင့်မြင့်လျှပ်စစ်ပစ္စည်းများ စသည်တို့ကို ပြသသွားမည်ဖြစ်ပြီး ခေတ်မီမော်ဒယ်ရှိုးများ၊ ဖျော်ဖြေရေးအစီအစဉ်များပါ ပါဝင်မည်ဖြစ်ကာ မည်သူမဆို အခမဲ့ လာရောက်လေ့လာနိုင်ကြောင်း သိရသည်။ **မောင်စိန်လွင်(မြန်မာ့အလင်း)**

# ကုန်စည်ပြပွဲကျင်းပရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များ အသင်းဖွဲ့စည်းမည်

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ပြောင်းလဲတိုးတက်လာသော စီးပွားရေးမူဝါဒများအရ ပြည်တွင်းပြည်ပ ကုန်စည်ပြပွဲများ၊ တွေ့ဆုံဆွေးနွေးပွဲများ ကျင်းပမှုမှာ တိုးတက်လာလျက်ရှိပြီး ကုန်စည်ပြပွဲများကျင်းပရန် ဝန်ဆောင်မှုပေးနေသော ကုမ္ပဏီနှင့် လုပ်ငန်းရှင်များလည်း ပိုမိုများပြားလာလျက်ရှိရာ အဆိုပါဝန်ဆောင်မှုပေးနေသော ကုမ္ပဏီများအနေဖြင့် ပြည်ပအတွေ့အကြုံများ ပိုမိုရရှိရေးအတွက် ဝန်ဆောင်မှုပေးနေသောလုပ်ငန်းရှင်များစုပေါင်း၍ မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲနှင့် ဆွေးနွေးပွဲများဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း(Myanmar International Exhibition & Conferences Association)ကို ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း သိရသည်။ အသင်းဝင်အဖြစ် ပါဝင်လိုသော လုပ်ငန်းရှင်များအနေဖြင့် ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် ကုန်စည်ပြပွဲကော်မတီ ဖုန်း-၀၁-၂၁၄၃၄၄(လိုင်းခွဲ ၃၀၁)သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(၀၃၃)**


## မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက် (MAPCO)

## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မြန်မာနိုင်ငံလယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်းလီမိတက် (MAPCO)လက်အောက်ရှိ မြောင်းမြဂုန်နီစက်ရုံနှင့် မအူပင်စက္ကူစက်ရုံများရှိ အသုံးမလိုတော့သည့် အောက်ဖော်ပြပါပစ္စည်းများကို မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုသော လုပ်ငန်းရှင်/ကုမ္ပဏီများမှ တင်ဒါပေးသွင်းနိုင်ပါသည်-

၂။ မြောင်းမြဂုန်နီစက်ရုံနှင့် မအူပင်စက္ကူစက်ရုံများရှိ ပစ္စည်းစာရင်း။

| စဉ် | မြောင်းမြဂုန်နီစက်ရုံ | | မအူပင်စက္ကူစက်ရုံ | |
|---|---|---|---|---|
| | အမျိုးအမည် | အရေအတွက် | အမျိုးအမည် | အရေအတွက် |
| ၁။ | သွံ့ခဲ | (၈၉.၀၂) တန် | သွံ့ပင်ခြောက် | (၃၇၇၇၂၇၂) ပိဿာ |
| ၂။ | မီးထိုးဆီ | (၄၉၄၅၄) ဂါလန် | မီးထိုးဆီ | (၄၅၇၈၅) ဂါလန် |
| ၃။ | သွံ့ကြမ်း | (၁၃၃) တန် | ကော့စတစ်ဆိုဒါ | (၇၉၈) တန် |
| ၄။ | - | - | ပျော့ဖတ်ချပ် | (၁၃၉.၈၅) တန် |

၃။ **တင်ဒါပေးသွင်းရမည့်ရက်** - ၉-၁-၂၀၁၅ရက်

၄။ **တင်ဒါပေးသွင်းရမည့်နေရာ** - မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက် အမှတ်(၁၀၀)၊ ဝါးတန်းလမ်းနှင့် ကမ်းနားလမ်း၊ ကွန်ကရစ်အမြန်လမ်းမကြီးဘေး၊ ဝါးတန်းဆိပ်ကမ်း၊ ဆိပ်ကမ်းနယ်မြေ၊ ရန်ကုန်၊ ဖုန်း-(၉၅-၁)၂၃၀ ၁၆၅၂~၅၃၊ ၂၃၀၁၈၂၆(၉၅-၉)၇၉၅၃၀၁၇၉၈ Fax: (၉၅-၁)၂၃၀ ၁၈၂၄

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ဖော်ပြပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 1B/6674, Ni SSAN ATLAS SGH 40, LIGHT TRUCK ယာဉ်လက်ဝယ်ရှိသူ NEWEST Garment.MFG Co,Ltd.က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ရန်ကုန်မြို့**

## တစ်ချက်တည်းကျင်းဝင်

မူဆယ်မြို့၊ ကချင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ ကြီးမှူးကျင်းပသော မနောပွဲနှင့် ကောက်သစ်စားပွဲအထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဒီဇင်ဘာ ၈ရက် နံနက်ပိုင်းက ရွှေသမင်ဂေါက်ကွင်းတွင် ပြုလုပ်ရာဒူဝါမာဒီး(မူဆယ်)က ကျင်းအမှတ် 5 Hole တွင် အကွာအဝေးကိုက်(၂၆၀)မှ တစ်ချက်တည်း ကျင်းဝင်ရိုက်ကြောင်းသိရသည်။ ဒုတ်အမျိုးအစား Titlist 712 ၊ ဒုတ်အမှတ် IRON No.8 ဂေါက်အမျိုးအစား Titlist, ဂေါက်သီးအမှတ် No.3 ဖြစ်ပြီးကစားဖော်များမှာ ဦးရောဘ(မန္တလေး)၊ ဦးဂွန်းလာ (ရွှေလီ)၊ ဦးဇော်ဘောမ်(ရွှေလီ)၊ ဦးအားဒူ(ရန်ကုန်)တို့ဖြစ်ကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8I/9673, Ka Ba Kyaw, M/B (4×2)® ယာဉ်လက်ဝယ်ရှိသူ ဦးစိုးကြည် ၁၄/ခနဖ(နိုင်)၀၈၆၂၂၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁၀/မြို့မမြောက်ရပ်၊ ရတနာဒီပရပ်ကွက်ရှိ မြေကွက်အမှတ်(ပ-၃၃၄၃၅)၊ ဧရိယာ ၀ဒသမ၀၅၅ ဧကရှိ ဦးအောင်သူ အမည်ပေါက် နှစ်၃၀အငှားဂရန် မြေကွက်အား နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၆၆၅/၂၀၁၁ (၁၇-၃-၂၀၁၁)ဖြင့် ဦးအောင်သူမှ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံထားရသူ ဦးအောင်မြင့်ထွန်း ၁၂/ကတတ(နိုင်)၀၀၁၂၉၅ (ဘ)ဦးအောင်လင်းမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် အတွက်မြေပုံ၊ မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည် တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

